# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော(အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၇၉ ခုနှစ် နတ်တော်လဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 22 November 2017 ၉၁၁၆


# (၁၃)ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် အပြန်အလှန်ဆွေးနွေးမှု ၉၀ ကျော် လုပ်ဆောင်နိုင်ခဲ့ ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအပြင် ပြည်သူများပါ အပြန်အလှန် အကျိုးကျေးဇူးများ ရရှိစေမည်

နေပြည်တော် နိုဝင်ဘာ ၂၁

(၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယနေ့အစည်းအဝေးအပြီးတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ သဏ္ဌာခန်းမ၌ ပြုလုပ်ခဲ့သည်။



(၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

သတင်းစာရှင်းလင်းပွဲတွင် (၁၃)ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က (၁၃) ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် အရေးပါသောကိစ္စများကို ဆွေးနွေးနိုင်ခဲ့ကြပါကြောင်း၊ မိမိ၏ ညာဘက်ဘေးတွင် ဘရပ်ဆဲလ်မြို့တွင် ကျင်းပမည့် (၁၂)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးကို ကိုယ်စားပြုမည့် အီးယူနိုင်ငံများ၏ကိုယ်စားလှယ် အက်စ်တိုးနီးယားနိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာ့ဗ်မက်ဆာဖြစ်ပြီး မိမိ၏ဘယ်ဘက်တွင် စပိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာအိုင်ဒယ်ဖွန်ဆိုကက်စထရို ဖြစ်ပါကြောင်း။

၂၀၁၉ ခုနှစ်တွင် ကျင်းပမည့် (၁၄)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို စပိန်က အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် အာရှနှင့်ဥရောပ ၅၁ နိုင်ငံမှ ကိုယ်စားလှယ် ၅၄ ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင် ၅၀၀ ကျော် တက်ရောက်ခဲ့ကြပါကြောင်း၊ ဤအစည်းအဝေးကို ကျင်းပခွင့်ရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

ယခုအစည်းအဝေးတွင် နှစ်နိုင်ငံအကြား အပြန်အလှန်ဆွေးနွေးမှု ၉၀ ကျော် လုပ်ဆောင်နိုင်ခဲ့ကြပါကြောင်း၊ (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမတိုင်မီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်ထိ ကျင်းပခဲ့ပါကြောင်း၊ မိတ်ဖက် ၅၃ နိုင်ငံကြား သဘောတူညီချက်ရအောင် ညှိနှိုင်းယူရသည့်ကိစ္စသည် အလွန်ခက်ခဲပါကြောင်း၊ အပြီးသတ်ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို ယမန်နေ့ညကထုတ်ပြန်ခဲ့ပြီး ယခုအတည်ပြုခဲ့ပါကြောင်း၊ ဥက္ကဋ္ဌ၏ထုတ်ပြန်ချက်ကို အေဆမ်ဝက်ဘ်ဆိုက်မှတစ်ဆင့် အားလုံးလေ့လာနိုင်အောင် တင်ထားပေးမည်ဖြစ်ပါကြောင်း။


စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆


**မြန်မာ-ဟန်ဂေရီ နှစ်နိုင်ငံဆက်ဆံရေး၊ ကုန်သွယ်မှုတိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရေး ဆွေးနွေး**


စာမျက်နှာ » ၃


**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟူပေပြည်နယ်ရှိ Three Gorges Dam အား ကြည့်ရှုလေ့လာ**


စာမျက်နှာ » ၃


**ပထမဆုံး အမှန်ကို အမြန်ဆုံးရေးသားဖော်ပြရပါမယ်၊ ပြီးတော့ သက်ဆိုင်ရာ နစ်နာသူတွေ၊ ဒီကိစ္စမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ မြန်မာတစ်မျိုးသားလုံးကို လူသိရှင်ကြား တရားဝင် ဝန်ချတောင်းပန်ရမယ်**


စာမျက်နှာ » ၆



KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

ကြေးမုံ

## ခိုင်မြဲသည့် မိတ်ဖက်သံယောဇဉ်

နိုင်ငံပေါင်း ၅၁ နိုင်ငံ၊ အဖွဲ့အစည်းကြီးနှစ်ခုနှင့် ပြည်တွင်း၊ ပြည်ပမီဒီယာသမား ၂၀၀ ကျော် ပါဝင်တက်ရောက်သည့် (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ယမန်နေ့က စတင်ကျင်းပရာ အေဆမ်အစည်းအဝေး၏ "ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်ဆက်ဆံမှုကို ခိုင်မြဲအောင် ဆောင်ရွက်ကြပါစို့"ဟူသော ဆောင်ပုဒ်အနှစ်သာရနှင့်အညီ ကျင်းပခဲ့သည်ကို တွေ့ရသည်။

အေဆမ်၏ မဏ္ဍိုင်သုံးရပ်ဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပညာရေးမဏ္ဍိုင်တို့ကို တန်းတူမိတ်ဖက်ဆက်ဆံမှု၊ အပြန်အလှန်လေးစားမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမှုဟူသော အဓိကအခြေခံမူသုံးရပ်ဖြင့် အစည်းအဝေးများတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ အစည်းအဝေးဖွင့်ပွဲနေ့တွင် အိမ်ရှင်နိုင်ငံ၏ခေါင်းဆောင်ဖြစ်သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကမ္ဘာကြီး၏ လက်ရှိဖြစ်ပေါ်နေသော စိန်ခေါ်မှုများနှင့် ထားရှိရမည့်မိတ်ဖက်ဆက်ဆံမှုတို့ကို ထုတ်ဖော်ပြောကြားခဲ့သည်။

ဖွံ့ဖြိုးပြီးနှင့် အင်အားကြီးနိုင်ငံများအပါအဝင် နိုင်ငံအားလုံးသည် အကျပ်အတည်း၊ အခက်အခဲများနှင့် ရင်ဆိုင်နေရပြီး မူဝါဒချမှတ်သူများအနေဖြင့် တစ်ဦး၏ အကျပ်အတည်း၊ အခက်အခဲများကို တစ်ဦးက နားလည်သဘောပေါက်အောင် ဖော်ဆောင်ပေးနိုင်မည်ဆိုပါက ကမ္ဘာကြီး၏ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် ပိုမိုလွယ်ကူထိရောက်နိုင်မည်ဟု ယုံကြည်ပါသည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

ကမ္ဘာပေါ်ရှိနိုင်ငံများသည် အကြောင်းတရားအမျိုးမျိုးတို့ကြောင့် အကျပ်အတည်းနှင့် အခက်အခဲများ တစ်မျိုးမဟုတ် တစ်မျိုး ကြုံတွေ့နေရသည်ကို မြင်တွေ့ကြားသိရမည် ဖြစ်သည်။ ယခုအခါ ကမ္ဘာ့နိုင်ငံအများစုမှာ မသေချာ မရေရာမှုများနှင့်အတူ မတည်မငြိမ်ဖြစ်မှုအနေအထားများကို ရင်ဆိုင်ကြုံတွေ့နေရသည်။ နိုင်ငံအများစု ကြုံတွေ့နေရသောပြဿနာများတွင် ပဋိပက္ခများကြောင့် ခြိမ်းခြောက်မှုအသစ်များ ဖြစ်ပေါ်ခဲ့ပြီး ဖြစ်ပွားရခြင်းအရင်းအမြစ်မှာ တရားမဝင် ရွှေ့ပြောင်းသွားလာခြင်း၊ အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုပျံ့နှံ့လာခြင်း၊ လူမှုရေးဆိုင်ရာ သဟဇာတမဖြစ်မှုနှင့် နျူကလီးယားခြိမ်းခြောက်မှု စစ်ပွဲအန္တရာယ်များလည်း ပါဝင်လာသည်ဟု သိရသည်။

ပဋိပက္ခများသည် လူ့အသိုက်အဝန်းအတွင်း ငြိမ်းချမ်းမှုကို ထိခိုက်ပျက်ပြားစေပြီး နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် ဆင်းရဲမွဲတေမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခြင်းကို ဖြစ်စေသည့်အပြင် တစ်ဦးနှင့်တစ်ဦး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ယုံကြည်မှုလျော့နည်းပြီး ဆက်ဆံရေးကွာဟစေပါသည်။ ပဋိပက္ခနှင့် မတည်ငြိမ်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအား ဆုတ်ယုတ်ထိခိုက်စေနိုင်သည်ကို မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများ၏ မျက်မှောက်ဖြစ်ရပ်များက ထင်ဟပ်ဖော်ပြနေပါသည်။

အေဆမ်အစည်းအဝေးများ ကျင်းပပြုလုပ်ခြင်းသည် ယင်းကဲ့သို့ အခက်အခဲများကို ပူးပေါင်းဖြေရှင်းပေးနိုင်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ယုံကြည်ပါသည်။ မိတ်ဖက်သံယောဇဉ်ဖြင့် တစ်ဦးအခက်အခဲကို တစ်ဦးတစ်ဖွဲ့က ဖြေရှင်းပေးနိုင်ရေးအတွက် ရည်ရွယ်ထားသည်ဟု သိရှိနားလည်ထားပါသည်။ အေဆမ်အစည်းအဝေးမှ ပြဋ္ဌာန်းထားသော ဆောင်ပုဒ်နှင့် အဓိကအခြေခံမူများနှင့်အညီ အပြန်အလှန်နားလည်မှုရှိခြင်းကို တည်ဆောက်ခြင်းဖြင့် ခိုင်မာသည့် မိတ်ဖက်သံယောဇဉ်များကို ဖော်ဆောင်နိုင်ကာ ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ အေဆမ်အစည်းအဝေး၏ဆောင်ပုဒ်ကို ခိုင်မာစွာ ဖော်ဆောင်နိုင်ရန်အတွက် အပြန်အလှန်နားလည်မှုရှိသည့် ခိုင်မာသော မိတ်ဖက်ဆက်ဆံရေး၊ မိတ်ဖက်သံယောဇဉ်များကို တည်ဆောက်ကြရမည်ဖြစ်သည်။ အစိုးရအချင်းချင်းသာမက ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူများအချင်းချင်းအကြား မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို ယုံကြည်မှုအပြည့်ဖြင့် ဆက်လက်မြှင့်တင်ပျိုးထောင်ကာ မိတ်ဖက်ဆက်ဆံရေးအသစ်များ ခိုင်မာစွာတည်ဆောက်ကြဖို့ အလေးအနက်ဆန္ဒပြုအပ်ပါသည်။ ။

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ (၁၃)ကြိမ်မြောက် အစည်းအဝေး ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၁**



ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ (၁၃)ကြိမ်မြောက် အစည်းအဝေး (ဒုတိယနေ့)ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် တပ်မတော်သားကိုယ်စားလှယ်များ၊ JMC-U ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ အရပ်သားကိုယ်စားလှယ်များ၊ JMC-S နှင့် JMC-L တို့မှ ကော်မတီဝင်များ၊ နည်းပညာ အထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ထုံးလုပ်နည်း(SOP) များအား ဆွေးနွေးအတည်ပြုခြင်း၊ အထွေထွေဆွေးနွေးမှုများအဖြစ် JMC-L (လင်းခေး)တွင် အဖွဲ့ဝင်တစ်ဦးစီ တိုးမြှင့်ရေးတင်ပြခြင်း၊ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်အတွက် ရန်ပုံငွေထောက်ပံ့သည့် အလှူရှင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ပြီး ယင်းအဖွဲ့တစ်ဖွဲ့ချင်းစီအတွက် အားနည်းချက်၊ အားသာချက်များတင်ပြခြင်း၊ TSC ဝန်ထမ်းများအတွက် လုပ်ငန်းခွင် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲခြင်း၊ JMC- TSC ဌာနအလိုက် လုပ်ငန်းတာဝန်များနှင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ တာဝန်ဝတ္တရားများ တင်ပြခြင်း၊ ပြည်သူလူထုတွေ့ဆုံပွဲများအား JMC ရုံးစိုက်ရာ မြို့များတွင် ကျင်းပရန် တင်ပြခြင်း၊ မိုင်းရှင်းလင်းရေး ကိစ္စရပ်တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ အစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ ကျင်းပလျက်ရှိပြီး ဆွေးနွေးတင်ပြရန် ကျန်ရှိသော အချက်များကို အစည်းအဝေး တတိယနေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

## ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံပေး

**ကလိန်အောင် နိုဝင်ဘာ ၂၁**

ကလိန်အောင်မြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူများအား နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် အာဟာရကျွေးမွေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို ကလိန်အောင်မြို့ အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်၊ ရဲစခန်းမှူး ရဲအုပ် တင်ကိုကိုနှင့် ကျေးလက်ကျန်းမာရေးဌာနမှ ဆရာမ ဒေါ်ခင်သစ်ဦးနှင့်အဖွဲ့၊ ကလိန်အောင်မြို့ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ခင်ဦးနှင့်အဖွဲ့၊ ပညာရေးဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မိုးမိုးခိုင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိကာ ကျောင်းအခြေပြု ပထမအကြိမ် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ကလိန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၇၃၇ ဦးတို့အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လုပ်ငန်းစဉ် နှစ်မျိုးဖြစ်သည့် ကျောင်းအခြေပြုနှင့် ပြည်သူအခြေပြု ဆောင်ရွက်ခြင်းဖြစ်ပြီး ပထမအကြိမ်အဖြစ် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ အသက် ၅ နှစ်မှ ၁၅ နှစ်အထိ ကလေးများအား ထိုးနှံပေးသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အတွင်း အသက် ၉ လမှ ၅ နှစ်အထိ ကလေးငယ်များအား ထိုးနှံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်(ရွှေဈေး) ၉၃၀၅၀၀ - ၉၃၂၀၀၀၊ မန္တလေး(ရွှေဈေး) ၉၃၀၅၀၀ - ၉၃၁၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| က) ဒီဇယ် | တစ်လီတာ | ၇၅၅/၇၆၅ ကျပ်၊ | ၇၉၅ /၈၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၀၅/၈၁၅ ကျပ်၊ | ၉၁၅/ ၉၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၆၀/၇၇၅ ကျပ်၊ | ၈၃၀/ ၈၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၇၅/၇၈၅ ကျပ်၊ | ၈၁၅/ ၈၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၂၅/၇၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၀/၇၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၂၅/ ၇၃၅ ကျပ်

***၁၄-၁၁-၂၀၁၇ ရက်နေ့မှ ၂၀-၁၁-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၂၄ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၅၁ ကျပ်၊ ဒီဇယ် တစ်လီတာ ၇၃၀ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၆ ကျပ် ဖြစ်ပါသည်။***(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၃. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၅. ၈၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၆၀၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၉. ၁၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၉၈၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၃. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၅၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၁. ၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၆. ၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



# မြန်မာ-ဟန်ဂေရီ နှစ်နိုင်ငံဆက်ဆံရေး၊ ကုန်သွယ်မှုတိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Peter Szijjarto နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် မြန်မာ-ဟန်ဂေရီ နှစ်နိုင်ငံဆက်ဆံရေး၊ ကုန်သွယ်မှုတိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရေးနှင့် ပညာရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟူပေပြည်နယ်ရှိ Three Gorges Dam အား ကြည့်ရှုလေ့လာ



**နေပြည်တော် နိုဝင်ဘာ ၂၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ် Gen. Li Zuocheng ၏ ဖိတ်ကြားချက်အရ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တရုတ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံ ယိချန်းမြို့ရှိ Sanxia လေဆိပ်သို့ရောက်ရှိကြရာ ဟူပေပြည်နယ် စစ်ဒေသ၊ စစ်ဒေသမှူး Maj. Gen. Ma Tao နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ အရာရှိကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးချုပ် တင့်ဆန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဟူပေပြည်နယ် Sandouping မြို့ရှိ Three Gorges Dam သို့ သွားရောက်ကြည့်ရှုလေ့လာသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် Three Gorges Left Bank Power Station သို့ ရောက်ရှိကြပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။ **(ယာပုံ)**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဟူပေပြည်နယ် စစ်ဒေသ၊ စစ်ဒေသမှူး Maj. Gen. Ma Tao က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# နှစ်နိုင်ငံဆက်ဆံရေး၊ လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှ-ပစိဖိတ်ဌာန ညွှန်ကြားရေးမှူး Mrs.Ina Lepel နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် အမျိုးသားလွှတ်တော် (J)ဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် နယူးဇီလန်နိုင်ငံ ပါလီမန်ဆိုင်ရာ နိုင်ငံခြားရေး ဒုတိယဝန်ကြီးတို့တွေ့ဆုံ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် နယူးဇီလန်နိုင်ငံ ပါလီမန်ဆိုင်ရာ နိုင်ငံခြားရေး ဒုတိယဝန်ကြီး Mr. Fletcher Tabuteau အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(၁) ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-နယူးဇီလန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာစာမျက်နှာများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန် သံအမတ်ကြီး မစ္စတာ စတီဗင်မာရှယ်တို့သည် မြန်မာနိုင်ငံနှင့် နယူးဇီလန် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပုံမှန်ဆွေးနွေးပွဲ ထူထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ကြသည်။ **(အောက်ပုံ)**

**သတင်းစဉ်**



# အာရှ-ဥရောပဖောင်ဒေးရှင်း ပညာရေးအစီအစဉ်များတွင် မြန်မာနိုင်ငံမှ လူငယ်များ ပါဝင်လျှောက်ထားနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၁**

အာရှ-ဥရောပဖောင်ဒေးရှင်း(ASEF)၏ ပညာရေးအစီအစဉ်များတွင် မြန်မာနိုင်ငံမှ လူငယ်များ ပါဝင်လျှောက်ထားနိုင်ကြောင်း အာရှ-ဥရောပဖောင်ဒေးရှင်း ပညာရေးဌာနမှ သိရပြီး အဆိုပါအစီအစဉ်များအတွက် မြန်မာနိုင်ငံမှ ကိုယ်စားပြုတစ်ဦးစီ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံက လူငယ်တွေအနေနဲ့ အာရှ-ဥရောပဖောင်ဒေးရှင်း ပညာရေးအစီအစဉ်တွေမှာ ပါဝင်လျှောက်ထားလို့ရပါတယ်၊ မိတ်ဖက်နိုင်ငံ ၅၁ နိုင်ငံကနေ ကိုယ်စားပြုတစ်ဦးစီ ရွေးချယ်နေပါတယ်၊ နေထိုင်သွားလာစားသောက်ရေးအတွက် စီစဉ်ပေးမှာဖြစ်ပါတယ်၊ မြန်မာနိုင်ငံကနေလည်း ကိုယ်စားပြုတစ်ဦးကို ရွေးချယ်သွားမှာဖြစ်တဲ့အတွက် လျှောက်ထားနိုင်ပါတယ်၊ ဖောင်ဒေးရှင်းရဲ့ Facebook Page ဖြစ်တဲ့ ASEFEdu မှာ လျှောက်ထားနိုင်တဲ့ အစီအစဉ်တွေကို ဖော်ပြပေးထားပါတယ်။

အာရှ-ဥရောပဖောင်ဒေးရှင်းနဲ့ မြန်မာနိုင်ငံက ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လူငယ်အစီအစဉ်တစ်ခုအဖြစ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမတိုင်ခင်မှာ 8th Model ASEM အစည်းအဝေးကို ပြုလုပ်ခဲ့ပါတယ်၊ ဒီအစည်းအဝေးကို အခြေခံပြီး အေဆမ်မိတ်ဖက်နိုင်ငံတွေရဲ့ ကိုယ်စားပြု လူငယ်ကျောင်းသားတွေ အေဆမ်လုပ်ငန်းစဉ်မှာ တစ်နည်းအားဖြင့် ပါဝင်စေခြင်းလည်း ဖြစ်ပါတယ်"ဟု အာရှ-ဥရောပဖောင်ဒေးရှင်း ပညာရေးဌာနမှ Ms.Nathalie Sajda က ပြောကြားသည်။

အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးတစ်ခုအဖြစ် အေဆမ်အဖွဲ့ဝင် ၅၁ နိုင်ငံမှ ကိုယ်စားပြုလူငယ် ၁၅၀ ကျော်ပါဝင်သည့် 8th Model ASEM ကို ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကျင်းပခဲ့ပြီး အဆိုပါလူငယ်များ၏ သဘောထားအမြင်များကို ကိုယ်စားပြုလူငယ်နှစ်ဦးက အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် တင်ပြဆွေးနွေးခဲ့သည်။ **ရှင်မင်း**

# ဒေသတွင်းရှိ အိမ်နီးချင်းလေးနိုင်ငံတို့ နယ်စပ်ဒေသ တပ်အင်အား စစ်ဆေးမှုပြုလုပ်ခဲ့

**ဘေဂျင်း နိုဝင်ဘာ ၂၁**

ကာဇက်စတန်၊ ကာဂျီစတန်၊ ရုရှားနှင့် တာဂျီကစ္စတန်နိုင်ငံတို့နှင့် ရရှိခဲ့သော နယ်စပ်ဒေသ တပ်ဖွဲ့အင်အား လျှော့ချရေး သဘောတူညီချက်များပါ တာဝန်ဝတ္တရားများနှင့်အညီ ယခုနှစ်၏ နောက်ဆုံးအကြော့ တပ်အင်အား စစ်ဆေးရေးလုပ်ငန်းမှာ ပြီးစီးအောင်မြင်ခဲ့ပြီ ဖြစ်ကြောင်း တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် (ပီအယ်လ်အေ) က ထုတ်ဝေသော ပီအယ်လ်အေ နေ့စဉ်သတင်းစာက နိုဝင်ဘာ ၂၁ ရက်တွင် ရေးသားဖော်ပြသည်။

**စစ်ဆေး**

တရုတ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် အဆိုပါနိုင်ငံ လေးနိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့တစ်ဖွဲ့နှင့်အတူ ဩဂုတ်လ လယ်အတွင်း သက်ဆိုင်ရာနိုင်ငံများ၏နယ်စပ် ဒေသ ကာကွယ်ရေးတပ်ဖွဲ့များ (နယ်ခြားစောင့်တပ်ဖွဲ့များ) ကို အပြန်အလှန် စစ်ဆေးခဲ့ကြောင်း သတင်းစာတွင် ဖော်ပြထားသည်။

နယ်စပ်ဒေသများတစ်လျှောက် စစ်ဒေသအတွင်း ယုံကြည်မှု တည်ဆောက်ရေးဆိုင်ရာ သဘောတူညီချက်ဟု အမည်ပေးထားသော စာချုပ်ကို တရုတ်နိုင်ငံနှင့် အဆိုပါ နိုင်ငံလေးနိုင်ငံတို့က ၁၉၉၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ နယ်စပ်ဒေသများရှိ စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့များ အပြန်အလှန် လျှော့ချရေး အမည်ရှိ သဘောတူစာချုပ်ကို ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

'ရှန်ဟိုင်း-၅' လုပ်ငန်းစဉ်အရ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ယင်းသဘောတူညီချက်များ ရရှိခဲ့ကြခြင်းဖြစ်ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထူထောင်ရေးအတွက် ခိုင်မာသော အုတ်မြစ်ကို ချမှတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။



ရှင်ကျန်းဝေဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ရဲတပ်ဖွဲ့ဝင်များ တရုတ်-ကာဇက်စတန်နယ်စပ်၌ ကင်းလှည့်ကြစဉ်။

သဘောတူညီချက်များနှင့်အညီ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်စုတာကာလပတ်လုံး တွေ့ဆုံဆွေးနွေးမှု အကြိမ်ပေါင်း ၃၀ ကျော်၊ နယ်စပ်ဒေသများတစ်လျှောက်၌ အပြန်အလှန် တပ်စစ်ဆေးမှု အကြိမ်ပေါင်း ၁၄၀ ကျော် ပြုလုပ်နိုင်ခဲ့ကြောင်း၊ တရုတ်နှင့် အိမ်နီးချင်းနိုင်ငံ လေးနိုင်ငံတို့အကြား ထိစပ်နေသာ နယ်စပ်ဒေသမှာ ကီလိုမီတာ ၇၆၀၀ ကျော် ရှိကြောင်း သတင်းစာက ရေးသားဖော်ပြသည်။

**လည်ပတ်ခွင့်ပြု**

လက်ရှိအနေအထားအရ သဘောတူညီချက်များနှင့် အကျုံးဝင်သော နယ်စပ်ဒေသများ၌ သက်ဆိုင်ရာနိုင်ငံ၏ စစ်သည်အင်အား၊ လက်နက်အင်အား၊ စစ်ရေးနည်းပညာနှင့် စစ်ရေးကိရိယာများ အင်အားတို့မှာ အများဆုံး ခွင့်ပြုပေးနိုင်သော ပမာဏအောက်တွင်သာ ရှိနေကြောင်း၊ နိုင်ငံများအချင်းချင်း နယ်စပ်ဒေသ ကာကွယ်ရေးစခန်းများနှင့် နယ်စပ်မြို့ကြီးများသို့ အပြန်အလှန် လည်ပတ်ခွင့်ပြုထားပြီး နိုင်ငံပေါင်းစုံမှ တပ်ဖွဲ့ဝင်များ၏ စာပေနှင့် အားကစားပြိုင်ပွဲများ၊ စစ်ရေးလေ့ကျင့်မှုများ၊ စစ်ရေးစွမ်းရည်ပြပွဲများကိုလည်း ပြုလုပ်ခဲ့ကြောင်း သတင်းစာတွင် ဖော်ပြထားသည်။

**ဆင်ဟွာ။**

## ကမ္ဘောဒီးယား အဓိကအတိုက်အခံပါတီအား ဖြိုခွင်းမှုကို ဆွီဒင် ဆန့်ကျင် အထောက်အပံ့အချို့ ရပ်ဆိုင်းမည်ဟုဆို

**ဖနောင်ပင် နိုဝင်ဘာ ၂၁**

ကမ္ဘောဒီးယားနိုင်ငံသို့ ပေးအပ်နေသည့် ပညာရေးနှင့် သုတေသနလုပ်ငန်းဆိုင်ရာ ထောက်ပံ့ပေးနေမှုမှအပ ထောက်ပံ့မှုအချို့ကို ရပ်ဆိုင်းမည်ဟု ဆွီဒင်နိုင်ငံက နိုဝင်ဘာ ၂၁ ရက်တွင် ပြောကြားလိုက်သည်။

ကမ္ဘောဒီးယားအစိုးရ၏ ပန်ကြားချက်အရ အဓိကအတိုက်အခံပါတီကို မတရားသင်းအဖြစ် ကြေညာရန် တရားရုံးချုပ်က ဆုံးဖြတ်ခဲ့ပြီးနောက် ယင်းနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များအတွက် ထောက်ပံ့ပေးမှုများကို ရပ်ဆိုင်းမည်ဟု ဆွီဒင်အစိုးရအဖွဲ့က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ သက်တမ်းရင့်ဝန်ကြီးချုပ် ဟွန်ဆန်က ၎င်း၏ အဓိကပြိုင်ဘက်ဖြစ်သူကို ဖမ်းဆီးထားခြင်း၊ အတိုက်အခံပါတီအား နိုင်ငံရေးအရ ဖြိုခွဲခြင်း၊ လူ့အခွင့်အရေးလှုပ်ရှားသည့် အုပ်စုများနှင့် လွတ်လပ်သည့်သတင်းမီဒီယာများအား တိုက်ခိုက်ခြင်း စသည့် နိုင်ငံရေးဖြိုခွင်းမှုများ ပြုလုပ်ခြင်းကို ကန့်ကွက်သည့် အနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများထဲမှ ဆွီဒင်နိုင်ငံက ယင်းသို့ တုံ့ပြန်ခြင်း ဖြစ်သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ကမ္ဘောဒီးယားအမျိုးသားကယ်တင်ရေး ပါတီအား တရားရုံးချုပ်က ပိတ်ပင်လိုက်ပြီးနောက် အမေရိကန်နိုင်ငံက ကမ္ဘောဒီးယားနိုင်ငံသို့ ရွေးကောက်ပွဲ ရန်ပုံငွေ ထောက်ပံ့ပေးခြင်းကို ရပ်ဆိုင်းခဲ့ပြီး အခြားအရေးယူမှုများ ဆက်လက်ပြုလုပ်မည်ဟု ပြောကြားခဲ့သည်။ အမေရိကန်နည်းတူ ဥရောပသမဂ္ဂကလည်း အရေးယူမှုများ ပြုလုပ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

**ဆင်ဟွာ။**



ကာဒစ္စတန်ဒေသရှိ မြို့ကြီးတစ်မြို့ဖြစ်သော ဆူလေမာနီယာမြို့ကို တွေ့ရစဉ်။

## ကာဒစ္စတန်ဒေသ ပြည်သူ့ဆန္ဒခံယူပွဲ ဥပဒေနှင့်မညီဟု အီရတ်တရားရုံးချုပ်ဆုံးဖြတ်

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၁**

တစ်ဝက်တစ်ပြက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော ကာဒစ္စတန်ဒေသ၌ လွတ်လပ်ရေး ကြေညာမှုကို ဦးတည်သည့် ပြည်သူ့ဆန္ဒခံယူပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိဟု အီရတ်ဖက်ဒရယ်တရားရုံးတော်က ဆုံးဖြတ်လိုက်ကြောင်း အီရတ်နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက နိုဝင်ဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ကာဒစ္စတန်ဒေသနှင့် ယင်းဒေသပြင်ပ အငြင်းပွားဖွယ်ရာ နယ်မြေတို့၌ စက်တင်ဘာ ၂၅ ရက်က ပြုလုပ်ခဲ့သော ပြည်သူ့ဆန္ဒခံယူပွဲသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိဟု အီရတ်ဖက်ဒရယ်တရားရုံးချုပ်က ဆုံးဖြတ်လိုက်ကြောင်း ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

အဆိုပါ ပြည်သူ့ဆန္ဒခံယူပွဲ၏ ရလဒ်နှင့် အကျိုးသက်ရောက်မှုတို့ကို ဥပဒေနှင့်အညီ ပယ်ဖျက်ကြောင်း ဖက်ဒရယ်တရားရုံးချုပ်၏ စီရင်ချက်တွင် ဖော်ပြထားသည်။

အငြင်းပွားဖွယ်ရာ ပြည်သူ့ဆန္ဒခံယူပွဲကို ကျင်းပခဲ့ပြီးနောက် အီရတ်ဗဟိုအစိုးရအဖွဲ့နှင့် ကာဒစ္စတန် ဒေသခေါင်းဆောင်များအကြား တင်းမာမှုများ ပေါ်ထွက်ခဲ့သည်။

**ဆင်ဟွာ။**

## တရုတ်နိုင်ငံလုပ် အရပ်ဘက်သုံး ရဟတ်ယာဉ် အေစီ-၃၁၂ အီး ကုန်းပြင်မြင့်ဒေသ၌ စမ်းသပ်ပျံသန်းမှုများ ပြီးစီး

**ကူမင်း နိုဝင်ဘာ ၂၁**

တရုတ်နိုင်ငံတွင် ထုတ်လုပ်သည့် အရပ်ဘက်သုံး အေစီ-၃၁၂ အီး အမျိုးအစား ရဟတ်ယာဉ်၏ ကုန်းပြင်မြင့်ဒေသ စမ်းသပ်ပျံသန်းမှုအားလုံး ပြီးစီးသွားပြီဖြစ်ကြောင်း ယင်းရဟတ်ယာဉ်ကို ထုတ်လုပ်ခဲ့သည့် တရုတ်လေကြောင်း စက်မှုကော်ပိုရေးရှင်း (အေဗွီအိုင်စီ)က နိုဝင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။ အေစီ-၃၁၂ အီး ရဟတ်ယာဉ် ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းမှုကို ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်းက ပြုလုပ်ခဲ့သည်။

အင်ဂျင်နှစ်လုံးတပ် အပေါ့စား ရဟတ်ယာဉ်၏ ကုန်းပြင်မြင့်ဒေသ စမ်းသပ်ပျံသန်းမှုကို တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ ၃၂၉၃ မီတာအမြင့်၌ တည်ရှိသော လေဆိပ်ဖြစ်သည့် နင်လန်လုဂု လေဆိပ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အေရီရယ် ၂ အိတ်ချ် အမျိုးအစား အင်ဂျင်များ တပ်ဆင်ထားသည့် အေစီ-၃၁၂ အီး ရဟတ်ယာဉ်သည် အမြင့်ပျံသန်းမှုဆိုင်ရာ လိုအပ်ချက်အားလုံးကို အပြည့်အဝ စမ်းသပ်ခဲ့ပြီးဖြစ်ကြောင်း တရုတ်လေကြောင်းစက်မှုကော်ပိုရေးရှင်းက ပြောကြားသည်။

ကုန်းပြင်မြင့်ဒေသ၏ ပတ်ဝန်းကျင်အနေအထား အမျိုးမျိုးတွင် အေစီ-၃၁၂ အီး ရဟတ်ယာဉ်က စွမ်းဆောင်ရည် ပြည့်ဝစွာ ပျံသန်းခဲ့ကြောင်း၊ ကုန်းပြင်မြင့်ဒေသများ၌ အရေးပေါ် ရှာဖွေရေးနှင့် မြေလျှင်ဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ယင်းရဟတ်ယာဉ်ကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း ရဟတ်ယာဉ် ပုံစံထုတ်လုပ်ရေးအဖွဲ့ အကြီးအကဲ လီရှန်းဝေက ပြောကြားသည်။

အေစီ-၃၁၂ အီး ရဟတ်ယာဉ်သည် ကုန်တန်ချိန် ၁ ဒသမ ၇ တန်အထိ သယ်ဆောင်နိုင်ကြောင်း၊ ယာဉ်အလေးချိန်နှင့် ကုန်အလေးချိန် စုစုပေါင်း ၄ ဒသမ ၂၅ တန်ဖြင့် ဝေဟင်အတွင်းသို့ ပျံတက်နိုင်ပြီး ခရီးသည် ကိုးဦး လိုက်ပါနိုင်ကြောင်း သိရသည်။

အေစီ-၃၁၂ အီး ရဟတ်ယာဉ်သည် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၆၃၀၀ အထိ ပျံသန်းနိုင်သည်။ ထို့အပြင် ကုန်စည်အလေးချိန် ကီလိုဂရမ် ၅၀၀ အထိကို တင်ဆောင်ကာ ကီလိုမီတာ ၅၀၀ အကွာအဝေးကို အမြင့်မီတာ ၅၀၀၀ မှ ပျံသန်းနိုင်သည်။ ယင်းအမျိုးအစား ရဟတ်ယာဉ်၏ အထူးသီးသန့် ပုံစံကွဲလေးမျိုးကို ထုတ်လုပ်သွားမည်ဖြစ်ပြီး အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ရှာဖွေရေး၊ ကယ်ဆယ်ရေးလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းဆိုင်ရာ သယ်ယူပို့ဆောင်ရေးနှင့် လုံခြုံရေးလုပ်ငန်းတို့အတွက် အသုံးပြုနိုင်မည် ဖြစ်သည်။

ရဟတ်ယာဉ်ထုတ်လုပ်သည့် တရုတ်လေကြောင်းစက်မှုကော်ပိုရေးရှင်း (အေဗွီအိုင်စီ) သည် ကမ္ဘာ့ထိပ်တန်းရဟတ်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ပါဝင်ပြီး တစ်နှစ်တာ ထုတ်လုပ်မှုမှာ အစင်းရေ ၃၀၀ ကျော်ရှိသည်။

**ဆင်ဟွာ။**



❂ ငွေတိုက်စာချုပ်မှ

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်သက်ခိုင်က တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းနှင့် အခြေခံအဆောက်အအုံ ဖြစ်ပေါ်တိုးတက်မှုအရှိန်အဟုန်ကို မထိခိုက်စေဘဲ ဘတ်ဂျက်လိုငွေ လျှော့ချနိုင်ရန် အချက် နှစ်ချက် အကြံပြုဆွေးနွေးခဲ့ပါကြောင်း၊ ယင်းအချက် နှစ်ချက်စလုံးသည် လက်ရှိအခြေအနေနှင့် ဆီလျော်ညီညွတ်မှုရှိပြီး မိမိတို့ပြည်ထောင်စုအစိုးရအဖွဲ့မှ ဖော်ဆောင်နေသည့် လုပ်ငန်းစဉ်များနှင့်လည်း တူညီမှုရှိပါကြောင်း။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို၏ ဆွေးနွေးချက်များတွင် အဓိကအားဖြင့် သုံးစွဲနေသည့်နေရာတွင် မဟာဗျူဟာကျကျ စိစစ်သုံးစွဲရေးကိစ္စ၊ ငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်များကို ပြည်သူများထံ များများရောင်းချရေးကိစ္စ၊ အခွန်စနစ်ကို ပြည်သူများ သဘောပေါက်နားလည်အောင်ပြုလုပ်ရေး၊ ကုန်သွယ်လုပ်ငန်းခွန်၏ Base ကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေရန် ပြုလုပ်ရေး၊ အခွန်များကို မည်သို့သုံးစွဲမည်ကို ပွင့်လင်းမြင်သာမှုရှိအောင် ချပြရေး၊ အဂတိလိုက်စားမှုများကို ပြင်းထန်စွာအရေးယူရေးတို့ ပါဝင်သည်ကို တွေ့ရပါကြောင်း၊ ယင်းဆွေးနွေးချက်များသည် အခြေအနေမှန်များကို ထင်ဟပ်ဖော်ပြနိုင်သည့်အချက်များဖြစ်သည့်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အစီအစဉ်များ ရှိပါကြောင်း။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီး ထောက်ပြဆွေးနွေးခဲ့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ချေးငွေကျပ် ၅၇၆ ဒသမ ၂၅၄ ဘီလီယံကို သက်ဆိုင်ရာနှစ်တွင်သာ ပေးဆပ်သင့်ကြောင်းအချက်သည် မှန်ကန်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စုစုပေါင်း ကျပ် ၂၉၆၅ ဒသမ ၉ ဘီလီယံ ချေးယူခဲ့ပြီး ယင်းဘဏ္ဍာရေးနှစ်အတွင်း ပိုငွေဖြစ်ပေါ်ခြင်းမရှိသည့်အတွက် ပြန်လည်ရွေးနုတ်နိုင်မှုမရှိခဲ့ခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းခြင်းကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက်မှ တင်ပြရခြင်းသည် ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းသို့ အဝင်၊ အထွက် စာရင်းများကို နှစ်ချုပ်စာရင်းပိတ်ခြင်း၊ ဗဟိုဘဏ် ဒါရိုက်တာဘုတ်အဖွဲ့ အတည်ပြုချက်ရယူခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့အကြား အပြန်အလှန်ညှိနှိုင်းရခြင်းတို့ကြောင့် ဘဏ္ဍာရေးနှစ်ကုန်ရှိ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ ပိုငွေ၊ လိုငွေ အခြေအနေကို ဖွန်လ လဆန်းခန့်မှ သိရှိရ၍ဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျန်ရှိသည့် အချိန်အတွင်း ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းလိုငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေချေးယူခြင်းဖြင့် ဖြည့်ဆည်းခြင်းကို ရည်မှန်းထားသည့်အတိုင်း ဖြစ်ပေါ်စေရန် ဂရုပြုဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ငွေချေးယူရန် လျာထားငွေကျပ် ၁၂၃၆ ဘီလီယံထက် ကျပ် ၅၅၃ ဒသမ ၅၃၄ ဘီလီယံ ကျော်လွန်ချေးယူရမှုကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရကိုယ်စား လေးစားစွာ တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက ဆက်လက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယကက ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် စာရင်းအင်းဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံနယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးမူဘောင် သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရှင်းလင်းတင်ပြရာတွင် မူဘောင်သဘောတူစာချုပ်၏ ရည်ရွယ်ချက်အနေဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား မော်တော်ယာဉ်များဖြင့် နယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်မှု လွယ်ကူစေရန်နှင့် သဘောတူစာချုပ်တွင် ဖော်ပြထားသည့် မော်တော်ယာဉ်များဖြင့် ခရီးသည်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးတို့အတွက် ပို့ဆောင်ရေးကဏ္ဍ၊ အခွန်ကဏ္ဍ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ရောဂါထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကဏ္ဍလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရန်တို့ဖြစ်ပါကြောင်း၊ အဓိကအားဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံမျှော်မှန်းချက် ရှိပါကြောင်း၊ ဟန္ဒိုင်းလုပ်ငန်း စီမံကိန်း၊ ဗီယန်ရှင်းလုပ်ငန်း စီမံကိန်း၊ ဘရူနိုင်းလုပ်ငန်း စီမံကိန်းတို့ရှိပါကြောင်း၊ မူဘောင်သဘောတူစာချုပ်ကို ၂၀၁၉ ခုနှစ်တွင် အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

ထိုသို့ အကောင်အထည်ဖော်ရာတွင် အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေး၊ အာမခံ၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသော ဌာနများပါဝင်ပါကြောင်း၊ အဆိုပါဌာနများ အဆင်သင့်ဖြစ်ပါက လက်ခံအတည်ပြုခြင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အကျိုးကျေးဇူးအနေဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အလွယ်တကူ ကူးသန်းသွားလာနိုင်ခြင်း၊ ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် အာဆီယံနိုင်ငံများ၏ ဒေသန္တရ ဗဟုသုတများ ရရှိခြင်း၊ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားပညာရေးမူဝါဒ ကော်မရှင်၏ ဒုတိယ ၆ လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာ (၂၀၁၇ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအထိ)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အမျိုးသားပညာရေးမူဝါဒ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးညီလှငယ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ဒုတိယ ၆ လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာ (၂၀၁၇ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအထိ)အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ၊ သက်ဆိုင်ရာကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့၏ ပြန်လည်ရှင်းလင်းတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပြင်ဆင်သတ်မှတ်ခြင်းကို တင်ပြပြီး လွှတ်တော်၏ သဘောတူညီချက် ရယူအတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ ၆ လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၃/၂၀၁၇)အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနုက နိုင်ငံတော်တွင် ရေပေါ်၊ ရေအောက်၊ မြေပေါ်၊ မြေအောက် သယံဇာတများထဲမှ လူဖန်တီး၍ရသည့် ကျွန်းသစ်သယံဇာတကို ဘဏ္ဍာငွေများစွာ အကုန်အကျခံပြီး စီမံကိန်းများဖြင့် အကောင်အထည်ဖော်နေခြင်းကို တွေ့ရပါကြောင်း၊ သယံဇာတထိန်းသိမ်းရေးလုပ်ငန်းအနေဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရန် သစ်ပင်များ စိုက်ပျိုးခြင်း၊ ဒေသခံပြည်သူများနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါကြောင်း၊ ဆွေးနွေးလိုသည်မှာ နိုင်ငံတော်ဘဏ္ဍာကို ဤမျှအကုန်အကျခံပြီး သစ်တောစိုက်ခင်းများ ထူထောင်နေသော်လည်း စိုက်ခင်းများ ဆက်လက်ဖွင့်ခြင်းကိုသာ ဆောင်ရွက်နေပြီး မိမိတို့ဖွင့်လှစ်ခဲ့သော စိုက်ခင်းများ မည်မျှအောင်မြင်မှုရှိကြောင်းကို ပြန်လည်သုံးသပ်ကြည့်ရဲ့လားဆိုသည်ကို သိချင်ပါကြောင်း။

၂၀၁၇-၂၀၁၈ ခုနှစ်အတွက် မိမိ၏ မဲဆန္ဒနယ်တွင် ဧက ၁၀၀ စိုက်ခင်းဖွင့်ရန် ခွင့်ပြုလိုက်ပြန်ပြီ ဖြစ်ပါကြောင်း၊ စိုက်ခင်းဖွင့်သည့် ကုန်ကျစရိတ်နှင့် အောင်မြင်မှုရလဒ်ကို သက်ဆိုင်ရာတာဝန်ရှိသူ အဆင့်ဆင့်က ကြပ်ကြပ်မတ်မတ်နှင့် ဆောင်ရွက်ကြမှသာ အောင်မြင်မှုရနိုင်မှာ ဖြစ်ပါကြောင်း၊ စိုက်ခင်းဖွင့်သည့်အခါ ဝန်ထမ်းအင်အား နည်း၍ ထိန်းသိမ်းရလွယ်အောင် တစ်ဆက်တစ်စပ်တည်း စိုက်ခင်းဖွင့်သည်ဟု သိရပါကြောင်း၊ အဆက်အစပ်မရှိ ကုန်ဆုံးပျက်စီးနေသည့် ကြိုးဝိုင်းများကိုလည်း ပြည်သူများနှင့် ပူးပေါင်းပြီး စိုက်ခင်းများ ပြန်လည်ပြုလုပ်ဆောင်ရွက်စေချင်ပါကြောင်း၊ တရားဝင် သစ်ထုတ်သည့်အခါ တရားမဝင်များပါ ရောမထုတ်ရန် အရေးကြီးပါကြောင်း၊ ဒါကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကြပ်မတ်နိုင်စေရန် တင်ပြဆွေးနွေးရင်း နိုင်ငံ့ဘဏ္ဍာကို အလေအလွင့်မဖြစ်စေရန်နှင့် ကုန်ကျရသလောက် အကျိုးရှိနိုင်ရန် ဆွေးနွေးရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အဆိုပါ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအပေါ် ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးဘမျိုးသိန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ ၆ လပတ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၄/၂၀၁၇) အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်နှစ်လုံးအတွက် ဘီလီယံ ၁၈၉၀ လျာထားပြီး ပထမငါးလတွင် ၃၂၆ ဘီလီယံ သုံးခဲ့ပါကြောင်း၊ အကြမ်းအားဖြင့် တစ်နှစ်လုံး၏ ၁၇ ရာခိုင်နှုန်းခန့် သုံးခဲ့ပါကြောင်း၊ စက်ပစ္စည်းနှင့် ပရိဘောဂအပိုင်းတွင်လည်း ဘီလီယံ ၁၇၂၀ သုံးရမည်ကို ဘီလီယံ ၁၃၀ သုံးစွဲခဲ့သည့်အတွက် ၇ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ သုံးပါကြောင်း၊ တခြားအသုံးစရိတ်ဟု ပြောရမည့် ထောက်ပံ့ငွေများကို ချေးငွေ၊ ကူညီထောက်ပံ့ငွေ၊ ပံ့ပိုးငွေ၊ အလှူငွေများကို ခန့်မှန်းလျာထားချက် ၃၇၄ ဘီလီယံတွင် ၈၅ ဘီလီယံသာ သုံးထားသည့်အတွက် ၂၃ ရာခိုင်နှုန်းသာ သုံးထားပါကြောင်း၊ မိမိတို့ နိုင်ငံသားများ၏ ချွေးနဲ့စာကို အစိုးရအဖွဲ့များအနေဖြင့် သုံးချင်တာကို ဆုံးဖြတ်ချက်အတိုင်း သုံးကြရန်ဖြစ်ပါကြောင်း၊ သုံးသင့်ချိန်တွင် မသုံးဖြစ်သေးသည်ကို အကြောင်းပြချက်လိုပါကြောင်း၊ ငွေကြေးနှင့် ဈေးနှုန်းများသည် အမြဲပြောင်းလဲနေပါကြောင်း၊ မိမိပြည်သူများ၏ ငွေများကို အချိန်မီသုံးစေချင်ပါကြောင်း၊ ယခင်နှစ်၏ ဘတ်ဂျက်တွင် ဝန်ကြီးဌာနအားလုံးအတွက် ၁၁၈၅ ကျပ်နှင့် ငွေလဲနှုန်းတွက်ပါဟု ညွှန်ကြားခဲ့ပါကြောင်း၊ သို့သော် ယင်းအချိန်ကတည်းက ကျပ် ၁၃၀၀ ကျော် ငွေလဲနှုန်းဖြစ်နေပါကြောင်း၊ ပြင်ဆင်ဘတ်ဂျက်အသစ်များတွင် ယနေ့ ပေါက်ဈေး ကျပ် ၁၃၇၀ ဝန်းကျင်နှင့် ပြောင်းလိုက်မည်ဆိုပါက သဘာဝကျသည်ဟု လက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုပါလေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာအပေါ် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၀)မှ ဦးစိုးသိန်း(ခေါ်) ဦးမောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်းနှင့် မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို နိုဝင်ဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် အဆိုပါရပ်ကွက် ကွန်ကရစ်လမ်းသစ်ပေါ်ရှိ မုခ်ဦးမဏ္ဍပ်၌ ကျင်းပခဲ့သည်။

အဆိုပါလမ်းသစ်ဖွင့်ပွဲတွင် ယခင်က သိပ္ပံ (၉)လမ်းသည် မြေသားလမ်းအဆင့်သာရှိသည့် လမ်းအရှည်ပေ ၄၅၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းမကြီးကို မြို့တော်စည်ပင်လမ်းနှင့် တံတား အင်ဂျင်နီယာဌာနက အောက်တိုဘာ ၂၈ ရက်မှ စတင်ခင်းကျင်းခဲ့ပြီး ယခုအခါတွင် လုံးဝပြီးစီးသွားသည့်အတွက် တိုင်းဒေသကြီးအမှတ် (၁၊ ၂) လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးသာအောင်နှင့် ဦးဝေဖြိုးဟန်တို့ တက်ရောက်ကြပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ တာဝန်ရှိသူများ၊ ပြည်သူများနှင့်အတူ ကွန်ကရစ်လမ်းသစ်အား ကြည့်ရှုခဲ့ကြသည်။

**ညဏ်ဟိန်း**



# သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မြန်မာနိုင်ငံဆိုင်ရာဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mrs. DorotheeJanetzke Wenzel နှင့် ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ရေးရာဌာနမှ ညွှန်ကြားရေးမှူး Mrs. Ina Lepel တို့အား နိုဝင်ဘာ ၂၁ ရက်တွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ဘာသာပေါင်းစုံ လူမျိုးများ ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်ရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အေပီသတင်းဌာနမှ မှားယွင်းသတင်းရေးသားမှုနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးကျော်ဇေယျက စိတ်မကောင်းကြောင်းနှင့် အမြန်ဆုံးပြန်လည်ပြင်ဆင်ပြီး သတင်းဌာန၏ သိက္ခာကို အဖတ်ဆယ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၁

**(၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲကို နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။**

ယင်းသတင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV), MITV တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပြီး The Global New Light of Myanmar သတင်းစာတွင် အပြည့်အစုံဖော်ပြခြင်း၊ မြန်မာသတင်းစာများတွင် ဘာသာပြန်ဆိုဖော်ပြခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ မိန့်ခွန်းနှင့် ပတ်သက်၍ အေပီသတင်းဌာနက သတင်းရေးသားရာ၌ The Latest ၊ Suu Kyi Blames Conflicts on Illegal Immigration ခေါင်းစဉ်ဖြင့် Myanmar leader Aung San Suu Kyi says the world is facing instability and conflict in part because illegal immigration spreads terrorism in a speech that comes as her country is accused of violently pushing out hundreds of thousands of unwanted Rohingya Muslims. ဟု ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

ထိုမှားယွင်းဖော်ပြမှုကို TIME , The New York Times, The Washington Post, Sun Francisco Chronicle အစရှိသည့် နိုင်ငံတကာသတင်းဌာနများကလည်း ပြန်လည်ကိုးကား ရေးသားခဲ့သည့်အတွက် သတင်းမှားပါ အချက်အလက်များမှာ ပိုမိုပျံ့နှံ့သွားခဲ့ကြောင်း သိရှိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအား ဆက်သွယ်မေးမြန်းရာ၌ သံအမတ်ကြီး ဦးကျော်ဇေယျက "(၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အာရှ-ဥရောပ မိတ်ဖက်ဆက်ဆံရေးဟာ အခုကျင်းပတဲ့ ခေါင်းစဉ်ဖြစ်တဲ့ ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိန်းသိမ်းမြှင့်တင်နိုင်ဖို့အတွက် အရေးကြီးတယ်၊ ဒါကိုလည်း ပေါင်းစည်းကြိုးပမ်းမှုနဲ့ ရရှိနိုင်မယ်လို့ အပြုသဘော ပြောကြားခဲ့ပါတယ်၊ ဒီလိုပြောကြားရာမှာ ကမ္ဘာပေါ်မှာ ဖြစ်ပွားတဲ့ ပဋိပက္ခတွေဟာ ခြိမ်းခြောက်မှုအသစ်တွေ ဖြစ်ပေါ်စေခဲ့ပြီး အဲဒါတွေက တရားမဝင်ရွှေ့ပြောင်းသွားလာခြင်း၊ အကြမ်းဖက်မှုနဲ့ အစွန်းရောက်မှုပျံ့နှံ့လာခြင်း၊ လူမှုရေးဆိုင်ရာ သဟဇာတဖြစ်မှုနဲ့ နျူကလီးယားစစ်ပွဲ အန္တရာယ်တွေ ဖြစ်တယ်လို့ ထည့်သွင်းပြောကြားခဲ့ပါတယ်။


ဒါပေမယ့် အေပီသတင်းဌာနက ရေးသားရာမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကမ္ဘာတစ်ဝန်း မတည်ငြိမ်မှုများ၊ ပဋိပက္ခများနဲ့ ရင်ဆိုင်နေရခြင်းမှာ တရားမဝင်ရွှေ့ပြောင်းသွားလာမှုက အကြမ်းဖက်မှုများကို ပျံ့နှံ့စေခြင်းကြောင့် ဖြစ်ကြောင်းလို့ လွဲမှားစွာရေးသားဖော်ပြထားတာကို တွေ့ရှိရပါတယ်။

အဓိကအားဖြင့် ဒီဖွင့်ပွဲအခမ်းအနားဟာ နိုင်ငံ ၅၁ နိုင်ငံ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနဲ့ ဥရောပကော်မရှင် စတဲ့ မိတ်ဖက်တွေပါဝင်တဲ့ အေဆမ်အဖွဲ့ရဲ့ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနား ဖြစ်ပါတယ်၊ ဖွင့်ပွဲအခမ်းအနားမှာ အာရှ- ဥရောပ တစ်လွှားက နိုင်ငံခြားရေးဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေ၊ အဆင့်မြင့်အရာရှိကြီးတွေ တက်ရောက်ကြပါတယ်၊ ဒ့ါအပြင် ပြည်တွင်း၊ ပြည်ပမှ မီဒီယာတွေကိုလည်း တိုက်ရိုက်သတင်းရယူခွင့် ပြုထားခဲ့ပါတယ်။

ပြောကြားချက်တွေကို နိုင်ငံပိုင်မီဒီယာများက ထုတ်လွှင့်ဖော်ပြထားပြီး ဖြစ်ပါတယ်၊ ဒီလို ထုတ်ပြန်ပေးတဲ့သတင်းကို အခုလို သတင်းဌာနကြီးတစ်ခုက မှားယွင်းဖော်ပြထားတာကို တွေ့ရှိရတဲ့အတွက် အလွန် စိတ်မကောင်းဖြစ်မိပါတယ်၊ ဒီသတင်းအပေါ်မှာ အခြားသတင်းဌာနတွေက ကိုးကားရေးသားခဲ့လို့ သတင်းမှားတွေ ပျံ့နှံ့ခဲ့တာကြောင့် စိတ်ပျက်စရာဖြစ်ပါတယ်။



**နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးကျော်ဇေယျ**


TIME
Aung San Suu Kyi Blames Illegal Immigration for the 'Spread of Terrorism'
The New York Times
ASIA PACIFIC
The Latest: Suu Kyi Blames Conflicts on Illegal Immigration
The Washington Post
Asia & Pacific
The Latest: Suu Kyi blames conflicts on illegal immigration
San Francisco Chronicle
Suu Kyi blames world conflicts partly on illegal immigration

**အေပီသတင်းကို ကိုးကားဖော်ပြရေးသားခဲ့သည့် သတင်းဌာနအချို့နှင့် သတင်းရေးသားထားမှုကို တွေ့ရစဉ်။**
ဓာတ်ပုံ-ဧရာဝတီ

အမှုမဲ့အမှတ်မဲ့ပဲ မှားမှား၊ ရည်ရွယ်ချက်နဲ့ပဲ မှားမှား၊ မှားသွားပြီ၊ မှားသွားပြီဆိုရင် သတင်းဌာနကြီးတစ်ခုအနေနဲ့ ဒါက သိက္ခာကျစရာ ဖြစ်ပါတယ်၊ ဒါကြောင့် သူတို့ရဲ့ မှားသွားတဲ့ဟာကို အမြန်ဆုံးအမှန်အတိုင်း ပြန်လည်ပြင်ဆင်ပြီး သူတို့ရဲ့သိက္ခာကို အဖတ်ဆယ်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အဖွင့်မိန့်ခွန်းကို အင်္ဂလိပ်ဘာသာဖြင့် ပြောကြားခဲ့ခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် ပြည်တွင်းပြည်ပမီဒီယာများအား တိုက်ရိုက်သတင်းရယူခွင့်ပြုခဲ့သည်။ **သတင်းစဉ်**

# ပထမဆုံး အမှန်ကို အမြန်ဆုံးရေးသားဖော်ပြရပါမယ်၊ ပြီးတော့ သက်ဆိုင်ရာ နစ်နာသူတွေ၊ ဒီကိစ္စမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ မြန်မာတစ်မျိုးသားလုံးကို လူသိရှင်ကြား တရားဝင် ဝန်ချတောင်းပန်ရမယ်

(နိုင်ငံအတွက် အရေးကြီးသည့် သတင်းတစ်ပုဒ်ကို အေပီသတင်းဌာနက လွဲမှားစွာဖော်ပြခဲ့ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းနှင့် အမေးအဖြေ)

**ယမန်နေ့က နေပြည်တော်တွင် ပြုလုပ်ခဲ့သည့် ASEM နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် မိန့်ခွန်းပါ အရေးကြီးသည့်အချက်အလက်တစ်ခုကို နိုင်ငံတကာသတင်းဌာနကြီးတစ်ခုဖြစ်သည့် အေပီသတင်းဌာနက လွဲမှားစွာရေးသားဖော်ပြခဲ့ပါသည်။**

**ယင်းကိစ္စနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့သတင်းစဉ် သတင်းထောက်က မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းကို ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့ပါသည်။**

**မေး။ ။ နေပြည်တော်မှာ မနေ့က ပြုလုပ်ခဲ့တဲ့ ASEM နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့တဲ့ မိန့်ခွန်းပါ အရေးကြီးတဲ့ အချက်အလက်တစ်ခုကို အေပီသတင်းဌာနက လွဲမှားစွာ ရေးသားဖော်ပြခဲ့တယ်လို့သိရပါတယ်။ အဲဒါနဲ့ပတ်သက်လို့ နည်းနည်းရှင်းပြပါဆရာ။**

**ဖြေ။** ။ ဟုတ်ကဲ့၊ အားလုံးရှင်းအောင် အလွယ်တကူပြောရရင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့တဲ့ မိန့်ခွန်းအပြည့်အစုံကို ဒီနေ့ထုတ် The Global New Light of Myanmar အင်္ဂလိပ်သတင်းစာရဲ့ စာမျက်နှာ(၁၁)မှာ အပြည့်အစုံဖော်ပြထားပါတယ်။ အဲဒီမိန့်ခွန်းရဲ့တတိယအပိုဒ် စာကြောင်းရေ (၄) မှာ "Conflicts around the world are giving rise to new threats and emergencies; illegal migration, spread of terrorism and violent extremism, social disharmony and even the threat of nuclear war." လို့ ဖော်ပြထားတာကို တွေ့ရပါမယ်။

ဆိုလိုတာကတော့ "ကမ္ဘာအနှံ့မှာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေဟာ တရားမဝင်လူများရွှေ့ပြောင်းနေထိုင်ခြင်း၊ အကြမ်းဖက်ဝါဒပြန့်ပွားခြင်း၊ အကြမ်းဖက်အစွန်းရောက်ဝါဒ၊ လူမှုရေးသဟဇာတကင်းမဲ့ခြင်းနဲ့ နျူကလီးယားစစ်ပွဲခြိမ်းခြောက်မှု အန္တရာယ်အထိ ကြီးမားတဲ့ခြိမ်းခြောက်မှု အသစ်တွေနဲ့ အရေးပေါ်အခြေအနေတွေကို ဖြစ်ပေါ်စေပါတယ်"လို့ အဓိပ္ပာယ်ရပါတယ်။

အဲဒါကို အေပီသတင်းက "illegal migration spreads terrorism-- " "လူများတရားမဝင် ရွှေ့ပြောင်းနေထိုင်ခြင်းက အကြမ်းဖက်မှု အမျိုးမျိုးကိုပြန့်ပွားစေတယ်" လို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောတယ်ဆိုပြီး လုံးဝလွဲမှားစွာ ဖော်ပြခဲ့ပါတယ်။

ပြီးတော့ အဲဒီလွဲမှားတဲ့အချက်အပေါ် အခြေခံပြီး ဆိုးရွားတဲ့ကောက်ချက်တွေ၊ သုံးသပ်ချက်တွေချခဲ့တယ်။ အထူးသဖြင့် ဒီနေ့ နိုင်ငံတကာမှာ ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ်ကို ညစ်ထေးစေတဲ့ ဘင်္ဂါလီကိစ္စနဲ့ ပတ်သက်လို့ မမှန်မကန် သုံးသပ်ချက်တွေ အကြိမ်ကြိမ်လုပ်ခဲ့တယ်။ ဥပမာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဘင်္ဂါလီတွေ တရားမဝင်နေထိုင်ခြင်းဟာ ဆိုးရွားတဲ့ ပြဿနာအားလုံးရဲ့အခြေခံပဲလို့ ပြောခဲ့သလိုမျိုး အဓိပ္ပာယ်ကောက်ခဲ့တယ်။

**မေး။ ။ ဒီလိုလွဲမှားစွာ ရေးသားဖော်ပြချက်ဟာ ဘယ်လိုအကျိုးဆက်များ ဖြစ်လာစေနိုင်ပါသလဲ။**

**ဖြေ။** ။ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ရဲ့ အပေါ်မှာရော၊ ကျွန်တော်တို့ တစ်မျိုးသားလုံးအပေါ်မှာပါ အင်မတန်ကြီးမားတဲ့ ဆိုးကျိုးကြီးတွေဖြစ်လာစေနိုင်ပါတယ်။ ဖြစ်လည်းဖြစ်နေပါပြီ။ အေပီဟာ အမေရိကန်မှာ အခြေစိုက်တဲ့ ကမ္ဘာ့ဩဇာအကြီးမားဆုံး သတင်းဌာနတွေထဲက တစ်ခုဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတွေနဲ့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝန်းတွေဟာ သူတို့ရဲ့ မူဝါဒတွေချမှတ်တဲ့အခါ နိုင်ငံတကာသတင်းဌာနကြီးတွေရဲ့ ရေးသားဖော်ပြထားတာတွေကို အားကိုးတကြီး ကိုးကား အခြေခံတတ်ကြပါတယ်။

အဲဒီလို ကာလရှည်လျားစွာ နိုင်ငံတကာသတင်းဌာနကြီးတွေက အလွဲလွဲအမှားမှား ရေးသားဖြန့်ချိခဲ့တဲ့ သတင်းအချက်အလက်တွေအပေါ်မှာ အခြေခံချမှတ်လိုက်တဲ့ မူဝါဒတွေကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ ပုံရိပ်ဟာ လုံးဝပျက်စီးခဲ့ရပြီး ဖိအားပေးမှုအမျိုးမျိုး၊ အကြပ်ကိုင်ခြိမ်းခြောက်မှု အမျိုးမျိုးကို ဒီနေ့ ကြုံတွေ့နေရတာဖြစ်ပါတယ်။

အခု အေပီရေးခဲ့တဲ့ သတင်းမှားကို အခုဆိုရင် ကမ္ဘာအနှံ့က သတင်းဌာန ဒါဇင်ပေါင်းများစွာက လက်ဆင့်ကမ်းဖြန့်ဝေခဲ့ပြီး အဲဒီအပေါ်မှာ အခြေခံလို့ ပြင်းပြင်းထန်ထန် ဝေဖန်အပုပ်ချတာတွေ လုပ်နေကြပါပြီ။

**မေး။ ။ အခုလို သတင်းလွဲမှားစွာ ဖော်ပြတာကို ဘယ်လိုအရေးယူသင့်ပါသလဲဆရာ။**



**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်း**

**ဖြေ။** ။ ပထမဆုံးအမှန်ကို အမြန်ဆုံးရေးသားဖော်ပြရပါမယ်။ ပြီးတော့ သက်ဆိုင်ရာ နစ်နာသူတွေ၊ ဒီကိစ္စမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ မြန်မာတစ်မျိုးသားလုံးကို လူသိရှင်ကြား တရားဝင် ဝန်ချတောင်းပန်ရမယ်။ အဲဒီအမှားပြင်ဆင်ချက်နဲ့ တောင်းပန်စာကို သူတို့ဆီကသတင်းကို ဝယ်ယူခဲ့တဲ့ကမ္ဘာအနှံ့က သတင်းဌာနအားလုံးမှာ ထည့်သွင်းဖော်ပြပေးဖို့လိုပါတယ်။

**ကျေးဇူးတင်ပါတယ်။**

# မြန်မာနိုင်ငံနှင့် ဟန်ဂေရီ၊ လစ်သူယေးနီးယား၊ ကမ္ဘောဒီးယားနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး(ASEM)သို့ တက်ရောက်လာသည့် ဟန်ဂေရီ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Peter Szijjarto အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဟန်ဂေရီ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စ၊ ရခိုင်ပြည်နယ်အခြေအနေနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည့် အလားအလာတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် မြန်မာ-ဟန်ဂေရီ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံရေးညှိနှိုင်းဆွေးနွေးပွဲ တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဟန်ဂေရီနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Peter Szijjarto တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ညနေ ၄ နာရီတွင် လစ်သူယေးနီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Darius Skusevicius အား လက်ခံတွေ့ဆုံပြီး မြန်မာ-လစ်သူယေးနီးယား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စ၊ ရခိုင်ပြည်နယ်အခြေအနေနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည့် အလားအလာတို့ကို ဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။ တွေ့ဆုံမှုအပြီးတွင် မြန်မာ-လစ်သူယေးနီးယား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲကျင်းပရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် လစ်သူယေးနီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Darius Skusevicius တို့က လက်မှတ်ရေးထိုးကြသည်။ **(အောက်ဝဲပုံ)**

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn အား လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံမှုအပြီးတွင် Between the Ministry of Foreign Affairs of the Republic of the Union of Myanmar and the Ministry of Foreign Affairs and International Cooperation of the Kingdom of Cambodia on Political Consultations နားလည်မှုစာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Prak Sokhonn တို့က လက်မှတ်ရေးထိုးကြသည်။ **(အောက်ပုံ)**

**သတင်းစဉ်**





# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အေဆမ်မိတ်ဖက်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များအား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာသည့် အေဆမ်မိတ်ဖက်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များအား ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs. Margot Elisabeth WallstrAm နှင့်အဖွဲ့အား နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံ Affairs Ministry of External Affairs မှ Minister of State for Foreign H.E. Mr. Vijay Kumar Singh နှင့်အဖွဲ့အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ လူဇင်ဘတ်နိုင်ငံ Ministry of Foreign and European Affairs မှ ဝန်ကြီး H.E. Mr. Jean Asselborn နှင့်အဖွဲ့အား မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း လက်ခံတွေ့ဆုံသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs. Ine Marie Eriksen Soreide နှင့်အဖွဲ့အား ညနေ ၃ နာရီခွဲတွင် လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ Federal Department of Foreign Affairs မှ State Secretary H.E. Mrs. Pascale Christine Baeriswy နှင့်အဖွဲ့အား ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန Undersecretary of State, H.E. Mr. Marek Magierowski နှင့်အဖွဲ့အား ညနေ ၅ နာရီတွင်လည်းကောင်း သီးခြားစီလက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စ၊ ရခိုင်ပြည်နယ်အခြေအနေနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည့် အလားအလာတို့ကို ဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး** H.E. Mrs. Margot Elisabeth WallstrAm **တို့ တွေ့ဆုံစဉ်။**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူဇင်ဘတ်နိုင်ငံ** Ministry of Foreign and European Affairs **မှ ဝန်ကြီး** H.E. Mr. Jean Asselborn **တို့ တွေ့ဆုံစဉ်။**

# AP သတင်းဌာန၏ သတင်းဖော်ပြချက်အား ပြင်းထန်စွာရှုတ်ချခြင်း

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနတွင် နိုဝင်ဘာလ ၂၀ ရက်နေ့က ကျင်းပသော အေဆမ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကမ္ဘာတစ်လွှားဖြစ်ပွားနေတဲ့ပဋိပက္ခတွေကြောင့် တရားမဝင်ရွှေ့ပြောင်းနေထိုင်မှုကနေ ပြန့်ပွားလာတဲ့ အကြမ်းဖက်မှုမှ လူမှုဆိုင်ရာအဆင်မပြေမှုတွေပေါ်ပေါက်နေရုံမက နျူကလီးယားစစ်ပွဲ ခြိမ်းခြောက်မှု စတဲ့ ခြိမ်းခြောက်မှုအသစ်တွေအရေးပေါ်အခြေအနေတွေ ပေါ်ပေါက်နေပါတယ်"ဟု ပြောကြားသွားခဲ့ပါသည်။

သို့သော် AP သတင်းတွင် ယင်းမိန့်ခွန်းအား "မြန်မာခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ကမ္ဘာပေါ်တွင် မတည်ငြိမ်မှုနှင့် ပဋိပက္ခတွေဟာ တရားမဝင်ရွှေ့ပြောင်းနေထိုင်မှုကြောင့် ပြန့်ပွားလာတဲ့ အကြမ်းဖက်မှုတွေကြောင့်ဖြစ်တယ်" ဟု ဖော်ပြသွားခဲ့ပါသည်။

ယခုကဲ့သို့ တလွဲသတင်းရေးသားမှုသည် ကြီးမားသောဆိုးကျိုးနှင့် တိုင်းပြည်၏ဂုဏ်သိက္ခာကို ထိခိုက်စေပြီး ထိလွယ်ရှလွယ်အခြေအနေတစ်ရပ်တွင် နိုင်ငံတကာအသိုင်းအဝိုင်းကြား မြန်မာနိုင်ငံအပေါ် ပိုမို၍နားလည်မှုလွဲမှားစေနိုင်ပါသည်။

ကမ္ဘာကျော်သတင်းဌာနတစ်ခုဖြစ်သည့် APအနေဖြင့် တစ်ရက်ကြာပြီးမှ သတင်းမှားပြင်ဆင်ချက်လုပ်သော်လည်း ကမ္ဘာကြီး၏အမြင်တွင် မြန်မာနိုင်ငံသားများ၏နစ်နာမှုအတွက်တောင်းပန်သင့်ပါသည်။

မြန်မာစာနယ်ဇင်းသမဂ္ဂအနေဖြင့် AP သတင်းဌာန၏ တာဝန်မဲ့သော ဤသတင်းဖော်ပြမှုကို ပြင်းထန်စွာ ရှုတ်ချလိုက်ပါသည်။

**မြန်မာစာနယ်ဇင်းသမဂ္ဂ**




**အက်စ်တိုးနီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး**
**H.E. Mr. Sven Mikser**



**စပိန်နိုင်ငံမှ**
**Secretary of State H.E. Mr.Ildefonso Castro**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်**

**☆ ရှေ့ဖုံးမှ**

၎င်းအစည်းအဝေးမှ သိသာထင်ရှားသည့်တိုးတက်မှုများကို မိမိတို့ရရှိခဲ့ကြပါကြောင်း၊ ပြီးခဲ့သည့်နှစ် မွန်ဂိုလီးယားနိုင်ငံတွင်ကျင်းပသည့် (၁၁) ကြိမ်မြောက် အေဆမ်အစည်းအဝေးတွင် ချမှတ်ခဲ့သည့် မျက်မှောက်အေဆမ်ချိတ်ဆက်မှုကို မိမိတို့ ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

အေဆမ်၏ရည်မှန်းချက်နှင့်အညီ အေဆမ်မိတ်ဖက်နိုင်ငံများက အေဆမ်နိုင်ငံများအတွင်း ချိတ်ဆက်မှုအဓိပ္ပာယ် သတ်မှတ်ရေးဆိုင်ရာ သဘောတူညီချက်၊ လုပ်ငန်းနယ်ပယ်၊ လုပ်ငန်းသတ်မှတ်ကာလနှင့် အေဆမ်ချိတ်ဆက်မှု လုပ်ငန်းများနှင့်ပတ်သက်၍ သဘောတူညီချက်ရရှိခဲ့ပါကြောင်း၊ အာရှနှင့်ဥရောပအကြား ချိတ်ဆက်မှုမြှင့်တင်ပေးရန် ရည်ရွယ်ချက်အရ ချိတ်ဆက်မှု၏ အဓိပ္ပာယ်သတ်မှတ်ပေးရေးမှာ မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် မိတ်ဖက်ဆက်ဆံမှုကို ခိုင်မြဲအောင်ဆောင်ရွက်ကြပါစို့ဟူသည့် အစည်းအဝေး၏ဆောင်ပုဒ်နှင့်အညီ ဆွေးနွေးမှုများကို အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့ပါကြောင်း။

တက်ရောက်လာသူများက ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အေဆမ်၏မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်သည့် ကိစ္စရပ်များ ကိုင်တွယ်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုနှင့်ပတ်သက်ပြီး နိုဝင်ဘာ ၂၀ ရက်က ကျင်းပသည့် မျက်နှာစုံညီအစည်းအဝေးများတွင် အမြင်ချင်းဖလှယ်ခဲ့ကြပါကြောင်း၊ အဓိကဆွေးနွေးချက်များမှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတွင်းအေးချမ်းတည်ငြိမ်မှု၊ အေဆမ်မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု၊ ချိတ်ဆက်မှု၊ အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုများကို ကာကွယ်တိုက်ဖျက်မှု၊ မူးယစ်ဆေးဝါး၊ ရွှေ့ပြောင်းသွားလာမှု၊ တရားမဝင်ငါးခိုးဖမ်းမှု၊ လက်နက်ဖျက်သိမ်းမှု၊ ချူကလီးယားလက်နက်နှင့် လူအစုလိုက်အပြုံလိုက်သေစေသည့်လက်နက်များ မပြန့်ပွားရေး၊ ဆိုက်ဘာလုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အရည်အသွေးမြင့် အခြေခံအဆောက်အအုံများ တိုးချဲ့မှု၊ ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာမူဘောင်မှတစ်ဆင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း စသည့်ကိစ္စရပ်များကို အလေးထားဆွေးနွေးခဲ့ပါကြောင်း။

ယနေ့ကျင်းပသည့် သီးသန့်ဆွေးနွေးပွဲတွင် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များကို လက်တွေ့ကျကျနှင့် ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါကြောင်း။

မိမိတို့၏ဆွေးနွေးချက်များသည် အေဆမ်၏အနာဂတ်လုပ်ငန်းစဉ်များအတွက် အထောက်အကူပြုမည်ဖြစ်ပြီး ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအပြင် မိမိတို့၏ပြည်သူများအတွက် အပြန်အလှန်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါကြောင်း။

ဘရပ်ဆဲလ်တွင် ကျင်းပမည့် အေဆမ်ထိပ်သီးအစည်းအဝေးနှင့် စပိန်တွင် ကျင်းပမည့် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ထိုအစည်းအဝေးနှစ်ရပ်စလုံး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံက ကူညီပံ့ပိုးလိုသည့် ဆန္ဒရှိပါကြောင်း ပြောကြားသည်။

ဥရောပသမဂ္ဂ၏ အထူးကိုယ်စားလှယ် အက်စ်တိုးနီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sven Mikser က ဥရောပအဖွဲ့ကိုယ်စား ၎င်းအစည်းအဝေးကိုကျင်းပသည့် မြန်မာနိုင်ငံကို အထူးကျေးဇူးတင်ရှိပါသည်ဟု ဦးစွာ ပြောကြားလိုပါကြောင်း၊ ၎င်းအစည်းအဝေး၏ရည်ရွယ်ချက်မှာ အာရှနှင့်ဥရောပနိုင်ငံများအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်ဖြစ်ပါကြောင်း၊ အေဆမ်အဖွဲ့အစည်းသည် ကမ္ဘာ့ဂျီဒီပီ၏ ၆၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားရှိပြီး ကမ္ဘာ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းကို လွှမ်းခြုံထားပါကြောင်း၊ ထိုပမာဏသည် ကမ္ဘာ့ကုန်သွယ်မှု၏ ၆၀ ရာခိုင်နှုန်းနှင့်ညီမျှပါကြောင်း၊ ယခုအစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ မိမိတို့အမြင်ချင်းဖလှယ်ခဲ့ကြပါကြောင်း၊ နှစ်ရက်အတွင်း လုံခြုံရေး၊ ကုန်သွယ်မှု၊ ရာသီဥတုပြောင်းလဲမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများအပြင် လုံခြုံရေးနှင့် ပတ်သက်သည့်ကိစ္စရပ်များကိုလည်း မိမိတို့ဆွေးနွေးခဲ့ကြပါကြောင်း၊ ထို့အပြင် ကိုရီးယားကျွန်းဆွယ်နှင့် ယူကရိန်းအကျပ်အတည်းကဲ့သို့သော ကိစ္စရပ်များနှင့် ချူကလီးယားလက်နက်များမပြန့်ပွားရေးကိုလည်း ဆွေးနွေးခဲ့ကြပါကြောင်း၊ ရခိုင်ပြည်နယ်အရေး ကိုင်တွယ်ဖြေရှင်းရာတွင် မြန်မာအစိုးရအနေဖြင့် သင့်တော်လျောက်ပတ်သည့် နည်းလမ်းကို မိမိတို့တိုက်တွန်းလိုပါကြောင်း၊ ယခုအစည်းအဝေးမှာ အလွန်အောင်မြင်သည့် အစည်းအဝေးတစ်ခုဟု ပြောကြားလိုပါကြောင်း ပြောကြားသည်။

(၁၄)ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး လက်ခံကျင်းပမည့် စပိန်နိုင်ငံမှ Secretary of State H.E. Mr. Ildefonso Castro က အေဆမ်အစည်းအဝေးများကို အာရှနှင့်ဥရောပအကြား ချိတ်ဆက်မှုမြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ပါကြောင်း၊ အာရှနှင့်ဥရောပတိုက်နေ ပြည်သူများအကြား အချင်းချင်း ပိုမိုချိတ်ဆက်မှုရှိလာမည်ဟု ယုံကြည်ပါကြောင်း၊ ဘုံစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် အမြင်ချင်းဖလှယ်ရန် မြန်မာနိုင်ငံ၌ ယခုအစည်းအဝေး ကျင်းပရခြင်းဖြစ်ပါကြောင်း၊ အခြေခံ အဆောက်အအုံဖွံ့ဖြိုးရေးကို မိမိတို့လုပ်ဆောင်ရန်လိုပါကြောင်း၊ ပြည်သူများအနေဖြင့် ကောင်းမွန်သည့်အနာဂတ်နှင့် ပိုမိုလုံခြုံသည့် အခြေအနေကောင်းကိုရရှိလိုကြပါကြောင်း၊ လာမည့် ၂၀၁၉ ခုနှစ်တွင် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို စပိန်နိုင်ငံက ကျင်းပမည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူရပါကြောင်း၊ ၂၀၁၆ ခုနှစ်အတွင်း စပိန်နိုင်ငံသို့ ကမ္ဘာတစ်ဝန်းမှ ကမ္ဘာလှည့်ခရီးသွား ၇၆ သန်းကျော် လာရောက်လည်ပတ်ခဲ့ကြပါကြောင်း၊ ယခုနှစ်အတွင်း ၁၀ ရာခိုင်နှုန်း တိုးတက်လာမည်ဟု မျှော်မှန်းရပါကြောင်း၊ စပိန်နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို မိမိတို့ ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သည့်အတွက် စပိန်နိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းထောက်များ၏မေးမြန်းချက်များကို ပြန်လည်ဖြေကြားရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယမန်နေ့က ကျင်းပသည့် အလွတ်သဘောအစည်းအဝေးတွင် ဥရောပနှင့်အာရှနိုင်ငံများမှ ကိုယ်စားလှယ်များက လက်ရှိ ရခိုင်ပြည်နယ်နှင့်ပတ်သက်သည့်ပြဿနာများကို ဆွေးနွေးခဲ့ကြပါကြောင်း၊ မစ္စတာ ကိုဖီအာနန်၏အကြံပြုချက်များကို အကောင်အထည်ဖော်ရေးမှာ အမြင်ရှုထောင့်အမျိုးမျိုးရှိပြီး ရေရှည်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးမှုများစွာ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ နေရပ်စွန့်ခွာထွက်ပြေးသွားသူများအား ဥပဒေနှင့်အညီ ပြန်လည်လက်ခံရေးနှင့်ပတ်သက်သည့် MoU လက်မှတ်ရေးထိုးရန်ရှိပါကြောင်း၊ ရခိုင်ဒေသ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် လူသားချင်းစာနာထောက်ထားသည့် အကူအညီနှင့်ပတ်သက်သည့်ကိစ္စရပ်များမှာ ချက်ချင်းလုပ်ဆောင်၍ မရနိုင်သည့်အတွက် အချိန်အတိအကျကို မိမိတို့မသိနိုင်ပါကြောင်း၊ သို့သော် တစ်ဆင့်ချင်းသွားပြီး အောင်မြင်စွာ လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ပြီး ထိုသို့လုပ်ဆောင်နိုင်ရန်မှာ နိုင်ငံတကာ၏ကူညီပံ့ပိုးမှု လိုအပ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သတင်းထောက်များ၏ မေးမြန်းချက်ကို ဆက်လက်ဖြေကြားရာတွင် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံအကြား တွေ့ဆုံဆွေးနွေးမှုများက မည်မျှအထိနီးစပ်လာသည်ဆိုသည်ကို ဖြေရန်မှာ အလွန်ခက်ခဲပါကြောင်း၊ ထိုကိစ္စကို ဆွေးနွေးနေသည်မှာ တစ်လကျော်နှစ်လခန့်ရှိပြီဖြစ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး လက်ရှိအချိန်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိနေသောကြောင့် ထိုကိစ္စကို တာဝန်ရှိသူများနှင့် မနက်ဖြန်တွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ရာ အမြန်ဆုံး သဘောတူညီမှုရရှိမည်ဟု မျှော်လင့်ပါကြောင်း၊ နေရပ်စွန့်ခွာထွက်ပြေးသူများ ပြန်လည်လက်ခံရာတွင် ယခင်က မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့အကြား ရယူထားသည့် သဘောတူညီချက်များနှင့်အညီ စနစ်တကျ ပြန်လည်လက်ခံသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**သတင်းစဉ်**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမေရိကန်ပြည်ထောင်စု ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ်အား တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ၂၁**

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် အမေရိကန်ပြည်ထောင်စု ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် Senator Jeff Merkley ဦးဆောင်သည့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ တွေ့ဆုံ၍ ရခိုင်ပြည်နယ်အရေးကိစ္စများကို ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ UEHRD ကော်မတီမှ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel၊ အမေရိကန်ကွန်ဂရက်နှင့် အမေရိကန်သံရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**




(၁၃) ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပစဉ်။

# (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၂၁**

(၁၃) ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟို႐ုံ-၁ ပတ္တမြားခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အမှာစကား ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ ဥရောပသမဂ္ဂ၏ အထူးကိုယ်စားလှယ် အက်စ်တိုးနီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Sven Mikser နှင့် (၁၄) ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး လက်ခံကျင်းပမည့် စပိန်နိုင်ငံမှ Secretary of State H.E. Mr. Ildefonso Castro တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် သဘာပတိကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီး အဆိုပါထုတ်ပြန်ချက်အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




(၁၃) ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာသူများကို တွေ့ရစဉ်။ (အပေါ်ပုံနှင့် အောက်ပုံ)




# နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် အေဆမ်မိတ်ဖက်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များအား သီးခြားစီတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် (၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာသည့် အေဆမ်မိတ်ဖက်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟို႐ုံ-၁ ၌ သီးခြားစီ တွေ့ဆုံသည်။

ဒုတိယဝန်ကြီး ဦးကျော်တင်သည် ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ State Secretary for Foreign Policy, H.E. Mr. Jonas Bering Liisberg ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ လတ်ဗီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန State Secretary, H.E. Mr. Andrejs PildegoviAs ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်းတည့် ၁၂ နာရီတွင် လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Lim Sung-nam ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Igor V. Morgulov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Peter Szijjarto **(ဝဲပုံ)** အား ညနေ ၃ နာရီ မိနစ် ၅၀ တွင် လည်းကောင်း သီးခြားစီ တွေ့ဆုံပြီး နှစ်နိုင်ငံ ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပညာရေးဝန်ကြီးဌာနနှင့် ဟန်ဂေရီနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနတို့၏ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ ညနေ ၄ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Peter Szijjarto က အမှာစကား ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Peter Szijjarto တို့က ပညာရေးဝန်ကြီးဌာနနှင့် ဟန်ဂေရီနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနတို့၏ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို လက်မှတ်ရေးထိုးကြသည်။

အခမ်းအနားသို့ ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Peter Szijjarto၊ မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီနိုင်ငံ သံအမတ်ကြီး H.E. Mr. Peter Jakab နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အား လက်မှတ်ရေးထိုးခြင်းဖြင့် တစ်နှစ်လျှင် ထူးချွန်သော မြန်မာကျောင်းသား ကျောင်းသူများကို ဟန်ဂေရီနိုင်ငံ၌ ပညာသင်ယူနိုင်ရန်အတွက် ပညာတော်သင်ဆုများ ရရှိနိုင်မည်ဖြစ်သည်။

ထို့အပြင် နှစ်နိုင်ငံ အဆင့်မြင့်ပညာရေး အဖွဲ့အစည်းများနှင့် သုတေသနဌာနများသည် အပြန်အလှန်စိတ်ဝင်စားမှုရှိသည့် ဘာသာရပ်နယ်ပယ်များနှင့် သက်ဆိုင်သည့် တွေ့ဆုံဆွေးနွေးပွဲများ၊ သိပ္ပံနည်းကျ သုတေသန ပူးပေါင်းဆောင်ရွက်မှုများ၊ အတွေ့အကြုံ ဖလှယ်ပွဲများ၊ ညီလာခံများကျင်းပခြင်းတို့ကို တိုးမြှင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ဖင်လန်နိုင်ငံ၏ သံရုံးဖွင့်ပွဲနှင့် နှစ်(၁၀၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၁**

ဖင်လန်နိုင်ငံ၏ သံရုံးဖွင့်ပွဲနှင့် နှစ်(၁၀၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Lotte ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီး Ms.Riikka Laatu က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Timo Juhani Soini နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီး ဦးသန့်စင်မောင်နှင့်ဇနီး ဒေါက်တာဒေါ်ခင်သန်းအေး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖင်လန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ၁၉၅၄ ခုနှစ်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်တည်ထောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



○

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် သက်ငယ်မုဒိမ်းဖြစ်ပွားမှု မရှိစေရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၉ ရက် ညနေ ၄ နာရီက ခနောင်တိုအရှေ့ရပ်ကွက် မိုးကြိုးဗိမာန်၌ ပြုလုပ်ရာ ဆိပ်ကြီးခနောင်တို မြို့မရဲစခန်းမှူး ဒုရဲမှူးတင်ကိုလတ် မှခင်းပညာပေး ဆွေးနွေးဟောပြောစဉ်။

**ခင်မောင်သော်**

○





**❒ မြန်မာနိုင်ငံမှ**

မြန်မာနိုင်ငံတို့မှ တိုင်းရင်းဆေးပြခန်းတွေ ပြသထားပါတယ်၊ မြန်မာနိုင်ငံအတွင်းမှာ မြန်မာက တင်သွင်းနေတဲ့ တိုင်းရင်းဆေးတွေနဲ့ ပတ်သက်ပြီးလည်း ဥပဒေတစ်ရပ် ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်၊ ၂၀၁၈ ခုနှစ်အတွင်းမှာ မဲခေါင်နိုင်ငံတွေနဲ့ တိုင်းရင်းဆေးနဲ့ ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ လုပ်ဆောင်သွားနိုင်ဖို့ လက်မှတ်ရေးထိုးဖို့လည်း ရှိပါတယ်” ဟု အဆိုပါ ပြပွဲတွင် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ရီရီမြင့်က ပြောသည်။

ယခုအခါ မြန်မာတစ်နိုင်ငံလုံးတွင် တိုင်းရင်းဆေးရုံ ၂၇ ခုရှိပြီး ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် ခုတင် ၁၀၀ ဆံ့ ဆေးရုံကြီးများအဖြစ် ဖွင့်လှစ်ထားကြောင်း သိရသည်။

“ကျွန်တော်က မိဘတွေလက်ထက်ကတည်းက တိုင်းရင်းဆေးထုတ်လုပ်ပါတယ်၊ ယနေ့အထိပါပဲ၊ အဓိကအားဖြင့် မန်းဆေးထုတ်လုပ်ပါတယ်၊ အခုလို ပြပွဲကြီးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပနိုင်တဲ့အတွက် အိမ်နီးချင်း မဲခေါင်နိုင်ငံတွေက တိုင်းရင်းဆေးတွေကို ပြည်တွင်း တိုင်းရင်းဆေး ထုတ်လုပ်သူတွေအနေနဲ့ လေ့လာခွင့်ရရှိပါတယ်၊ သူတို့နိုင်ငံတွေမှာ တိုင်းရင်းဆေးနဲ့ ပတ်သက်ပြီး တကူးတကသွားရောက်လေ့လာဖို့ဆိုတာ မလွယ်ပါဘူး၊ တချို့နိုင်ငံတွေက ဒီပြပွဲမှာ ကုန်ချောတွေအပြင် ကုန်ကြမ်းပစ္စည်းတွေဖြစ်တဲ့ သစ်ဉ၊ သစ်ဖု၊ သစ်မြစ်တွေကိုပါ ယူလာပြတာ တွေ့ရပါတယ်၊ တိုင်းရင်းဆေးထုတ်လုပ်သူတွေအနေနဲ့ ဒီပြပွဲက အများကြီး ဗဟုသုတရရှိပါတယ်” ဟု ဒေဝယက္ခ တိုင်းရင်းဆေးဝါးထုတ်လုပ်သူ ဒေါက်တာဦးဖြေက ပြောသည်။

အဆိုပါပြပွဲတွင် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်သော မြန်မာ့တိုင်းရင်းဆေး ကုထုံးများကိုလည်း တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ပြခန်းဖွင့်လှစ်ပြသထားသည်။ မိုးကြိုးသွားဖြင့် တိုင်းရင်းဆေးကုခြင်း၊ ဆရာကြီး ဓားဘသိန်း၏ တိုင်းရင်းဆေးကုခြင်း၊ ကချင်ရိုးရာ ကြက်ဥဗေဒင်ဖြင့် ကျန်းမာရေးဟောပြောပေးခြင်းတို့မှာ ပြပွဲလာပြည်သူများ အထူးစိတ်ဝင်စားသော ပြခန်းများဖြစ်ပြီး ပြပွဲကို နိုဝင်ဘာ ၂၄ ရက်အထိ ဖွင့်လှစ်ကာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**

# အာဆီယံ+၃ အရန်ဆန်ရိက္ခာအဖွဲ့(APTERR)မှ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့သို့ ဆန်အိတ်များသွားရောက်ထောက်ပံ့လှူဒါန်း

**မောင်တော နိုဝင်ဘာ ၂၁**

ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာ၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အာဆီယံ+၃ အရန်ဆန်ရိက္ခာအဖွဲ့ (APTERR)မှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့သို့ သွားရောက်ကာ အာဆီယံ+၃ အရန်ဆန်ရိက္ခာအဖွဲ့(APTERR)မှ ထောက်ပံ့လှူဒါန်းသည့် ဆန်အိတ်များကို ဒေသခံပြည်သူများအား ထောက်ပံ့ပေးအပ်သည်။

ရှေးဦးစွာ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာဆီယံ+၃ အရန်ဆန်ရိက္ခာအဖွဲ့မှ တာဝန်ရှိသူများသည် တိုင်းရင်းသားများ နေထိုင်သည့် ဘူးသီးတောင်မြို့နယ် အင်းကြင်းမြိုင်စံပြကျေးရွာ၊ ဒုံသိမ်ကျေးရွာ၊ လေးမြို့နှင့် ကြာညိုပြင်ကျေးရွာများသို့ သွားရောက်ကာ အာဆီယံ+၃ အရန်ဆန်ရိက္ခာအဖွဲ့မှ ထောက်ပံ့လှူဒါန်းသည့် ဆန်အိတ်များကို ထောက်ပံ့ပေးအပ်ကြသည်။

ဘူးသီးတောင်နှင့် မောင်တောဒေသသို့ အရန်ဆန်ရိက္ခာအဖွဲ့မှ ဆန်လာရောက်လှူဒါန်းရခြင်းနှင့် စပ်လျဉ်းပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက "အရန်ဆန်ရိက္ခာအဖွဲ့ကနေတစ်ဆင့် ဂျပန်ဆန်နဲ့ ကိုရီးယားဆန်တွေကို ရခိုင်ပြည်သူတွေအတွက် လာရောက်လှူဒါန်းတာ ဖြစ်ပါတယ်၊ ကိုရီးယားကနေ ပထမရောက်လာတဲ့ ဆန်တန်ချိန် ၅၀၀ ထဲက ဆန်တန်ချိန် ၂၆၇ တန်ကို ဒီနေ့မောင်တောနဲ့ ဘူးသီးတောင်ဒေသအတွက် လှူဒါန်းတာပါ၊ ဂျပန်က နောက်ထပ်ရောက်လာမယ့် ဆန်တန်ချိန် ၅၀၀ ထဲကလည်း ဆက်လက်လှူဒါန်းသွားမှာပါ" ဟု ပြောသည်။

မွန်းလွဲပိုင်းတွင် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာဆီယံ+၃ အရန်ဆန်ရိက္ခာအဖွဲ့မှ တာဝန်ရှိသူများသည် တိုင်းရင်းသားများနှင့် အစ္စလမ်ဘာသာဝင်များနေထိုင်သည့် မောင်တောမြို့ (၄)မိုင်ရပ်ကွက်၊ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာလာပြီး မောင်တောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ယာယီကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသည့် ဟိန္ဒူဘာသာဝင်များနှင့် မောင်တောမြို့ မြို့မဘုန်းတော်ကြီးကျောင်းတွင် ရောက်ရှိနေသည့် တောင်ပြိုလက်ဝဲမြို့ နံ့သာတောင်ပရဟိတကျောင်းမှ ကျောင်းသား ကျောင်းသူများအား အာဆီယံ+၃ အရန်ဆန်ရိက္ခာအဖွဲ့မှ ထောက်ပံ့လှူဒါန်းသည့် ဆန်အိတ်များကို ထောက်ပံ့ ပေးအပ်ကြသည်။

"အာဆီယံ ၁၀ နိုင်ငံနဲ့ အပေါင်း ၃ ဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားနိုင်ငံနဲ့ ဂျပန်နိုင်ငံတို့က အရန်ဆန်ရိက္ခာအဖွဲ့မှာ အရန်ဆန်ထားတယ်၊ အရန်ဆန်တွေကို မြန်မာနိုင်ငံအတွက် ကူညီတဲ့အနေနဲ့ လာရောက်လှူဒါန်းတာပါ၊ ဆန်တွေက အရည်အသွေးကောင်းတဲ့ဆန်တွေပါ၊ ရခိုင်ပြည်သူတွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးတဲ့အတွက် အရန်ဆန်ရိက္ခာအဖွဲ့ကို ကျေးဇူးတင်ပါတယ်" ဟု လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။



အာဆီယံ+၃ သည် ၁၉၇၉ ခုနှစ်မှစ၍ အာဆီယံနိုင်ငံများထဲတွင် စတင်ပေါက်ဖွားလာပြီး အရန်ဆန်ရိက္ခာအဖွဲ့ကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကာ အာဆီယံ ၁၀ နိုင်ငံနှင့် တရုတ်၊ ကိုရီးယား၊ ဂျပန်နိုင်ငံတို့ ဆန်ရိက္ခာပြတ်တောက်ပါက တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆန်ရောင်းချရန်၊ အရေးပေါ်ဖြစ်လာပါက ကူညီရန်နှင့် အခမဲ့ကူညီရန် သဘောတူစာချုပ်ချုပ်ဆိုထားကြောင်း သိရသည်။

**သတင်းအဖွဲ့**
**ဓာတ်ပုံ-နေလင်း**

# ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့် လိုက်လျောညီထွေစွာဆောင်ရွက်နိုင်ရန် UEHRD ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းအဖွဲ့များ တွေ့ဆုံညှိနှိုင်း

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) ၏ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းအဖွဲ့ကိုးဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်အစိုးရရေးဆွဲထားသည့် "ရခိုင်ပြည်နယ်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံချက်"နှင့် လိုက်လျောညီထွေစွာဆောင်ရွက်နိုင်ရန် နိုဝင်ဘာ ၂၀ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ တွေ့ဆုံဆွေးနွေးကြသည်။




လုပ်ငန်းအဖွဲ့များအနေဖြင့် စီမံချက်တွင်ရေးဆွဲဖော်ပြထားသည့် အခြေခံအဆောက်အအုံနှင့် လူမှုစီးပွားလိုအပ်ချက်များကို အသေးစိတ်လေ့လာပြီး အရေးပေါ်နှင့် အရေးကြီးလုပ်ငန်းများဟူ၍ ခွဲခြားကာ ဖြည့်ဆည်းဆောင်ရွက်ကြရန် ဆွေးနွေးကြသည်။

အထူးသဖြင့် ပြည်မမှ သူစိမ်းများက လာရောက်ဆောင်ရွက်သည့် ပုံစံမဟုတ်ဘဲ ပြည်နယ်အစိုးရ၊ ဒေသခံလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်သည့်ပုံစံဖြင့် လုပ်ဆောင်ကြရန် UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့အသီးသီးက ၎င်းတို့၏လုပ်ငန်းတိုးတက်မှုအခြေအနေများကို တင်ပြခဲ့ကြသည်။

ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့တည်ဆောက်နေသည့် တောင်ပြိုလက်ဝဲအရပ်ရှိ ပြန်လည်လက်ခံရေးစခန်းသည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်တွင် ပြီးစီးမည်ဖြစ်ပြီး ငါးခူရအရပ်တွင်လည်း ထပ်မံဆောက်လုပ်ရန် ဆွေးနွေးကြသည်။

ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်း ဆောက်လုပ်မှုပြီးစီးသည်နှင့် ကျန်းမာရေးဝန်ဆောင်မှုကို အဆင်သင့်ပေးစွမ်းနိုင်အောင် ပြင်ဆင်နေကြောင်းဆွေးနွေးသည်။

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က လက်ရှိနယ်စပ်ရေးရာဝန်ကြီးဌာနက စီစဉ်နေသည့် အသက်မွေးဝမ်းကျောင်း သင်တန်းများကို အားဖြည့်ပြီး ရန်ကုန်အခြေစိုက်သင်တန်းများထံမှ အရင်းအမြစ်များနှင့် ပေါင်းစပ်ကာ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်နေပါကြောင်း၊ သင်တန်းများကိုစက်မှုဇုန်လုပ်ငန်းအဖွဲ့တည်ထောင်မည့် စက်မှုလုပ်ငန်းများ၏လိုအပ်ချက်များနှင့်ကိုက်ညီအောင် ဖွင့်လှစ်ပေးနိုင်ရန် ပြင်ဆင်နေပါကြောင်း ဆွေးနွေးသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအဖွဲ့အနေဖြင့် ရသေ့တောင်၊ မောင်တော၊ ဘူးသီးတောင်ဒေသများရှိ ရင့်မှည့်စပါးများကို ရိတ်သိမ်းနိုင်ရေး၊ ရိတ်သိမ်းခြွေလှေ့စက်နှင့် စပါးအခြောက်ခံစက်များ ပို့ဆောင်နိုင်ရေးနှင့် ဆန်စက်တစ်လုံးတည်ထောင်နိုင်ရေးတို့ကို ဆွေးနွေးသည်။

Crowd Funding လုပ်ငန်းအဖွဲ့အနေဖြင့်လည်း ထောက်ပံ့ငွေကောက်ခံရေးအတွက် Online Payment, Mobile Payment အစရှိသည့် Platform များကို တည်ထောင်ထားပြီး စမ်းသပ်ဆောင်ရွက်နေသည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည့်အကြောင်းအစည်းအဝေးတွင် တင်ပြခဲ့ကြောင်း ကုန်သည်/စက်မှုအသင်းချုပ်မှ သိရသည်။

**သတင်းစဉ်**

### ❁ မန္တလေး-ညောင်ဦးမှ

မျောပါသွားတာမျိုးဖြစ်ခဲ့ရင် မြန်နှုန်းကောင်းတဲ့ ဒီလို Speed Boat တွေနဲ့ အသုံးပြုသွားမှာပါ" ဟု အဆိုပါဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မျိုးခိုင်က ပြောသည်။

အဆိုပါ Speed Boat များကို ကိုရီးယား အင်ဂျင်နီယာများက ဒီဇိုင်းရေးဆွဲ၍ ရန်ကုန်မြို့တွင် တည်ဆောက်ထားသည်။ အင်ဂျင်အပို တစ်လုံးအပါအဝင် Speed Boat စုစုပေါင်း သုံးစင်းကို အမေရိကန်ဒေါ်လာ နှစ်သိန်းကျော်ကုန်ကျခံကာ သုံးလနှင့်အပြီးတည်ဆောက်ထားပြီး မန္တလေး၊ ညောင်ဦးနှင့် ရန်ကုန်ဆိပ်ကမ်းတို့တွင် တစ်စင်းစီထားရှိမည်ဖြစ်သည်။

"Speed Boat က အင်ဂျင်မြင်းကောင်ရေ ၁၅၀ ပါ၊ တစ်နာရီ ရေမိုင် ၄၀ နှုန်းလောက်မောင်းနိုင်ပေမယ့် ဧရာဝတီမြစ်ထဲမှာ သောင်တွေများပြီး ရေပါးလို့ ၂၀ လောက်နဲ့ လျှော့မောင်းရမယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

လက်ရှိတွင် မန္တလေး-ညောင်ဦးအကြား ဧရာဝတီမြစ်ရေလမ်းကြောင်း တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်ရန် ရေအနက်တိုင်းကိရိယာများနှင့် ဂျီပီအက်စ်စနစ်များအပြင် ဆော့ဝဲများအဆင့်မြှင့်ခြင်းများနှင့်အတူ ဝန်ထမ်းများအား စာတွေ့လက်တွေ့သင်ကြားကာ တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်နေပြီး တိုင်းတာရရှိသည့် နောက်ဆုံးအချက်အလက်များမှ ရေကြောင်းပြမြေပုံရေးဆွဲမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

### ❖ မြန်မာ့လက်ရွေးစင်အသင်းမှ

အောင်သူကိုခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ Police Tero အသင်း ကစားနေသည့် ထိုင်း League-1 သည် ထိုင်းနိုင်ငံ၌ အဆင့်မြင့်ဆုံးလိဂ်ဖြစ်ပြီး အောင်သူအနေဖြင့် နာမည်ကြီးကစားသမားများ၊ နာမည်ကြီးအသင်းများနှင့် ကစားခွင့်ရမည်ဖြစ်သောကြောင့် အရည်အသွေးပိုင်း ပိုမိုတိုးတက်လာဖွယ်ရှိနေသည်။ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် Police Tero အသင်းပိုင်ရှင် ဘရိုင်ယန်မာကာတို့ တွေ့ဆုံဆွေးနွေးပြီးနောက် အောင်သူ၏ အပြောင်းအရွှေ့အတွက် အပြီးသတ်သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။ နှစ်ဖက်အသင်းသည် အောင်သူ၏ အပြောင်းအရွှေ့အတွက် တရားဝင်သတင်းထုတ်ပြန်ခြင်းမရှိသေးသော်လည်း ယခုလကုန်ပိုင်းတွင် ထိုင်းနိုင်ငံသို့ သွားရောက်၍ အပြီးသတ်စာချုပ်ချုပ်ဆိုမည်ဖြစ်ပြီး Police Tero အသင်းအနေဖြင့် အောင်သူအား လစာအပြင် နေထိုင်သွားလာရေးအတွက်ပါ တာဝန်ယူပေးမည်ဖြစ်သည်။ အပြီးသတ်စာချုပ်ချုပ်ဆိုပြီးမှသာ စာချုပ်ကာလနှင့်လစာတို့ကို ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး တစ်ရာသီအငှားစာချုပ်ဖြင့် စတင်ကစားရဖွယ်ရှိကြောင်းလည်း သတင်းများအရ သိရသည်။ အောင်သူသည် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) မှ ထွက်ပေါ်လာသည့် ကစားသမားတစ်ဦးဖြစ်ကာ ဂတ်ဖရိုင်းဒရစ်ကိုင်တွယ်သည့် မြန်မာ ယူ-၁၉ အသင်းနှင့်အတူ နာမည်ရလာသူဖြစ်ပြီး ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ခြေစွမ်းပြကစားနိုင်ခဲ့သည်။ အောင်သူသည် ၂၀၁၅ ခုနှစ်မှစ၍ မြန်မာ့လက်ရွေးစင်ဖြစ်လာခဲ့ပြီး အသင်း၏အဓိကကစားသမားတစ်ဦးအဖြစ် ခြေစွမ်းပြကစားနိုင်ခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

| | |
|---|---|
| **မြန်မာ့ပင်လယ်ပြင် အခြေအနေ** | လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ |
| **နောက်နှစ်ရက်အတွက် ခန့်မှန်းချက်** | ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ |

# ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် အခြားမြို့များတွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

မူးယစ်တပ်ဖွဲ့စု(၄၅) ရန်ကုန်လေဆိပ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၉ ရက် ည ၁၀ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal(1) ပြည်ပထွက်ခွာ Gate(4) X-Ray စက်တွင် ခရီးသည် လာရောက်ကြိုသူ ဇေယျာထွဋ်အား ရှာဖွေရာ ၎င်းထံမှ ဘိန်းဖြူ သုည ဒသမ ၂ ဂရမ် ဖမ်းဆီးရမိသည်။

နိုဝင်ဘာ ၂၀ ရက် ညနေ ၅ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် လားရှိုး-မန္တလေးကားလမ်း မိုင်တိုင် (၈၀/၄) အနီးတွင် စိုင်းအောင်ဟိန်းဦး မောင်းနှင်ပြီး စိုင်းဆိုင်မိန်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ


**စိုင်းဆိုင်မိန်းနှင့် စိုင်းအောင်ဟိန်းဦးတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၁) ကွမ်းလုံမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့နယ် လောက်ကိုင်-ရန်လုံကျိုင်းကားလမ်း တောင်ညီနောင်အနီးတွင် အငှားမော်တော်ဆိုင်ကယ်ဖြင့် လိုက်ပါလာသူ ရှီးဟုန်းတာ(တရုတ်နိုင်ငံသား) အား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀ ကို လည်းကောင်း၊ ထို့အတူ နိုဝင်ဘာ ၁၉ ရက်က မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် အပိုင်း(ခ) (၇)လမ်း အားမြာနေထိုင်သည့် အခန်းကို ရှာဖွေရာ ၎င်းနှင့်အတူ အိုက်နော်၊ အိုက်အေ၊ အိုက်ခမ်း၊ ချမ်းမြေ့နိုင်၊ Mr.Natthapol Partummas (ထိုင်းနိုင်ငံသား) တို့အား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေး ၄၈ ပြားနှင့် ထိုင်းဘတ်ငွေ ၄၀၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်စိမ်းဟု ယူဆရသော ကျောက်အပိုင်းအစများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်က မူဆယ်သို့ သွားရောက်မည့် Toyota Crown ယာဉ် တစ်စီးပေါ်တွင် တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းဟု ယူဆရသည့် ကျောက်အပိုင်းအစများအား ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်စဉ် Toyota Crown ယာဉ်၏ အောက်ကြမ်းခင်းနှင့် နောက်ထိုင်ခုံအောက်တို့တွင် အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော အရွယ်စုံ ကျောက်အပိုင်းအစများ ၁၅၇ တုံး (၄၀၀ ကီလိုဂရမ်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး အပါအဝင် စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃ ဒသမ ၅ သန်းခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ်



၂၆ ဒသမ ၁၆၀ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂ ဒသမ ၄၂၀ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၅၈၀ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**၀၀၁**

# ဘားအံမြို့နယ်တွင် လက်နက်ကိုင်ဆောင် မူးယစ်ဆေးဝါးရောင်းချသူ ဖမ်းဆီးရမိ



**ဘားအံ နိုဝင်ဘာ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့စိန်ဘန်းကျေးရွာအုပ်စုတွင် လက်နက်ကိုင်ဆောင်ပြီး မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက အိန္ဒုနယ်မြေရဲစခန်းမှူး ဦးစီးသည့် ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်ဖမ်းဆီးရှာဖွေရာ အမျိုးသားတစ်ဦးအား ကိုးလုံးကျည်သေနတ်အတို တစ်လက်၊ ယင်းကျည် ၁၂ တောင့်နှင့်အတူ WY စိတ်ကြွဆေးပြား ၆၅ ပြား အပါအဝင် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၁ ရက် နံနက် ၇ နာရီခွဲက အိန္ဒုနယ်မြေ ရဲစခန်းမှူး ရဲအုပ် ရဲထွဋ်မင်း ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် လက်နက်ကိုင်ဆောင်မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ သက်သေများနှင့်အတူ ဘားအံမြို့နယ် ကော့သာခေါင်ကျေးရွာနေ ဦးလာဖိုးသိ (၅၀)နှစ်၏ နေအိမ်တဲအား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြား ၆၅ ပြား၊ ဆင်းကတ်ပါ လက်ကိုင်ဖုန်းတစ်လုံးနှင့် မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ခေါင်းအုံးအောက်မှ သေနတ်အိတ်ဖြင့် ထည့်ပြီး ကျည်အသင့်ထိုးထားသော အရှည် ခြောက်လက်မခန့်ရှိ နံပါတ်မပါ ကိုးလုံးကျည်ဖြင့် ပစ်ခတ်ရသည့် သေနတ်အတို တစ်လက်၊ ကိုးလုံးကျည် ၁၂ တောင့်၊ အမည်းရောင် ခါးပတ်တစ်ခုနှင့် အိပ်ရာဘေးတွင် ချိတ်ဆွဲထားသော ပြောက်ကျားယူနီဖောင်းတစ်စုံတို့အား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ဘားအံမြို့နယ်တွင် အနီထောင် လောင်းကစားပြုလုပ်သူ ၂၃ ဦး ဖမ်းဆီးရမိ

**ဘားအံ နိုဝင်ဘာ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ် သက်စိုးဦးနှင့် အဖွဲ့သည် လောင်းကစားသတင်းအရ ဝင်ရောက်ဖမ်းဆီးရာ လောင်းကစားပြုလုပ်သူ ၂၃ ဦးအား လောင်းကြေးငွေကျပ် ၁၆ သိန်းကျော်၊ လောင်းကစားပစ္စည်း ၆၆ မျိုး၊ ယာဉ် နှစ်စီး၊ ဆိုင်ကယ် ရှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရဲအုပ် သက်စိုးဦးနှင့် အဖွဲ့က ဘားအံမြို့ အမှတ်(၅) ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမြင့်သန်း၊ အမှတ်(၂) ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်ထွန်းအောင်တို့နှင့်အတူ ဘားအံမြို့နယ် ပန်းကုံးကျေးရွာအုပ်စု မြဝတီကုန်းကျေးရွာ ရွာအပြင် လမ်းဝဲဘက်တွင် အနီထောင် လောင်းကစား ပြုလုပ်သည့် နေရာအား သွားရောက်ဖမ်းဆီးခဲ့ရာ လောင်းကစားပြုလုပ်သူ ၂၃ ဦးအား လောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် လောင်းကစားပစ္စည်း ၆၆ မျိုး၊ လောင်းကြေးငွေကျပ် ၁၆၅၀၅၀၀၊ မော်တော်ယာဉ် နှစ်စီး၊ ဆိုင်ကယ် ရှစ်စီး၊ ဒိုင်နမိုနှင့် တွဲလျက် အင်ဂျင်စက် တစ်လုံး၊ မီးချောင်း ၁၃ ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



# ဘူးသီးတောင်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား တစ်သန်းနီးပါး သိမ်းဆည်းရမိ

**မောင်တော နိုဝင်ဘာ ၂၁**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်၌ နိုဝင်ဘာ ၂၀ ရက် ညနေ ၃ နာရီက ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ဘူးသီးတောင်မြို့နယ် ရဲတပ်ဖွဲ့မှူးတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည်။

ပူးပေါင်းအဖွဲ့သည် ဘူးသီးတောင်မြို့ မြို့မစေတီတောင် အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးတို့နှင့်အတူ မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးတရားခံ စိုးပိုင်(၄၂)နှစ်အား စစ်ဆေးဖော်ထုတ်ချက်အရ အမှုမှ ထွက်ပြေးတိမ်းရှောင်နေသော တရားခံ ဘသိန်းမောင်(၄၃)နှစ်သည် ဘူးသီးတောင်မြို့နယ် အိုးသည်ရွာအနီးရှိ တောင်ကြောလမ်းအတိုင်း သယ်ဆောင် သိုဝှက်တတ်ကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ ယင်းတောင်ကြောပေါ်ရှိ ချုံကြားအတွင်းမှ ဆာလာအိတ်ငါးအိတ်အတွင်းမှ WY စာတန်းပါ မူးယစ်ဆေးဝါး တစ်ထုပ်လျှင် ဆေးပြား ၉၇၅၀ စီပါ အထုပ်ပေါင်း ၉၉ ထုပ် စုစုပေါင်းဆေးပြား ၉၆၅၂၀၀ (တန်ဖိုးငွေကျပ် ၁၉၃၀၄၀၀၀၀၀ ခန့်) ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မောင်တောမြို့နယ်တွင် မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

မောင်တောမြို့နယ် သက္ကပြင်အနောက်ကျေးရွာနှင့် လှဖိုးခေါင်ကျေးရွာအကြား၌ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သမားအဖြစ် မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ပြင်ဖြူကျေးရွာ၊ ဇင်ပိုင်ညာကျေးရွာအုပ်စု(ခ) ရီတူလာကျေးရွာ၊ သက္ကပြင်ကျေးရွာ၊ လှဖိုးခေါင်ကျေးရွာများတွင် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းမှစ၍ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်စဉ် သက္ကပြင်အနောက်ကျေးရွာနှင့် လှဖိုးခေါင်ကျေးရွာအကြား၌ အကြမ်းဖက်သမားအဖြစ် မသင်္ကာသူ ရွာသစ်ရပ်ကွက်နေ ရောဖီး (၃၀)နှစ်အား ဖမ်းဆီးရမိခဲ့ပြီး ပြင်ဖြူနယ်မြေစခန်းတွင် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်၌ လည်ပင်းပြတ်ရှဒဏ်ရာဖြင့် အလောင်း သုံးလောင်း တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

မောင်တောမြို့နယ် မြို့သူကြီးကျေးရွာအုပ်စု သောင်ပညာကျေးရွာ ချောင်းစပ်၌ လက်ပြန်ကြိုးတုပ်လျက် လည်ပင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံးနေသော အလောင်း သုံးလောင်း တွေ့ရှိရကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက သောင်ပညာကျေးရွာ ချောင်းစပ်၌ လူတစ်ဦး သေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ဝေသာလီဂေါက်ကွင်းအနောက်ဘက် သောင်ပညာချောင်းစပ်၌ လက်ပြန်ကြိုးတုပ်လျက် လည်ပင်းပြတ်ရှဒဏ်ရာ တစ်ချက်စီဖြင့် အလောင်း သုံးလောင်းအား တွေ့ရှိခဲ့ခြင်းဖြစ်သည်။

စုံစမ်းချက်အရ သေဆုံးသူများမှာ မြို့မ ကညင်တန်းရပ်ကွက်နေ မူဟာမတ် အီဒရစ်(၂၅)နှစ်၊ အဘူဟိုက် (၁၈)နှစ်နှင့် ဟာမိတ်တူဆောင်း (၂၂)နှစ်တို့ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုက်မိုင်းပေါက်ကွဲသဖြင့် လူတစ်ဦး ဒဏ်ရာရ

**မိုးကောင်း နိုဝင်ဘာ၂၁**

ကချင်ပြည်နယ် မိုးကောင်းမြို့ ရွာသစ်ရပ်အုပ်စု(၆)နေ ဦးဘီမာတူးအောင်သည် ပွဲညက်ကောက်ရန်သွားစဉ် တိုက်မိုင်းပေါက်ကွဲသဖြင့် ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးဘီမာတူးအောင်(၃၅)နှစ်သည် မိုးကောင်းမြို့နယ် ထိုပူးကျေးရွာအုပ်စု ထိုပူးကျေးရွာ ဒေသအခေါ် တိုက်ကျောင်းရွာဘက်တွင် တစ်ဦးတည်း ပွဲညက်ကောက်သွားရာမှအပြန် ညနေ ၆ နာရီခန့်တွင် တိုက်မိုင်းပေါက်ကွဲသဖြင့် ဝဲယာ ခြေသလုံး၊ ပေါင်နှင့် ယာဘက်လက်ဖျံတို့တွင် မိုင်းစထိမှန်(မစိုးရိမ်ရ) ဒဏ်ရာများရရှိသဖြင့် မိုးကောင်းပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**

# အင်္ဂလန်ကစားသမားများမပါဝင်ဘဲ ယှဉ်ပြိုင်သည့်ပွဲ ၁၅၅ ပွဲအထိ ရှိလာခဲ့သည့် အာဆင်နယ်

အာဆင်နယ်အသင်းသည် စပါးကို အနိုင်ကစားနိုင်ခဲ့သည့် ပွဲစဉ်တွင်လည်း ပွဲထွက် ၁၁ ဦးစာရင်း၌ အင်္ဂလိပ်ကစားသမားများကို ထည့်သွင်းအသုံးပြုခဲ့ခြင်းမရှိရာ အာဆင်နယ်အနေဖြင့် အင်္ဂလိပ်ကစားသမားများမပါဝင်ဘဲ ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်ပေါင်း ၁၅၅ ပွဲအထိ ရှိလာခဲ့ပြီဖြစ်သည်။ အင်္ဂလန်ပရီမီယာလိဂ်တွင် ကလပ်အသင်းအများစုက အင်္ဂလိပ်ကစားသမားများကို လျစ်လျူရှုလေ့မရှိကြသော်လည်း ဝင်းဂါးကမူ အင်္ဂလိပ်ကစားသမားများကို နေရာပေးလေ့မရှိသည့် နည်းပြအဖြစ် ကျော်ကြားသည်။

အာဆင်နယ်သည် ပြီးခဲ့သည့်နွေစျေးကွက်အတွင်း ပုံမှန်ပွဲထွက်ခွင့်ရလေ့ရှိသူ အင်္ဂလိပ်ကစားသမား ချိန်ဘာလိန်ကို လီဗာပူးအသင်းသို့ ရောင်းချခဲ့သလို ဝဲလ်ကော့၊ ဝဲလ်ဘတ်တို့မှာလည်း ကြံ့ခိုင်မှုပြည့်ဝခြင်းမရှိသည့် အခြေအနေကြုံနေရခြင်းဖြစ်သည်။ ထို့ပြင် ဝင်းဂါးက ကွင်းလယ်လူ ဂျက်ဝီရှိုင်းယားကိုလည်း ပရီမီယာလိဂ်ပွဲထွက်စာရင်းမှ ချန်လှပ်ထားခဲ့ရာ အာဆင်နယ်အသင်း၏ ပွဲထွက်စာရင်းတွင် ပြည်တွင်းကစားသမားများ နေရာရယူနိုင်မှုမှာ မေးခွန်းထုတ်ဖွယ်ဖြစ်နေသည်။ သို့သော် ဝင်းဂါးက ကစားပွဲတစ်ပွဲတွင် အနိုင်ရလဒ်ကိုသာ ထောက်ပြလေ့ရှိရာ အင်္ဂလန်မီဒီယာများ၏ မျက်မုန်းကျိုးမှု ခံရလေ့ရှိသူဖြစ်သည်။ အင်္ဂလန်ကစားသမားများဖြစ်သည့် ချိန်ဘားစ်၊ ရော့ဒ်ဟိုးဒင်းတို့မှာလည်း အာဆင်နယ်ပွဲထွက်စာရင်းကို ပါဝင်နိုင်ရန် မျှော်လင့်နိုင်သူများ ဖြစ်သည်။

အင်္ဂလန်ကစားသမား တစ်ဦးတစ်လေမျှအသုံးမပြုဘဲ ယှဉ်ပြိုင်ခဲ့သည့် ကလပ်အသင်းများတွင် ဝီဂန်က ၂၆ ပွဲဖြင့် ဒုတိယနေရာ တွင် ရှိနေရာ အာဆင်နယ်မှာ ဒုတိယနေရာရှိ အသင်းထက်ပင် ၁၂၉ ပွဲ ပိုမိုများပြားနေပြီဖြစ်သဖြင့် ကျန်အသင်းများနှင့် အရေ အတွက် အဆမတန် ကွာဟနေခြင်းဖြစ်သည်။ တတိယ နေရာ တွင် ဖူလ်ဟမ် က ၁၇ ပွဲ၊ မန်စီးတီးက ၁၂ ပွဲ၊ နယူးကာဆယ်က ကိုးပွဲ၊ ချယ်လ်ဆီးက ရှစ်ပွဲဖြင့် အစဉ်လိုက် ရပ်တည်နေကြသည်ကို တွေ့ရသည်။



## ရီးယဲလ်မက်ဒရစ်အသင်း ရလဒ်ဆိုးများအတွက် စီရိုနယ်လ်ဒိုနှင့် ဇီဒန်းကို ဘင်ဇီမာ အပြစ်တင်



ရီးယဲလ်တိုက်စစ်မှူး ဘင်ဇီမာက ရီးယဲလ်၏ ရာသီအစ ရလဒ်ဆိုးများမှာ စီရိုနယ်လ်ဒိုနှင့် နည်းပြ ဇီဒန်းတို့ကြောင့်ဖြစ်ပေါ်နေရခြင်းဟု ယုံကြည်ကြောင်း ဒါရီယိုဂိုးသတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။ ဘင်ဇီမာက ဇီဒန်း၏ စီရိုနယ်လ်ဒိုကို သူကစားနေကျ ဗဟိုတိုက်စစ်နေရာအထိ ဝင်ရောက်ကစားစေမှုကြောင့် လူထပ်ကာ ရီးယဲလ်အသင်း ရဂိုးများ နည်းပါးနေခြင်းဖြစ်သည်ဟု ဥက္ကဋ္ဌကြီး ပီရက်ဇ်ကို အကြောင်းပြချက်ပေးခဲ့ကြောင်း သိရသည်။


ဇီဒန်းက ၄-၃-၃ ကစားကွက်ကို ပုံမှန်ခင်းကျင်းလေ့ရှိပြီး ဘင်ဇီမာကို ဗဟိုတိုက်စစ်မှူးနေရာတွင် ကစားစေလေ့ရှိသော်လည်း စီရိုနယ်လ်ဒို၏ ဂိုးရလိုစိတ်ပြင်းထန်မှုကို ဖြည့်ဆည်းပေးရန်အတွက် ဗဟိုတိုက်စစ်နေရာအထိ ဝင်ရောက်ကစားခွင့်ပေးနေခြင်းဖြစ်သည်။ ဘင်ဇီမာက ယခုနှစ်ဘောလုံးရာသီ ၁၃ ပွဲတွင် သွင်းဂိုးနှစ်ဂိုးသာ သွင်းယူနိုင်သည်အထိ ဂိုးသွင်းနှုန်းကျဆင်းနေရာ ယင်းမှာ ဇီဒန်း၏ စီရိုနယ်လ်ဒိုအတွက် နေရာဖန်တီးပေးမှုများလွန်းခြင်း၏ အကျိုးသက်ရောက်မှုကြောင့်ဟု ဘင်ဇီမာက ယုံကြည်နေသည်။ ဘင်ဇီမာက သူ့အနေဖြင့် စီရိုနယ်လ်ဒို ဗဟိုတိုက်စစ်ပိုင်းအထိ ဝင်မကစားသည့် ပွဲစဉ်များတွင် ခြေစွမ်းပိုမိုပြနိုင်လေ့ရှိသည်ဆိုခဲ့ပြီး ဇီဒန်း၏နည်းဗျူဟာပိုင်းအပေါ် ပြန်လည်ပြင်ဆင်ပေးစေရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

## အက်သလက်တီကိုတွင် ဆက်နေခြင်းအတွက် နောင်တမရဟု ဂရစ်ဇ်မန်း တုံ့ပြန်

အက်သလက်တီကိုစတား ဂရစ်ဇ်မန်းက ကလပ်အသင်းတွင်သာ ဆက်နေရန် ဆုံးဖြတ်ခဲ့ခြင်းအတွက် နောင်တရစရာမရှိကြောင်း ဝေဖန်မှုများအပေါ် ခပ်ပြတ်ပြတ်ပင် တုံ့ပြန်လိုက်သည်။ ဂရစ်ဇ်မန်းက အပြောင်းအရွှေ့ကာလအတွင်း မန်ယူအသင်းသို့ ရောက်လုရောက်ခင် အနေအထားရှိခဲ့သော်လည်း အက်သလက်တီကို၏ ကစားသမားပိတ်ပင်ခံရမှု အယူခံမအောင်မမြင်ဖြစ်ခဲ့ပြီးနောက် အက်သလက်တီကိုတွင်သာ ဆက်နေမည်ဟု ကြေညာခဲ့သည်။

ယခုနှစ်ဘောလုံးရာသီတွင် အက်သလက်တီကိုအသင်း ရလဒ်များဆိုးရွားနေသလို ဂရစ်ဇ်မန်းကိုယ်တိုင်လည်း ခြေစွမ်းကျနေရာ ဝေဖန်မှုများ တောက်လျှောက်ရင်ဆိုင်နေရခြင်းဖြစ်သည်။ ဂရစ်ဇ်မန်းက ယခုနှစ်ဘောလုံးရာသီ ၁၄ ပွဲတွင် သုံးဂိုးသာ သွင်းယူနိုင်ခဲ့သော်လည်း သူ၏ ရွေးချယ်မှုအတွက် နောင်တရစရာမရှိကြောင်း တုံ့ပြန်ခဲ့သည်။ ဂရစ်ဇ်မန်းက "ကျွန်တော် ဒီမှာဆက်နေတဲ့အတွက် နောင်တမရပါဘူး။ ဒါက ကျွန်တော့်ဆုံးဖြတ်ချက်ပါ။ ကျွန်တော်က ကျွန်တော့်ရွေးချယ်မှုအတွက် ကျေနပ်ပျော်ရွှင်တတ်သူပါ။ ခုနစ်ပွဲမှာ တစ်ဂိုးမှ မသွင်းနိုင်ပေမယ့် ကျွန်တော် ပြန်လာဦးမှာပါ"ဟု တယ်လီဖုသတင်းဌာနသို့ ဖြေကြားခဲ့သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ဘာစီလိုနာက ဂရစ်ဇ်မန်းကိုခေါ်ယူရန် ကြိုးပမ်းနေပြီး ပုဂ္ဂိုလ်ရေးသဘောတူညီချက်ပင် ရရှိခဲ့ပြီးဖြစ်သည်ဟူသော သတင်းများထွက်လာခဲ့ရာ နှစ်ဖက်စလုံးက နှုတ်ဆိတ်နေခဲ့ကြသည်။ အက်သလက်တီကိုမှာ လာလီဂါပွဲစဉ် ၁၂ ပွဲတွင် ရှုံးပွဲလုံးဝမရှိသေးသော်လည်း ယင်းအနက် ခြောက်ပွဲမှာ သရေ ရလဒ် ထွက်ပေါ်ခဲ့ရာ ဦးဆောင်သူ ဘာစီလိုနာအသင်းနှင့် ရမှတ် ၁၀ မှတ်အထိ ပြတ်ကျန်ခဲ့ပြီဖြစ်သည်။



### နိုဝင်ဘာ ၂၂/၂၃ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၅)

| | | |
|---|---|---|
| စီအက်စ်ကေအေ | - | ဘင်ဖီကာ |
| ဘေဆယ်လ် | - | မန်ယူ |
| ပီအက်စ်ဂျီ | - | ဆဲလ်တစ် |
| အန်ဒါလက်ချ် | - | ဘိုင်ယန်မြူးနစ် |
| အက်သလက်တီကို | - | ရိုးမား |
| ကာရာဘတ် | - | ချယ်လ်ဆီး |
| စပို့တင်းလစ္စဘွန်း | - | အိုလံပီယာကို့စ် |
| ဂျူဗင်တပ် | - | ဘာစီလိုနာ |

(ခိုင်ဝင်း)

## မာရက်ဇ်ကို ခေါ်ယူရန် မန်စီးတီး ကြိုးပမ်းမည်

မန်စီးတီးနည်းပြ ဂွါဒီယိုလာက လက်စတာ တောင်ပံတိုက်စစ်မှူး မာရက်ဇ်ကို လာမည့် ဇန်နဝါရီစျေးကွက် ဖွင့်လှစ်ချိန်အတွင်း ခေါ်ယူရန် ကြိုးပမ်းဖွယ်ရှိကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။ မာရက်ဇ်မှာ ပြီးခဲ့သည့်နွေစျေးကွက်နှစ်ခုအတွင်း အာဆင်နယ်နှင့် ဘာစီလိုနာအသင်းများသို့ ပြောင်းရွှေ့ရန် ကြိုးပမ်းခဲ့ဖူးသော်လည်း နှစ်သင်းစလုံးက ထိထိရောက်ရောက် ဆောင်ရွက်ခဲ့ခြင်းမရှိရာ လက်စတာအသင်းတွင် ဆက်ရှိနေခြင်းဖြစ်သည်။ မာရက်ဇ်ကို အာဆင်နယ်ကလည်းခေါ်ယူရန် စိတ်ဝင်စားဆဲဖြစ်သလို ချယ်လ်ဆီးကလည်း စောင့်ကြည့်လျက်ရှိရာ ဂွါဒီယိုလာအနေဖြင့် မာရက်ဇ်အတွက် အာဆင်နယ်၊ ချယ်လ်ဆီးတို့နှင့်အပြိုင် ကြိုးပမ်းရဖွယ်ရှိသည်။



## ဝင်ဘယ်လ်ဒန်ချန်ပီယံဟောင်း ဂျာနာနိုဗော့ထ်နာ ကွယ်လွန်

ဝင်ဘယ်လ်ဒန်အိုးပင်း ချန်ပီယံဟောင်း ချက်တင်းနစ်မယ် ဂျာနာနိုဗော့ထ်နာမှာ အသက်(၄၉)နှစ်အရွယ်တွင် ကင်ဆာရောဂါဖြင့် နိုဝင်ဘာ ၂၀ ရက်က ကွယ်လွန်ခဲ့ပြီဖြစ်သည်။ အမျိုးသမီးတင်းနစ်အဖွဲ့ချုပ်က "နိုဗော့ထ်နာအနေဖြင့် မိသားစုဝင်များ ဝန်းရံလျက် ငြိမ်းငြိမ်းချမ်းချမ်းပင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်"ဟု ထုတ်ပြန်ခဲ့သည်။

နိုဗော့ထ်နာသည် ၁၉၉၈ ခုနှစ် ဝင်ဘယ်လ်ဒန်အိုးပင်းတွင် ချန်ပီယံမဖြစ်မီ ၁၉၉၃ ခုနှစ်နှင့် ၁၉၉၇ ခုနှစ်တို့တွင် ဝင်ဘယ်လ်ဒန်ဖလားဗိုလ်လုပွဲသို့ နှစ်ကြိမ်တက်ရောက်ခဲ့ဖူးပြီး ၁၉၉၃ ခုနှစ်တွင် စတက်ဖီဂရာ့ဖ်၊ ၁၉၉၇ ခုနှစ်တွင် ကန့်ထ်တို့ကို အရေးနိမ့်ခဲ့စဉ် ငိုကြွေးခဲ့သည့် သူ၏ ပုံရိပ်များက တင်းနစ်ပရိသတ်များ၏ နှလုံးသားကို ကိုင်လှုပ်နိုင်ခဲ့သည်။ နိုဗော့ထ်နာသည် အမြင့်ဆုံးအဆင့်အဖြစ် ကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်ခဲ့ဖူးပြီး တစ်ဦးချင်း ဝင်ဘယ်လ်ဒန်ဖလားအပြင် နှစ်ယောက်တွဲ ဝင်ဘယ်လ်ဒန်ဖလား ၁၂ ကြိမ် ရရှိခဲ့ဖူးသည့် ထင်ရှားသည့် တင်းနစ်မယ် ဖြစ်သည်။

မေလှဲ့သင်း - စုစည်းသည်

# အပြည်ပြည်ဆိုင်ရာကလေးများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မကွေး နိုဝင်ဘာ ၂၁**

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် နှစ်ပတ်လည်နေ့ အပြည်ပြည်ဆိုင်ရာ ကလေးများနေ့/UN-CRC Day အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက "သဘောတူစာချုပ်ပါ အချက်တွေအရ ကလေးသူငယ်တွေအပေါ် ပြည့်ဝစွာ ဖြည့်ဆည်းဆောင်ရွက်မပေးနိုင်ခြင်း၊ ကလေးသူငယ်တွေရဲ့ အခွင့်အရေးများကို ချိုးဖောက်ခံရမှု များပြားနေခြင်း၊ ကလေးသူငယ်တွေကို အကာအကွယ်ပေးမှု အပိုင်းတွေမှာ အားနည်းနေခြင်းတို့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်၊ ကျွန်တော်တို့နိုင်ငံရဲ့ မျှော်လင့်ချက်၊ ကျွန်တော်တို့နိုင်ငံရဲ့ အသက်သွေးကြော၊ ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီပန်းတိုင်တွေကို ဖျက်ဆီးရိုက်ချိုးခံရခြင်းပဲဖြစ်ပါတယ်။ အဲဒါကြောင့် လူမှုဝန်ထမ်းဦးစီးဌာနနဲ့ ဆက်စပ်ဌာနဆိုင်ရာများ၊ UN-Agency များ၊ INGO/NGO များ၊အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနဲ့ ပြည်သူအားလုံးကရော မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ တိုင်းဒေသကြီးလွှတ်တော်တို့ကပါ ကလေးသူငယ်အခွင့်အရေးတွေကို ကလေးသူငယ်တိုင်း ပြည့်ဝစွာရရှိဖို့၊ ကလေးသူငယ်တွေရဲ့ အကောင်းဆုံးအကျိုးစီးပွားကို ရည်ရွယ်ပြီး မိမိတို့ရဲ့ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဖြည့်ဆည်း အကောင်အထည်ဖော် ဆောင်ရွက်ကြဖို့ လိုပါတယ်"ဟု ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ World Vision Myanmar မှ ဦးစောမာကုက အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ရှင်းလင်းတင်ပြပြီး "မေတ္တာဖြင့်သာ ပျိုးထောင်ပါ" အသိပညာပေး ဗီဒီယိုပြသခဲ့သည်။ ထို့နောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် မူကြိုအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ဆုရရှိသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ပြီး ကလေးသူငယ်များက ဖျော်ဖြေရေး အစီအစဉ်များဖြင့် ကပြတင်ဆက်ခဲ့ရာ ဖျော်ဖြေသူ ကလေးငယ်များအား လက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဖဲ)**



# တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလှေပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်က ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလှေလှော်ပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ အင်းလျားကန်တွင် ပြုလုပ်မည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် အမျိုးသား (၁၀) တက်လှော် မီတာ ၂၀၀ နှင့် မီတာ ၅၀၀၊ အမျိုးသား (၅) တက်လှော် မီတာ ၂၀၀ နှင့် မီတာ ၅၀၀ ပြိုင်ပွဲများ၊ အမျိုးသမီး (၁၀) တက်လှော် မီတာ ၂၀၀ နှင့် မီတာ ၅၀၀၊ အမျိုးသမီး(၅) တက်လှော် မီတာ ၂၀၀ နှင့် မီတာ ၅၀၀ ပြိုင်ပွဲများကို ပွဲစဉ်ရှစ်မျိုးဖြင့် ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အသင်းများကို ဆုချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(အား/ကာ)**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မဟာအောင်မြေ နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှကြီးမှူး၍(၂၈)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်နေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၆၂) လမ်းရှိ မနော်ရမ္မပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးဦးမျိုးသစ် တက်ရောက်အားပေးစကား ပြောကြားသည်။ ထို့နောက်UNICEF(Myanmar)မန္တလေးရုံးခွဲမှ ဒေါ်ခိုင်ခိုင်ရွှေနှင့် World Vision တာဝန်ခံ ဦးစိုင်းဇော်ထွန်းတို့က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ကမ္ဘာ့ကလေးများနေ့အကြောင်း ရှင်းလင်းပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးနှင့် ဧည့်သည်များသည် အစိုးရမဟုတ်သောလူမှုရေးအသင်းအဖွဲ့များ၊ ဝေါလ်ဗီးရှင်း၊ လူကုန်ကူးမှုရဲတပ်ဖွဲ့၊ ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့များမှ ပြသထားသော ကလေးသူငယ်ဆိုင်ရာ ပြခန်းများနှင့် ပျော်ရွှင်ဖွယ် ဂိမ်းကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတကျောင်းများမှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**

# ဘိုကလေးမြို့နယ်တွင် မိုးစပါးစံကွက် ရိတ်သိမ်း

**ဘိုကလေး နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးတင်အောင်နှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက ဖျာပုံခရိုင် ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာအုပ်စု ကွင်းအမှတ် (၆၇၀) ဦးပိုင်အမှတ် (၇၂)ရှိ တောင်သူ ဦးစံသောင်း၏ ဆင်းသွယ်လတ် စပါးစိုက်ပျိုးသည့် လယ်မြေတွင် မိုးစပါးစံကွက် ရိတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုကြသည်။

အဆိုပါ တောင်သူ ဦးစံသောင်း၏ ဆင်းသွယ်လတ် စပါးစံကွက်ကို ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အစိုတင်း ၁၀၀ ထွက်ရှိကြောင်း သိရသည်။

**ဘိုကလေးငွေးနိုင်**



# ဟိုတယ်များမှ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ဝန်ထမ်းများအတွက် အခြေခံမီးသတ်ပညာသင်တန်းဖွင့်

**မုံရွာ နိုဝင်ဘာ ၂၁**

စစ်ကိုင်းဇုန်အတွင်းရှိ ဟိုတယ်များမှ သီးသန့် မီးသတ်တပ်ဖွဲ့ဝင်ဝန်ထမ်းများကို အကြိုအခြေခံမီးသတ်ပညာသင်တန်းကို နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ၁၅ ရက်ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာဖွင့်ပွဲကို မုံရွာခရိုင် မီးသတ်တပ်ဖွဲ့စခန်းတွင် နိုဝင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက ပြုလုပ်သည်။

သင်တန်းတွင် ဟိုတယ်များမှ သီးသန့် မီးသတ်တပ်ဖွဲ့ဝင် ၃၂ ဦးတက်ရောက်၍ မီးသတ်ပညာ၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကာ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များကတစ်ဆင့် သင်ပေးလိုက်သည့်ပညာရပ်များပြည်သူလူထုထံစိမ့်ဝင်ပျံ့နှံ့ပြီး မီးဘေးနှင့် သဘာဝဘေးကျရောက်လာပါက သန္နေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် သင်ကြားပေးခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေးထံမှ သိရသည်။

"အဓိကက ဟိုတယ်တွေရဲ့ မီးဘေးကာကွယ်ရေးနဲ့ မီးဘေးလုံခြုံရေးကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့ရည်ရွယ်ဖွင့်လှစ်တာပါ၊ သင်တန်းမှာလက်နက်မဲ့စစ်ရေးပြဘာသာရပ်တွေ၊ မီးလောင်မှုအခြေခံသဘောတရားတွေ၊ မီးသတ်ပစ္စည်းကိရိယာတွေ၊ မီးသတ်ဦးစီးဌာနရဲ့ ရည်မှန်းချက်တာဝန်တွေနဲ့ လုပ်ငန်းစဉ်တွေ၊ အရန်မီးသတ်တပ်ဖွဲ့ရဲ့ တာဝန်နဲ့ဝတ္တရားတွေ အခြေခံကြိုးချည်နည်းတွေ၊ သဘာဝဘေးလျော့ပါးရေးမှာ မီးသတ်တပ်ဖွဲ့ဝင်တွေ မဖြစ်မနေ သိထားသင့်တဲ့သင်ခန်းစာတွေကို စာတွေ့လက်တွေ့သင်ပေးသွားမှာဖြစ်ပါတယ်"ဟု ဦးမင်းစမ်းအေးက ရှင်းပြသည်။

ဟိုတယ်များ မီးလောင်မှုဖြစ်ပါက ဆုံးရှုံးမှုတန်ဖိုးများသလို လူ့အသက်အန္တရာယ်ကိုပါ ထိခိုက်နိုင်ကြောင်း ဦးမင်းစမ်းအေးက ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံ

**ငါ့သရောက် နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ငါ့သရောက်မြို့တွင် ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံပေးခြင်းကို နိုဝင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ငါ့သရောက်မြို့ အခြေခံပညာ အထက်တန်းကျောင်းကြီးတွင် ကွင်းဆင်းထိုးနှံ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးအစုလိုက်ထိုးနှံပေးရာတွင် ငါ့သရောက်မြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ခံဆရာဝန် ဒေါက်တာကံမင်းအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ငါ့သရောက်(အထက) ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက ကာကွယ်ဆေးထိုးနှံပေးရမည့် ကျောင်းသား ကျောင်းသူ ၁၁၂၀ ကို စနစ်တကျနေရာချထားခြင်း၊ ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ဆောင်ရွက်ပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြပြီး ကာကွယ်ဆေးထိုးနှံပေးပြီး နာရီဝက်ခန့် ကျန်းမာရေးကြီးကြပ်စောင့်ရှောက်မှုများ ပြုလုပ်ခြင်းကို ဆောင်ရွက်ပေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့တွင် ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းကို ကျောင်းပေါင်း ၃၂ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၆၀၀၀ ကျော်ခန့်ရှိကြောင်း သိရပြီး နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ကာကွယ်ဆေးထိုးနှံခြင်း အုပ်စုအဖွဲ့များခွဲ၍ အပြီးထိုးနှံ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများသင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၂၁**

အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတို့ ပူးပေါင်း၍ အိုလံပစ်သွေးစည်းညီညွတ်ရေးအစီအစဉ်အရ ဖွင့်လှစ်သည့် အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများသင်တန်း (၂/၂၀၁၇) ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီခွဲက နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Multipurpose Hall ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က သင်တန်းမှပို့ချပေးသည့် သိပ္ပံနည်းကျ အားကစားဆိုင်ရာသင်ခန်းစာများကို မိမိတို့မှာရှိသည့် အတွေ့အကြုံကောင်းများနှင့် ပေါင်းစပ်အသုံးချပြီး မိမိနိုင်ငံ၏ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားအောင်နှင့် မျိုးဆက်သစ် ထူးချွန်ထက်မြက်သော အားကစားသမားများပေါ်ထွက်အောင် ပြုစုပျိုးထောင်ပေးပြီး နိုင်ငံတော်၏ အားကစားတာဝန်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် လေးလေးနက်နက်ခံယူပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ အိုလံပစ် သွေးစည်းညီညွတ်ရေး အစီအစဉ်အရ ဖွင့်လှစ်သည့် အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများသင်တန်းများကို နှစ်စဉ် သုံးကြိမ်ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ပြီး ယခုဖွင့်လှစ်သည့် အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများသင်တန်း (၂/၂၀၁၇)တွင် သင်တန်းသား ၁၅ ဦး၊ သင်တန်းသူ ၂၀ စုစုပေါင်း ၃၅ ဦးတို့ တက်ရောက်သင်ကြားကြောင်း သိရသည်။

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ သင်တန်းသို့ တက်ရောက်မည့် သင်တန်းသား သင်တန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်ဇော်**

# မိုဘိုင်းစနစ်အသုံးပြုထားသည့် CI ထုတ်ပေးရေးစင်တာနှစ်ခု ထပ်မံတိုးချဲ့ဖွင့်လှစ်



**ဘန်ကောက် နိုဝင်ဘာ ၂၁**
မိုဘိုင်းစနစ်အသုံးပြုထားသည့် "မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်" CI (Certificate Identify) ထုတ်ပေးရေးစင်တာနှစ်ခုကို ထိုင်းနိုင်ငံ မြို့တော်ဘန်ကောက်နယ်မြေအတွင်းရှိ နွန်ထဘူရီမြို့နယ်နှင့် ပထုန်ဌာနီမြို့နယ်တို့တွင် ထပ်မံတိုးချဲ့ဖွင့်လှစ်ထားကြောင်း သိရသည်။

ထိုင်းနိုင်ငံသို့ရောက်ရှိနေသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမားများကို စက်တင်ဘာ ၁၅ ရက်မှစတင်၍ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် CI စာအုပ်များ ပြုလုပ်ပေးလျက်ရှိရာ ထိုင်း-မြန်မာ နှစ်နိုင်ငံအလုပ်သမားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်အချိန်အတွင်း မြန်မာအလုပ်သမားများကို CI စာအုပ်များ ပြုလုပ်ပေးနိုင်ရေးအတွက် မိုဘိုင်းစနစ်အသုံးပြုပြီးCI ထုတ်ပေးမည့် စင်တာနှစ်ခုကို ယခုလ ၁၅ ရက်က ထပ်မံတိုးချဲ့ဖွင့်လှစ်ထားရှိကြောင်း ထိုင်းနိုင်ငံ မြို့တော်ဘန်ကောက်ရှိ မြန်မာသံရုံးမှ အလုပ်သမားသံအရာရှိဦးမိုးအောင်ခိုင်၏ ပြောကြားချက်အရ သိရသည်။

ထိုင်းနိုင်ငံ မြို့တော် ဘန်ကောက်နယ်မြေဖြစ်သော အဆိုပါ နွန်ထဘူရီမြို့နယ်ရှိ မိုဘိုင်းစနစ် CI စာအုပ်ထုတ်ပေးရေးစင်တာသို့ မြန်မာနိုင်ငံမှ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလုပ်သမားသံအရာရှိများ၊ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် မစ္စတာ Anurak Tossaratနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နိုဝင်ဘာ ၁၉ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီက သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ သွားရောက်စစ်ဆေးမှုတွင် မြန်မာနိုင်ငံ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က CI စာအုပ်လာရောက်ပြုလုပ်ကြသည့် အလုပ်သမားများအား ရင်းနှီးစွာတွေ့ဆုံခဲ့ပြီး CI စာအုပ် ပြုလုပ်ကုန်ကျငွေများနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ကြောင်း၊ မိုဘိုင်းစနစ်အသုံးပြုထားသည့် CI စာအုပ်ထုတ်ပေးသည့် စင်တာများအနေဖြင့် တစ်ရက်လျှင် လူဦးရေ ၅၀၀ အထိ လက်ခံဆောင်ရွက်ပေးနိုင်ပြီး ရည်ရွယ်ချက်အနေဖြင့် အလုပ်သမားများ များပြားစွာရှိသည့် စက်ရုံများသို့သွားရောက်ဝန်ဆောင်မှုပေးရန် အဓိကရည်ရွယ်ချက်ဖြစ်ကာ ထို့သို့ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် နှစ်နိုင်ငံဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ CI စာအုပ်ပြုလုပ်ရန် ကျန်ရှိနေသည့် အလုပ်သမားများအနေဖြင့် CI စင်တာများသို့ မြန်ဆန်စွာ လာရောက်မှသာလျှင် သတ်မှတ်ကာလအတွင်း အချိန်မီ CI စာအုပ်ထုတ်ယူနိုင်ကြမည်ဖြစ်ပြီး CI စာအုပ်ပြုလုပ်ရန် ကျန်ရှိနေသည့် အလုပ်သမား စုစုပေါင်း တစ်သိန်းရှစ်သောင်းခန့် ကျန်ရှိနေကြောင်း၊ ထို့သို့ကျန်ရှိနေသည့် အလုပ်သမားများအား သတ်မှတ်ကာလအတွင်း CI စာအုပ်များ အချိန်မီပြုလုပ်နိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အချို့သောအလုပ်ရှင်များသည် အလုပ်သမားများအပေါ် CI စာအုပ်ပြုလုပ်ရန် ငွေကြေးကောက်ခံရာတွင် အဆမတန်များပြားလျက်ရှိကြောင်း၊ အလုပ်သမားများနှင့်တွေ့ဆုံဆွေးနွေးရာတွင် အလုပ်သမားများ တင်ပြသည့် အချက်လက်များကို မကြာမီကျင်းပမည့် နှစ်နိုင်ငံဝန်ကြီးဌာနအစည်းအဝေးပွဲ၌ ထည့်သွင်းဆွေးနွေးကြမည်ဖြစ်ပြီး ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ အထောက်ထားမဲ့ မြန်မာရေလုပ်သမားများကိုလည်း ပန်းရောင်ဘတ်(သက်သေခံအထောက်အထားကတ်ပြား) များ ပြုလုပ်ပေးရန်အလားအလာများရှိကြောင်းနှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ အထောက်အထားစာရွက်ထုတ်ပေးထားသည့် အလုပ်သမားများအပြင် ပန်းရောင်ဘတ်နှင့် ယာယီနိုင်ငံကူးစာအုပ် (အနီနှင့်ခရမ်း) ကိုင်ဆောင်ထားသည့် အလုပ်သမားဦးရေ စုစုပေါင်း ငါးသိန်းနှစ်သောင်းကျော်မှာ CI စာအုပ်ပြုလုပ်ရန် ကျန်ရှိနေသေးကြောင်း သိရသည်။

ထိုင်းနိုင်ငံအတွင်း ဖွင့်လှစ်ထားရှိသည့် "မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်" CI စာအုပ်ထုတ်ပေးသည့်စင်တာများမှာ မဟာချိုင်(၁)၊ (၂)၊ စမုပရာကန်၊ ရနောင်၊ ချင်းမိုင်မြို့၊ မဲဆိုင်၊ မဲဆောက်၊ နကော့စဝမ်၊ စုန်ခလာစသည့် မြို့များဖြစ်ပြီး မြို့တော်ဘန်ကောက်နယ်မြေအတွင်းရှိ ပထုန်ဌာနီမြို့နယ်နှင့် နွန်ထဘူလီမြို့နယ်တို့တွင်လည်း မိုဘိုင်းစနစ်သုံး CI စင်တာနှစ်ခုကိုပါ ထပ်မံတိုးချဲ့ဖွင့်လှစ်ထားရှိကြောင်း ထိုင်းနိုင်ငံ မြို့တော်ဘန်ကောက်ရှိ မြန်မာသံရုံးမှ ထုတ်ပြန်ချက်အရ သိရသည်။

**ပွင့်သစ္စာ**

# ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံပေး

**အလုံ နိုဝင်ဘာ ၂၁**
အနာဂတ်ကလေးငယ်များအတွက် စိုးရိမ်ဖွယ်ရာရောဂါဖြစ်သည့် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးထိုးခြင်းအား သတ်မှတ်ကျောင်းများတွင် အစုလိုက်ထိုးနှံပေးခြင်းကို နိုဝင်ဘာ ၂၀ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလဲ့ညိုဝင်း ဦးဆောင်သောအဖွဲ့ (၁၊ ၂၊ ၄) သည် အခြေခံပညာအထက်တန်းကျောင်း အမှတ် (၆) အလုံသို့ နံနက် ၉ နာရီက ကွင်းဆင်းထိုးနှံပေးခဲ့ပြီး အ-လ-က (၂) အလုံ၊ အ-မ-က (၁၂)၊ အ-မ-က(၉)တို့တွင် အဖွဲ့သုံးမှလည်းကောင်း ကွင်းဆင်းထိုးနှံပေးခဲ့သည်။

ဂျပန်ဦးနှောက်ရောင်ရောဂါသည် ပေါ့လျော့၍မရဘဲ အထူးအလေးထားကာကွယ်ရမည့်ရောဂါဖြစ်ပြီး အသက် ကိုးလ မှ ၁၅ နှစ်အထိ ကလေးငယ်များတွင် ဖြစ်ပွားတတ်၍ ရုတ်တရက်ဖျားနာခြင်း၊ ချမ်းတုန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ပျို့အန်ခြင်းဝေဒနာတို့ကိုခံစားရပြီး အခြေအနေဆိုးရွားပါက စိတ်ရှုပ်ထွေး ခြင်း၊ အကြောဆွဲခြင်း၊ သတိမေ့ခြင်းနှင့် အသက်ပါဆုံးရှုံးတတ်ခြင်းများ ဖြစ်ပေါ်တတ်ကြောင်း၊ ရောဂါဖြစ်ပွားရာတွင် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ သေဆုံးနိုင်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ယင်းနေ့ ကျောင်းလေးကျောင်းတွင် စုစုပေါင်း ကျောင်းသား၊ကျောင်းသူ ၁၃၁၂ ဦးတို့အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**



ဗိုလ်တထောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကိုကို၊ မြို့မရဲစခန်းမှူး ဒုရဲမှူး သက်နိုင်ဦးနှင့် အဖွဲ့သည် နိုဝင်ဘာ ၂၁ ရက်က ဗိုလ်တထောင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျောင်းသားကျောင်းသူများနှင့်လုပ်သားပြည်သူများအား မူခင်းကျဆင်းရေး အသိပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးပြသဟောပြောစဉ်။ **ကြေးမုံ**

# အပြည်ပြည်ဆိုင်ရာ ဂျပန်-မြန်မာ ယဉ်ကျေးမှုဖလှယ်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**
NHK ယဉ်ကျေးမှုစင်တာမှ ဂျပန်-မြန်မာ ချစ်ကြည်ရင်းနှီးမှုပိုမိုလာစေရန် ရည်ရွယ်၍ကျင်းပသည့် (၃၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုဖလှယ်ရေးပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Melia Yangon ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်ကို NHK ယဉ်ကျေးမှုစင်တာမှ အဓိကကျင်းပခြင်းဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ ဂျပန်ဖောင်ဒေးရှင်း Fukuoka မြို့၊ ဂျပန်နိုင်ငံပြန်မြန်မာကျောင်းသားဟောင်းများအသင်း၊ မြန်မာနှင့် ဂျပန်နိုင်ငံ ဖုခုအိုခမြို့ နှစ်နိုင်ငံ မိတ်ဆွေများအသင်းမှ ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် ဂျပန်လူမျိုးတို့၏ လက်ဖက်ရည် တည်ခင်းပုံလက်တွေ့ပြသခြင်း၊ ပန်းအလှဆင်ပုံပြသခြင်း၊ လက်ရေးလှပြသခြင်း၊ ကီမိုနိုဝတ်စားဆင်ယင်ပုံပြသခြင်း၊ ဇာပန်းထိုးခြင်း၊ မျက်နှာဖုံးပြုလုပ်ခြင်း၊ စက္ကူအလှခေါက်ပြခြင်း၊ ကျစ်ကြိုးအလှချည်ခြင်းတို့ကို ကြည့်ရှုရမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှု ဖလှယ်ရေးပွဲတော်ကို ၁၉၈၆ ခုနှစ်မှစတင်၍ ကမ္ဘာ့တစ်ဝန်းနှစ်စဉ် ကျင်းပလေ့ရှိပြီး ဂျပန်ယဉ်ကျေးမှုဆိုင်ရာပြပွဲများ၊ စတိတ်စင်ဖျော်ဖြေမှုများ၊ ပြဇာတ်ဖျော်ဖြေမှုများနှင့် ခမ်းခမ်းနားနား ကျင်းပလေ့ရှိကြောင်း သိရသည်။

**သီသီမင်း**



# မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးခြင်းများဆောင်ရွက်

**ပုဇွန်တောင် နိုဝင်ဘာ ၂၁**
ပုဇွန်တောင်မြို့နယ် အမှတ် (၁၀) ရပ်ကွက် အနော်ရထာလမ်း အ-ထ-က (၁) ကျောင်းရှေ့တွင် နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီက မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပုဇွန်တောင်မြို့နယ် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး မျိုးသက်ပါ ၁၄ ဦး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၂) မှ ဒုရဲအုပ်သူရအောင်ပါ (၄) ဦး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့ တပ်ဖွဲ့စု (၆) မှ ဒုရဲအုပ် ကျော်လင်းထိုက်နှင့်အဖွဲ့၊ မူးယစ်တပ်ဖွဲ့မှ ဒုရဲအုပ် ဖြိုးဝေအောင်၊ မြို့နယ်ပညာရေးမှူး ဦးအောင်ဖေ၊ အ-ထ-က (၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းနွယ်တို့ ပူးပေါင်း၍ မှုခင်းကျဆင်းရေး အသိပညာပေးခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးခြင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အသိပညာပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ကျောင်းဆရာ၊ ဆရာမ ခုနစ်ဦး၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများအား ရှင်းလင်းပြသခဲ့ရာ စုစုပေါင်း ၄၀၀ လာရောက်လေ့လာကြပြီး လေ့လာသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ပညာပေးပြခန်းယာဉ်နှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းခဲ့သည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

# ကမ်းပြိုအိမ်များအား ထောက်ပံ့ကြေးပေး

**တွံတေး နိုဝင်ဘာ ၂၁**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အိုးဖိုအနောက်ရပ်ကွက်ရှိ တွံတေးတူးမြောင်းကမ်းထိန်းနံရံပြိုကျရာတွင် ပါဝင်သော အိမ်ခြေခုနစ်လုံးအား ထောက်ပံ့ငွေပေးအပ်ပွဲကို နိုဝင်ဘာ ၂၀ ရက် ညနေ ၄ နာရီက အိုးဖိုအနောက်ရပ်ကွက် ဆွမ်းလောင်းဇရပ်၌ ကျင်းပသည်။

ရှေးဦးစွာ တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက ယခုလာရောက်ရခြင်းက ကမ်းပြိုအိမ်ခြေခုနစ်လုံး လူဦးရေ ၄၄ ဦးအတွက် လာရောက် အားပေးစကား ပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အစီအမံဖြင့် တစ်အိမ်လျှင် ငွေကျပ် ၁၀၀၀၀၀ စီပေးအပ်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။



ထို့နောက် တစ်အိမ်လျှင် ငွေကျပ်တစ်သိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ကာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ကမ်းထိန်းနံရံပြိုကျမှုအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

# စစ်ရေးပြနှင့်လက်နက်ငယ် ကျွမ်းကျင်မှုမွမ်းမံသင်တန်းဖွင့်

**သန်လျင် နိုဝင်ဘာ ၂၁**
ရန်ကုန် တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့အစီအစဉ်ဖြင့် သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက စစ်ရေးပြနှင့် လက်နက်ငယ်ကျွမ်းကျင်မှုမွမ်းမံသင်တန်း (၂/၂၀၁၇) ကို ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဆန်းမြင့်က အမှာစကားပြောကြားခဲ့သည်။ သင်တန်းဖွင့်ပွဲသို့ တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။ သင်တန်းကာလမှာ နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၁ ရက်ထိဖြစ်ပြီး သင်တန်းသား ၃၀ တက်ရောက်ကြောင်း သိရသည်။

**(၆၈၉)**

## အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်)မှ သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံ

**လှိုင်ကော် နိုဝင်ဘာ ၂၁**

အားကစားနှင့် ကာယပညာသိပ္ပံ(လှိုင်ကော်)တွင် တက်ရောက်သင်ကြားနေသော သင်တန်းသား၊ သင်တန်းသူများ၏ တစ်နေ့တာလှုပ်ရှားမှုများကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့က နိုဝင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီက သွားရောက်ကြည့်ရှုအားပေးရာ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့စသည့် ကစားနည်းခုနစ်မျိုးတွင် သင်ကြားနေသော သင်တန်းသား သင်တန်းသူများက သရုပ်ပြသခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မိမိသင်ယူနေသော အားကစားနည်းများအား ကျွမ်းကျင်ပြီး လက်ဆင့်ကမ်းသင်ကြားနိုင်သည့်အထိ ကြိုးပမ်းစေလိုကြောင်း၊ ကိုယ့်ပြည်နယ်အတွက် အားကစားကဏ္ဍမြှင့်တင်ရန် သင်တန်းသား၊ သင်တန်းသူများ ကြိုးစားရန်လိုအပ်ပြီး တာဝန်လည်းရှိကြောင်း၊ ပြည်နယ်ဝန်ကြီးချုပ် အနေဖြင့်လည်း အားကစားကဏ္ဍ မြှင့်တင်လာစေရန် မခြွင်းမချန် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

အားကစားနှင့် ပညာရေးပေါင်းစပ်အထက်တန်းကျောင်းတွင် အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းတို့ကို နေ့စဉ် နံနက် ၈ နာရီမှ မွန်းတည့်၁၂ နာရီအထိ ဘာသာရပ်အလိုက် သင်တန်းညွှန်းတမ်းများဖြင့် သင်ကြားပို့ချလျက်ရှိသည်။

အရည်အချင်းသတ်မှတ်ချက် အနေဖြင့် အားကစားနှင့် ပညာရေးပေါင်းစပ်အထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်း အဋ္ဌမတန်းအတွက် နှစ်စဉ်ဇွန် ၁ ရက်တွင် အသက် ၁၅ နှစ်ထက်မကြီးရ၊ အားကစားနည်းအလိုက် သတ်မှတ်ထားသော အရပ်အမောင်း၊ ကိုယ်အလေးချိန်၊ ကျွမ်းကျင်မှု ရှိရမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအခြေအနေတွင် အဋ္ဌမတန်းမှ ကျောင်းသား ၅၇ ဦး၊ ကျောင်းသူ ၅၅ ဦး စုစုပေါင်း ၁၁၂ ဦး သင်ကြားပို့ချလျက်ရှိပြီး ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ်၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ လက်ဝှေ့စသည့် အားကစားနည်း ၁၀ မျိုးအား လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ထိုင်းနိုင်ငံမှတစ်ဆင့် ခရီးသွားဧည့်သည်များ ကော့သောင်းမြို့သို့ ဝင်ရောက်လည်ပတ်

**ကော့သောင်း နိုဝင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာနေမှုနှင့်အတူ နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံမှတစ်ဆင့် ကော့သောင်းမြို့သို့ ခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိသည်ကို တွေ့ရသည်။

လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များသည် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန လုပ်ထုံးလုပ်နည်းများနှင့်အညီ ကော့သောင်းမြို့၏ တစ်ခုတည်းသော ကြယ်ငါးပွင့်အဆင့်ဟိုတယ် Grand Andaman မှတစ်ဆင့် ကော့သောင်းမြို့၏ အထင်ကရ သမိုင်းဝင်နေရာများဖြစ်သည့် ယခင်ဗစ်တိုးရီးယားပွိုင့်(ခေါ်) ဘုရင့်နောင်အငူ၊ ဘုရင့်နောင်မင်းတရားကြီးရုပ်တုကုန်းမြေ၊ မြို့ကျက်သရေဆောင်ပြည်တော်အေးစေတီတော်၊ ၅၅၅တောင်ဗျူးပွိုင့်၊ မလိဝမ်းသဘာဝရေတံခွန်နှင့် ရေပူစမ်းနှင့် ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်းရှိ သာယာလှပသည့် သဘာဝအလှ မပျက်ယွင်းသေးသည့် ငှက်သိုက်ကျွန်း၊ မြင်းခွာကျွန်း၊ စေတန်ကျွန်း၊ ကြက်မောက်ကျွန်း(ခေါ်)အသည်းပုံကျွန်း၊ ညောင်ဦးဖီးကျွန်းနှင့် ခရင်းခွကျွန်း စသည့်နေရာများသို့ အများဆုံးလည်ပတ်ကြည့်ရှုလေ့လာအပန်းဖြေကြကြောင်း သိရသည်။



ပွင့်လင်း တိုးတက်ဖွံ့ဖြိုးလာနေသည့် တနင်္သာရီတိုင်းဒေသကြီး၏ အဓိကအားထားရာ ခရီးသွားလုပ်ငန်းကဏ္ဍတွင် သာယာလှပသည့် သဘာဝကျွန်းပေါင်းများစွာသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များထံမှ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေများ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## မျက်နှာပြင်ပြည့် Huawei Honor 7X ကို အမေရိကန်တွင် ဒေါ်လာ ၃၀၀ ဝန်းကျင်ဖြင့် ရောင်းချမည်



၇ ဒသမ ၆ မီလီမီတာ အထူသာရှိပြီး မျက်နှာပြင်ပြည့် ဈေးနှုန်းသက်သာပြီး စွမ်းဆောင်ရည်ကောင်းမွန်သော Huawei Honor 7X အမျိုးအစား စမတ်ဖုန်းကို အမေရိကန်နိုင်ငံတွင် ဒီဇင်ဘာလအတွင်း စတင်ရောင်းချသွားမည်ဟုသိရသည်။ အောက်တိုဘာလက တရုတ်နိုင်ငံတွင် စတင်မိတ်ဆက်ပေးခဲ့သည့် အဆိုပါ Honor 7X စမတ်ဖုန်းသစ်တွင် မျက်နှာပြင်အကျယ် ၅ ဒသမ ၉၃ လက်မပါဝင်ပြီး ၂၀၁၇ ခုနှစ် နောက်ပိုင်းတွင် ပြောင်းလဲလာသည့် စမတ်ဖုန်းများ၏ မျက်နှာပြင်ပြည့် ဒီဇိုင်းပုံစံဖြစ်ကာ Corning Gorilla Glass ဖြင့် မျက်နှာပြင်ကိုကာကွယ်ပေးထားသည့် ဖုန်းဖြစ်သည်။

ဖုန်းအတွင်း Android 7.0 လည်ပတ်မှုစနစ်နှင့် Qcta-Core HiSilicon Kirin 659 ပရိုဆက်ဆာပါဝင်ပြီး ရုပ်ထွက်အရည်အသွေးအတွက် Mali-T830 MP2 ကို ထည့်သွင်းတပ်ဆင်ပေးထားသည်။ RAM ပါဝင်မှု 4GB အထိရှိသောကြောင့် ဖုန်း၏လုပ်ဆောင်မှုများတွင် လျင်မြန်မှုရှိမည်ဖြစ်ကာ သိုလှောင်သိမ်းဆည်းမှုအတွက် 32GB, 64GB နှင့် 128GB ဟူ၍ သုံးမျိုးရရှိနိုင်ပြီး ထပ်မံကာ Micro SD 256GB အထိ တပ်ဆင်အသုံးပြုနိုင်သောကြောင့် စွမ်းဆောင်ရည်ပိုင်းတွင် ကောင်းမွန်သည့် စမတ်ဖုန်းအမျိုးအစား တစ်မျိုးဖြစ်ကြောင်း သိရသည်။

ကျောဘက်တွင် ကင်မရာနှစ်လုံး 16MP+2MP ပါဝင်ပြီး ၎င်းကင်မရာနှစ်လုံးအောက်တွင် လက်ဗွေဖတ်စနစ်ပါဝင်သည်။ အရှေ့ဘက်ကင်မရာ 8MP ပါဝင်ပြီး ကိုယ်တိုင်ရိုက်ဓာတ်ပုံများအတွက် ကောင်းမွန်သည့် ပုံထွက်အရည်အသွေးများ ရရှိနိုင်မည်ဟုသိရသည်။ 3340 mAh ဘက်ထရီပါဝင်ကာ စွမ်းအင်သုံးစွဲမှု ကြာရှည်ခံနိုင်မည်ဖြစ်ပြီး ထုတ်လုပ်ထားသော အရောင်များမှာ အနက်၊ အပြာနှင့် ရွှေရောင်တို့ဖြစ်သည်။ တရုတ်နိုင်ငံတွင် စတင်မိတ်ဆက်ရောင်းချစဉ်က ဒေါ်လာ ၂၀၀ ဝန်းကျင်ဖြင့်ရောင်းချခဲ့ပြီး အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများအတွက် လာမည့်ဒီဇင်ဘာလအတွင်း ဒေါ်လာ ၃၀၀ ဝန်းကျင်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရကာ Huawei ၏ Honor အမျိုးအစား စမတ်ဖုန်းများသည် အမေရိကနှင့်ဥရောပနိုင်ငံများ၏ မိုဘိုင်းဈေးကွက်အတွင်း နေရာရရှိလာပြီဖြစ်သည်။

ALEX

## ၂၀၂၀ ခုနှစ်တွင် စတင်ရောင်းချမည့် Roadster မော်ဒယ်လျှပ်စစ်ကားကို Tesla မိတ်ဆက်

၂၀၀၈ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့သော Roadster အမျိုးအစား လူစီးလျှပ်စစ်ကားကို ဒီဇိုင်းပိုင်းပြောင်းလဲကာ လာမည့် ၂၀၂၀ ခုနှစ်တွင် စတင် ရောင်းချရန်အတွက် မိတ်ဆက်ပေးလိုက်ပြီဖြစ်သည်။ တစ်ကြိမ်အားသွင်းထားလျှင် တစ်ထောင်မီတာ အကွာအဝေးအထိ ဆက်တိုက်မောင်းနှင်နိုင်ပြီး လျှပ်စစ်မော်တာ သုံးလုံးတပ်ဆင်ထားကာ လေးစက္ကန့်အတွင်း တစ်နာရီလျှင် မိုင် ၁၀၀ အမြန်နှုန်းအထိ အရှိန်မြှင့်တင်မောင်းနှင်နိုင်မည်ဟု သိရသည်။

Rosdster ၏ အပေါ်ဘက်နှင့် အရှေ့ဘက်ကိုယ်ထည်ပိုင်းကို ဒီဇိုင်းပြန်လည်ဆန်းသစ်ပေးထားကာ ယခင်ကထုတ်လုပ်ခဲ့သည့် မော်ဒယ်များထက် ပိုမိုထုတ်လုပ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



လူလေးဦးလိုက်ပါ စီးနင်းနိုင်ပြီး တစ်နာရီလျှင် မိုင် ၂၅၀ နှုန်းအထိ အရှိန် မြှင့်တင်မောင်းနှင်နိုင်ကာ ၎င်းမြန်နှုန်းမှာ နာမည်ကျော် ပြိုင်ကားများ၏ မြန်နှုန်းနီးပါးဖြစ်နိုင်ပြီး တစ်ကြိမ်အားသွင်းထားရုံဖြင့် မိုင်းပေါင်း ၆၂၀ အကွာအဝေးကို ဆက်တိုက်မောင်းနှင်နိုင်မည်ဖြစ်သည်ဟု သိရသည်။

၂၀၀၈ ခုနှစ်က အဆိုပါ လျှပ်စစ်ကားများကို ထုတ်လုပ်ရောင်းချမှုရှိခဲ့သော်လည်း ကမ္ဘာတစ်ဝန်း အစီးရေ ၂၅၀၀ ခန့်သာ ရောင်းချခဲ့ရပြီး ယခုထပ်မံထုတ်လုပ်ရောင်းချမှုတွင် စတင်ကြိုတင်မှာကြားမှုများအတွက် အစီးရေ ၁၀၀၀ ခန့် ရောင်းချသွားမည်ဖြစ်ပြီး ဒေါ်လာနှစ်သိန်းခွဲဖြင့် ကြိုတင်မှာကြားနိုင်ကာ စတင်ရောင်းချမှုတွင် ဒေါ်လာနှစ်သိန်းဝန်းကျင်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်ဟု သိရသည်။

ALEX

## ကလေးသူငယ်များ၏ရပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်မြှင့်တင်ခြင်းသည် နိုင်ငံ၏အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်

**ပဲခူး နိုဝင်ဘာ ၂၁**

(၂၈)နှစ်မြောက်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ကလေးသူငယ်များ၏ရပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်မြှင့်တင်ခြင်းသည် နိုင်ငံ၏အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ပါ ကလေးသူငယ်များ၏ အဓိကအခွင့်အရေး (၄)ရပ်အားပြည့်ဝစွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေပါပြဋ္ဌာန်းချက်များအရ ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကိုဖော်ဆောင်ပေးကြရန် ပြောကြားသည်။

အခမ်းအနားသို့ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးများနှင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## အခြေခံစားသောက်ကုန်နှင့် လူသုံးကုန် ထုတ်လုပ်နည်းသင်တန်းဖွင့်

**တနိုင်း နိုဝင်ဘာ ၂၁**

တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှုကြီးမှူး၍ အခြေခံစားသောက်ကုန်နှင့် လူသုံးကုန် ထုတ်လုပ်နည်းသင်တန်းဖွင့်လှစ်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီခွဲက တနိုင်းမြို့ ကင်ဆားရာရပ်ကွက်ရှိ အဆိုပါ ဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသူရလှိုင်က "ဒေသမှာက ဒေသထွက်လိမ္မော်၊ သရက်၊ သံပရာ၊ ကျွဲကော၊ ပင်မှည့်သီးစတဲ့အသီးအနှံတွေက ပေါပေါများများထွက်ရှိလို့ ကုန်ချောထုတ်လုပ်တဲ့ အတတ်ပညာတွေသာ တတ်မြောက်ထားမယ်ဆိုရင် တန်ဖိုးမြင့်လာမှာဖြစ်ပြီး ဒေသခံတွေအတွက် ဝင်ငွေကောင်းတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်လာကာ မိသားစုစီးပွားရေးလည်း အဆင်ပြေ ချောမွေ့လာမှာပါ"ဟု ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဒေသခံအမျိုးသမီး ၃၀ တက်ရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသထွက်သီးနှံများမှ ဖျော်ရေ၊ ယိုနှင့်ဂျယ်လီပြုလုပ်နည်းများ၊ ဒေသထွက်ကုန်ကြမ်းသီးနှံများနှင့် ဓာတုဆေးဝါးများရောနှော၍ အိမ်သုံးဆပ်ပြာဆီ၊ ဆပ်ပြာရည်၊ ဆပ်ပြာခဲပြုလုပ်နည်းများကို စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကာ နိုဝင်ဘာ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

ကြေးမုံ
နိုဝင်ဘာ ၂၂၊ ၂၀၁၇

# တစ်ပတ်အတွင်း အားကစားသတင်း

မေလဲ့သင်း
ရေးသားသည်။

## ဝင်းဂါးရဲ့မျှော်လင့်ချက်သဲ့သဲ့

အာဆင်နယ်နည်းပြ ဝင်းဂါးက လာမည့်ဇန်နဝါရီဈေးကွက်အတွင်း အသင်းပြောင်းရွှေ့မယ်လို့သတင်းထွက်နေတဲ့ အိုဇေးလ်နဲ့ ဆန်းချက်ဇ် တို့နှစ်ဦးလုံး ကလပ်အသင်းတွင် ဆက်နေလိုတယ်လို့ ယုံကြည်ကြောင်း ဖွင့်ဟခဲ့ပါတယ်။ ဆန်းချက်ဇ်မှာ စပါးနဲ့ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သလို အိုဇေးလ်ကလည်း အဆိုပါပွဲရဲ့ အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့ပါတယ်။

ဝင်းဂါးက" သူတို့က ကလပ်အသင်းကို ချစ်မြတ်နိုးမှု ရှိတယ်ဆိုတာ ကျွန်တော်သိထားပါတယ်။ ကျန်တာတော့ သူတို့ဘာသာ ဆက်ဆုံးဖြတ်ပါလိမ့်မယ်။ ဘယ်အချိန်မှာ ဆုံးဖြတ်မလဲ ဒါလည်း ကျွန်တော် မသိပါဘူး။ သူတို့က ကလပ်အသင်းကို ချစ်တော့ ဆက်နေမယ်လို့ ကျွန်တော့်ဘက်က ယုံကြည်ထားပါတယ်" လို့ ဆိုခဲ့ပါတယ်။ ဆန်းချက်ဇ်မှာ ယခုနှစ် ဘောလုံးရာသီမှာ အာဆင်နယ်အတွက် နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပေမယ့် ၁၁၂ပွဲတွင် ၅၅ဂိုး သွင်းယူနိုင်တယ်ဆိုတဲ့ စံချိန်ကောင်းတစ်ရပ်ကိုတော့ ရယူထားနိုင်ပါတယ်။ အိုဇေးလ်ကလည်း ယခုပွဲစဉ်ရဲ့ အဖွင့်ဂိုးကို ဖန်တီးပေးနိုင်ခဲ့ရာ အာဆင်နယ်အသင်းအတွက် ဂိုးဖန်တီးမှု ၄၅ ကြိမ်အထိ ပြုလုပ်နိုင်တဲ့ မှတ်တမ်း တစ်ရပ်ကို ပိုင်ဆိုင်ထားခဲ့ပါတယ်။

ဒါပေမယ့် တကယ်တမ်းမှာ အိုဇေးလ်ကို မန်ယူ၊ ဘာစီလိုနာတို့က ခေါ်ယူဖို့ ကြိုးပမ်းနေသလို မန်စီးတီးအသင်းက ဆန်းချက်ဇ်ကို ခေါ်ယူဖို့ အသင့်ပြင်ထားပြီးဖြစ်တာကြောင့် ဒီကစားသမားနှစ်ဦးလုံးကို ဆက်ထိန်းဖို့ ဆိုတာ လက်တွေ့မှာ မလွယ်ပါဘူး။ အိုဇေးလ်ကိုယ်တိုင်ကလည်း ယူရိုပါလိဂ်သာ ကစားနေရတဲ့ အာဆင်နယ်ထက် ချန်ပီယံလိဂ် ကစားခွင့်ရမယ့် မန်ယူ၊ ဘာစီလိုနာတို့ကို ပြောင်းရွှေ့ဖို့ လိုလားနေသလို ဆန်းချက်ဇ်ကလည်း ဆရာဟောင်း ဂွါဒီယိုလာနဲ့ လက်တွဲဖို့ ဆုံးဖြတ်ထားတယ်လို့ သိရပါတယ်။

အားကစားသတင်းသုံးသပ်သူတွေကတော့ ဝင်းဂါးအနေနဲ့ အသင်းကြီးတွေကို ရင်ဆိုင်တဲ့ ပွဲတွေမှာ စွမ်းဆောင်ရည်ကောင်း အမြဲပြတတ်တဲ့ အိုဇေးလ်နဲ့ ဆန်းချက်ဇ်တို့နှစ်ဦးကို ဆုံးရှုံးရမှာ ကြောက်နေပြီလို့ ရေးသားမှုတွေလည်း မြင်တွေ့နေရပါတယ်။ အိုဇေးလ်ကလည်း လာမယ့် နွေဈေးကွက်အတွင်း အာဆင်နယ်နဲ့ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်တာကြောင့် ဈေးချိုချိုနဲ့ ရရှိနိုင်တဲ့ အခြေအနေအပြင် လာလီဂါမှာလည်း အောင်မြင်ခဲ့ဖူးတာက ဘာစီလိုနာရဲ့ ထိပ်တန်းပစ်မှတ်ဖြစ်လာရခြင်းရဲ့ အဓိကအကြောင်းခြင်းရာ နှစ်ချက်လို့ မန်ဒိုဒီပို့တီဗိုသတင်းဌာနက ဖော်ပြခဲ့ပါတယ်။ ဒါပေမယ့် ဝင်းဂါးအနေနဲ့ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ထွက်ခွာခွင့်ပြုရမယ့်အရေးထက် ငွေရသလောက် ပြန်ရှာဖွယ်ရှိလို့ သူတို့ နှစ်ဦးစလုံးကို ဆက်ထိန်းနိုင်ဖွယ်မရှိရင် လာမယ့်ဇန်နဝါရီဈေးကွက်အတွင်း ထုတ်ရောင်းဖို့ ရှိတာကြောင့် ဝင်းဂါးရဲ့ မျှော်လင့်ချက်ခပ်ပါးပါး ဘယ်လောက်အထိ ဖြစ်လာမလဲ ဒီနှစ်လအတွင်း အဖြေပေါ်မှာပါ။

## ပြန်လည်ကစားနိုင်တာနဲ့ မော်ရင်ဟိုရဲ့ချီးကျူးခံရတဲ့ပေါ့ဘာ

ပေါ့ဘာမှာ ဒဏ်ရာ ပြဿနာမှ လွန်မြောက်လာပြီး ပထမဦးဆုံး ပြန်လည်ကစားနိုင်တဲ့ နယူးကာဆယ်နဲ့ပွဲမှာ ကိုယ်တိုင်သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်သလို ဂိုးဖန်တီးမှု တစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီးနောက် မန်ယူနည်းပြ မော်ရင်ဟိုက ပေါ့ဘာမှာ အခြားအဆင့်တစ်ရပ်ရှိတဲ့ ကစားသမားဆိုတဲ့ စကားရပ်နဲ့ ချီးကျူးစကားဆိုခဲ့သည်။ ပေါ့ဘာမှာ မာရှယ်လ်ရဲ့ ချေပဂိုးကို ဖန်တီးပေးနိုင်ခဲ့သလို မန်ယူအသင်းအတွက် တတိယမြောက် အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့ပါတယ်။ ပြင်သစ်ကွင်းလယ်လူ ပေါ့ဘာဟာ တံကောက်ကြောဒဏ်ရာကြောင့် မန်ယူအတွက် ၁၂ပွဲ ဝင်ရောက်ကစားပေးနိုင်ခြင်းမရှိခဲ့ပါဘူး။

မန်ယူအသင်းက ယခုပွဲစဉ်မတိုင်မီ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်သုံးပွဲမှာ အနိုင်မရခဲ့တဲ့အပြင် နယူးကာဆယ်ကို ဦးဆောင်ဂိုး ခွင့်ပြုခဲ့ရတဲ့အတွက် နောက်ကလိုက်ကစားခဲ့ရပါသေးတယ်။

မော်ရင်ဟိုက" ပေါ့ဘာက အခြားအဆင့်တစ်ရပ်မှာ ရှိတဲ့ကစားသမားပါ။ ပေါ့ဘာနဲ့ မာတစ်တို့ အတွဲအဖက်က ဒီနှစ်ရာသီမှာ ပေါ်ထွက်လာပြီး အသင်းရဲ့ အဓိကမောင်းနှင်အားဖြစ်လာခဲ့ပါတယ်" လို့သူ့ရဲ့ ကွင်းလယ်အတွဲအဖက်အပေါ် ချီးကျူးခဲ့ပါသေးတယ်။ ဒါပေမယ့် မော်ရင်ဟိုက ပွဲကစားချိန် မိနစ် ၇၀ကျော်တွင် ပေါ့ဘာကို ဖယ်လိုင်နီနှင့် လူစားလဲခဲ့တဲ့အပေါ် " ဒါက ပေါ့ဘာလက်ထဲမှာ ရှိနေတာပါပဲ။ သူက ဘယ်နှမိနစ်ပဲ ကစားရကစားရ အတန်ငယ်ပဲ ကစားရတယ်လို့ ခံစားနေရတတ်သူပါ" လို့ မှတ်ချက်ပြုခဲ့ပါတယ်။



## ဘာစီလိုနာရဲ့ခြေစွမ်းယိုင်ချိန်ကို စောင့်နေရပြီလား

ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းက ရီးယဲလ်အသင်းမှာ လမ်းကြောင်းမှန်ပေါ်တွင် ရှိနေဆဲဖြစ်တဲ့အပြင် ဘာစီလိုနာလည်း အမှတ်လျော့တဲ့ ပွဲစဉ်များ ကြုံလာဦးမယ်လို့ အက်သလက်နဲ့ ရီးယဲလ်တို့ ဂိုးမရှိ သရေကျတဲ့ ပွဲစဉ်အပြီးမှာ ပြောကြားလိုက်ပါတယ်။ ဇီဒန်းရဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ ပြီးခဲ့တဲ့နှစ်ကဆိုရင် လာလီဂါမှာရော ချန်ပီယံလိဂ်မှာပါ ရလဒ်ကောင်းတွေ ထွက်ပေါ်ကာ ယုံကြည်မှု အမြင့်မားဆုံးရောက်နေပေမယ့် ဒီနှစ်ဘောလုံးရာသီမှာတော့ လူငယ်တွေကို နေရာပေးလွန်းတဲ့အတွက် ရသင့်ရထိုက်တဲ့ အမှတ်တွေ မရရှိတဲ့ ပြဿနာကြုံနေရတာပါ။ နောက်ဆုံးကစားခဲ့တဲ့ အက်သလက်တီကိုနဲ့ သရေလဒ်ထွက်ပေါ်ခဲ့တဲ့အတွက် ဦးဆောင်သူ ဘာစီလိုနာနဲ့ ရမှတ် ၁၀ မှတ်အထိ ကွာဟသွားခဲ့ပြီဖြစ်ပါတယ်။

ဒါပေမယ့် ဇီဒန်းက ရီးယဲလ်မက်ဒရစ်အနေနဲ့ အကျပ်အတည်းဆိုက်နေတယ်ဆိုတဲ့ စကားရပ်ကို လက်မခံဘဲ လမ်းကြောင်းမှန်ပေါ် ရှိနေဆဲလို့ တုံ့ပြန်ခဲ့ပါတယ်။ ဒ့ါအပြင် ရီးယဲလ်အသင်းအဝတ်လဲခန်းအတွင်း အသင်းခေါင်းဆောင်ရာမို့စ်နဲ့ စူပါစတား စီရိုနယ်လ်ဒိုတို့ရဲ့ ပုဂ္ဂိုလ်ရေး အားပြိုင်မှုကလည်း ရလဒ်ပိုင်းကို များစွာ သက်ရောက်စေတယ်ဆိုတဲ့ မှန်းဆချက်တွေ ထွက်လာခဲ့ပါတယ်။ ဒါပေမယ့် ဇီဒန်းကတော့ ရာမို့စ်နဲ့ စီရိုနယ်လ်ဒိုတို့နှစ်ဦးမှာ ကလပ်အသင်းအတွက် သမိုင်းရေးထိုးထားကြသူများဖြစ်တာကြောင့် ရီးယဲလ်နဲ့ ပတ်သက်ပြီး ထင်မြင်ချက်ပေးခွင့်ရှိတယ်လို့ ခပ်ပါးပါး ကာကွယ်မှုပေးခဲ့ပါတယ်။

စီရိုနယ်လ်ဒိုက ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ မိုရာတာ၊ ပီပီ၊ ကွန်ထရာအိုတို့လို ကစားသမားများကို ရီးယဲလ်မှ ထွက်ခွာခွင့် ပေးလိုက်ခြင်းက ကလပ်အသင်းကို များစွာအားနည်းစေတယ်လို့ ဝေဖန်စကားဆိုခဲ့ပြီး မရှေးမနှောင်းမှာပဲ ရာမို့စ်က နေမာအတွက် ဘာနေဗျူးတံခါးကို အမြဲဖွင့်လှစ်ထားကြောင်း ပြောကြားခဲ့ပြန်ရာ ဒီကိစ္စရပ်က သူတို့နှစ်ဦးရဲ့ ပုဂ္ဂလိက အမြင်ဆိုတာထက် အဝတ်လဲခန်းအတွင်း အားပြိုင်မှု တစ်စွန်းတစ်စ အပြင်ထွက်လာခြင်းကို အစထုတ်နိုင်တဲ့ အမြင်တွေ ဖြစ်ပါတယ်။

ဇီဒန်းကတော့ အသင်းတိုင်းမှာ အားနည်းချက်၊ အားသာချက်ဆိုတာ ရှိတာကြောင့် ဘာစီလိုနာရဲ့ အားနည်းချက်ကို ပြိုင်ဘက်အသင်းတွေ ရှာတွေ့သွားတာနဲ့ အမှတ်ဆုံးရှုံးမှုတွေ ကြုံလာဦးမယ်လို့ ယူဆနေတာပါ။ လက်ရှိအချိန်မှာတော့ အသင်းခေါင်းဆောင် ရာမို့စ်နဲ့ စူပါစတား စီရိုနယ်လ်ဒိုတို့ကြားက ပုဂ္ဂိုလ်ရေး အားပြိုင်မှုတွေကို ဇီဒန်း ဘယ်လို ထိန်းကျောင်းမလဲဆိုတာရယ်၊ ဖိအားများတဲ့ ရီးယဲလ်နည်းပြ ထိုင်ခုံပူကြီးကနေ ထုတ်ပယ်မခံရအောင် ဘယ်လို စီမံသွားမလဲဆိုတာကလည်း စိတ်ဝင်စားစရာပါ။ ရီးယဲလ်အသင်းက ဇီဒန်းကို ထုတ်ပယ်ပြီး ဂျာမနီလက်ရွေးစင်အသင်းနည်းပြ ဂျိုအာချင်လိုကို အစားထိုးဖို့ အသင့်ပြင်ထားပြီးဖြစ်တယ်လို့ သတင်းတွေ ထွက်လာပြီဖြစ်ပါတယ်။

## ဂွါဒီယိုလာရဲ့ကြွေးကြော်သံ

မန်စီးတီးက လက်စတာအသင်းကို အနိုင်ရတဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ အံ့အားသင့်ဖွယ် သွင်းဂိုးနှစ်ဂိုးကို သွင်းယူနိုင်ခဲ့ပြီး သူ့ကစားသမားတွေရဲ့ စွမ်းဆောင်ရည်နဲ့ ဉာဏ်ရည်မြင့်မားမှုက ပွဲရဲ့ရလဒ်ပိုင်းကို အဆုံးအဖြတ် ဖြစ်ခဲ့တာဖြစ်ပြီး အားလုံးကို ကြက်သေသေသွားစေခဲ့တယ်လို့ ဂွါဒီယိုလာက ကြွေးကြော်သွားပါတယ်။

ဂွါဒီယိုလာက ဂျေဆူးသွင်းယူခဲ့တဲ့ ပထမဂိုးဟာ အပေးအယူ အချိတ်အဆက် များစွာပြုလုပ်ပြီးမှ ရရှိခဲ့တဲ့ ဂိုးဖြစ်သလို ဒုတိယဂိုးကလည်း ဒီဘရိုင်းရဲ့ အံ့အားသင့်ဖွယ် အစွမ်းကို မြင်တွေ့ခဲ့ရတယ်လို့ ချီးကျူးလိုက်ပါတယ်။ ဒီဘရိုင်းသွင်းခဲ့တဲ့ ဒုတိယဂိုးအတွက် ၂၁ စက္ကန့်သာ အချိန်ယူခဲ့ရပြီး ၂၄ ဒသမ ၄၅ ကိုက်ကနေ သွင်းယူသွားခဲ့တာဖြစ်ပါတယ်။

ဂွါဒီယိုလာက"ပထမဂိုးက တကယ့်ကို အံ့အားသင့်စရာပါ။ ဒီဂိုးရဖို့ အပေးအယူပေါင်းများစွာ ပြုလုပ်ခဲ့ရပြီးမှရခဲ့တယ်။ ဒီဘရိုင်းရဲ့ စွမ်းဆောင်ရည်ကတော့ အထူးကောင်းမွန်ပါတယ်။ ကျွန်တော်တို့က အင်မတန် အံ့အားသင့်ဖွယ် ဂိုးနှစ်ဂိုးကို သွင်းယူခဲ့တာဖြစ်ပါတယ်"လို့ ပွဲအပြီး သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့တာဖြစ်ပါတယ်။ ဂွါဒီယိုလာရဲ့ မန်စီးတီးဟာ လက်ရှိအချိန်အထိ ပရီမီယာလိဂ်မှာရော ချန်ပီယံလိဂ်မှာရော အမှားအယွင်းကင်းကင်းနဲ့ ရှေ့ဆက်နိုင်ပြီး အမှတ်ပေးဇယားကို ရမှတ်ရှစ်မှတ်အထိ ဖြတ်ပြီး ဦးဆောင်ထားနိုင်ဆဲပါပဲ။ဂွါဒီယိုလာဟာ ဖီယင်နော့ဒ်အသင်းကို ရင်ဆိုင်ကစားမယ့်ပွဲမှာလည်း အင်္ဂလန်ယူ-၁၇ အသင်းနဲ့အတူ သူ့ရဲကောင်းဖြစ်ခဲ့တဲ့ ဖီးလ်ဖိုဒန်ကို ပွဲဦးထွက်အဖြစ်အသုံးပြုဖို့ ပြင်ဆင်ထားပြီးဖြစ်ပါတယ်။

# ကမ္ဘာတစ်ဝန်းရှိ ရောမကျွန်းပင်ကြီးများ

**ဝင်းချစ်(အမျိုးသားစာပေဆုရ)**

စာရေးသူလက်လှမ်းမီသမျှ မှတ်တမ်းမှတ်ရာများအရ ကမ္ဘာတစ်ဝန်းရှိ ရောမကျွန်းပင်ကြီး (Giant Teak Tree) ခုနစ်ပင်၏ ကိန်းဂဏန်းအချက်အလက်များကို ဖော်ပြလိုက်ပါသည်။ ယခုစာရေးသားနေသည့် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်အထိ ရရှိထားသော အထောက်အထားများအရသာ ဖြစ်ပါသည်။

နောက်ဆုံးတွေ့ရှိထားသည့် ရောမကျွန်းပင်ကြီးများထက် ပို၍ကြီးသော ရောမကျွန်းပင်ကြီးများကို မြန်မာနိုင်ငံ၌ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တွေ့နိုင်ကောင်း တွေ့နိုင်ပါသေးသည်။

**ကမ္ဘာ့အကြီးဆုံးရောမကျွန်းပင်ကြီး**

| | |
|---|---|
| အမည် | - မဟီဆာ |
| ရင်စို့လုံးပတ် | - ၃၃ ပေ၊ ၂ လက်မ |
| အမြင့် | - ၁၂၀ ပေ (မုန်တိုင်းတစ်ခု၏ ဒဏ်ကြောင့် ပင်စည်အပေါ်ပိုင်း ကျိုးသွားသော်လည်း ယခုထက်တိုင် ရှင်သန်လျက်ရှိပါသည်) |
| တွေ့ရှိသည့်နေရာ | - အက်ထရာဒစ်စီရင်စု၊ နန်ပက်ခရိုင်၊ ထိုင်းနိုင်ငံ။ |
| သစ်တောအမျိုးအစား | - ရွက်ပြတ်ရောနှောသောတော (Mixed-Deciduous) |
| စတင်တွေ့ရှိသည့်အချိန် | - ၁၉၂၇ ခုနှစ် |
| စတင်တွေ့ရှိသူ | - မသိရှိ |
| သက်တမ်း | - ၁၅၀၀ နှစ် (ခန့်မှန်း) |
| မှတ်ချက် | - ဤကျွန်းပင်ကြီး၏ ၁၉၂၇ ခုနှစ်ကရှိခဲ့သော လုံးပတ်ကိုသာ သိရှိနိုင်မည်ဆိုပါက နှစ် ၉၀ အတွင်း ကြီးထွားမှုကို သိရှိနိုင်ခြင်းကြောင့် တစ်နှစ်ကြီးထွားနှုန်းကို သိရှိနိုင်မည်ဖြစ်ပါသည်။ ယခုကျွန်းပင်ကြီးရှိသည့်နေရာကို တွန်ဆာရီ (Giant Teak Tree) သစ်တောပန်းခြံအဖြစ် ဖွင့်လှစ်ထားရှိပြီး ဝင်ကြေးအဖြစ် လူကြီး ဘတ် ၁၀၀ နှင့် ကလေး ဘတ် ၅၀ ကောက်ခံကြောင်း သိရသည်။ |

**ဒုတိယအကြီးဆုံးရောမကျွန်းပင်ကြီး**

| | |
|---|---|
| အမည် | - ဟုမ္မလင်း - ၁ |
| ရင်စို့လုံးပတ် | - ၂၇ ပေ၊ ၅ လက်မ |
| အမြင့် | - ၁၁၀ ပေ (ခန့်) |
| တွေ့ရှိသည့်နေရာ | - အကွက်အမှတ် (၇၉) ဥရုကြိုးဝိုင်း ဟုမ္မလင်းမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး မြန်မာနိုင်ငံ။ |
| သစ်တောအမျိုးအစား | - အထက်ရွက်ပြတ်ရောနှောသော တောစို။ (Upper Moist Mixed-Deciduous Forest) |
| မှတ်တမ်းတင်သည့်နေ့ | - ၂၈-၈-၂၀၁၇ |
| စတင်တွေ့ရှိသူ | - ဦးတင်ရွှေ - ပရဆေးမြစ်နှင့် ပရဆေးဥများ ရှာဖွေသူ။ |
| သက်တမ်း | - မသိရှိ |

**တတိယအကြီးဆုံး ရောမကျွန်းပင်ကြီး**

| | |
|---|---|
| အမည် | - ဟုမ္မလင်း - ၂ |
| ရင်စို့လုံးပတ် | - ၂၇ ပေ |
| အမြင့် | - ၁၀၀ ပေ (ခန့်) |
| တွေ့ရှိသည့်နေရာ | - အကွက်အမှတ် (၇၈) ဥရုကြိုးဝိုင်း ဟုမ္မလင်းမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး မြန်မာနိုင်ငံ။ |
| သစ်တောအမျိုးအစား | - အထက်ရွက်ပြတ်ရောနှောသော တောစို။ |
| မှတ်တမ်းတင်သည့်နေ့ | - ၂၈-၈-၂၀၁၇ |
| စတင်တွေ့ရှိသူ | - ဦးတင်ရွှေ - ပရဆေးမြစ်နှင့် ပရဆေးဥများရှာဖွေသူ။ |
| သက်တမ်း | - မသိရှိ |

**စတုတ္ထအကြီးဆုံးရောမကျွန်းပင်ကြီး**

| | |
|---|---|
| အမည် | - မသိရှိ |
| ရင်စို့လုံးပတ် | - ၂၆ ပေ၊ ၄ လက်မ |
| အမြင့် | - ၁၂၀ ပေ (ခန့်) |
| တွေ့ရှိသည့်နေရာ | - အကွက်အမှတ် (၆၃) နန့်ကျင်ကြိုးဝိုင်း ဗန်းမောက်မြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး မြန်မာနိုင်ငံ။ |
| သစ်တောအမျိုးအစား | - အထက်ရွက်ပြတ်ရောနှောသော တောစို။ |
| မှတ်တမ်းတင်သည့်နေ့ | - ၁၉၉၇ ခုနှစ် နိုဝင်ဘာလ။ |
| စတင်တွေ့ရှိသူ | - ဦးတင်မောင်မြင့်(တောအုပ်)နှင့် ဦးဝင်းမြင့်ထူး (တောခေါင်း) |
| သက်တမ်း | - မသိရှိ |
| မှတ်ချက် | - ဤကျွန်းပင်ကြီးကို ၂၀၁၇ ခုနှစ် မေလက တိုင်းတာခဲ့ရာ ရင်စို့လုံးပတ် ၂၆ ပေ - ၈ လက်မရှိကြောင်း၊ အမြင့်မှာမူ ယခင်အတိုင်း ပေ ၁၂၀ သာ ရှိကြောင်း သိရသည်။ ထို့ကြောင့် အနှစ် ၂၀ အတွင်း လုံးပတ် လေးလက်မသာတိုးခြင်းဖြစ်သည်။ သစ်ပင်ကြီးများ သက်တမ်း အလွန်ရင့်လာသည်နှင့်အမျှ ကြီးထွားနှုန်း အလွန်ပင် နှေးသွားကြောင်း ပြသသည့် သာဓကကောင်းတစ်ခု ဖြစ်ပါသည်။ |

**ပဉ္စမအကြီးဆုံးရောမကျွန်းပင်ကြီး**

| | |
|---|---|
| အမည် | - ရီပရာကျွန်းပင်ကြီး |
| ရင်စို့လုံးပတ် | - ၂၅ ပေ၊ ၁ လက်မ |
| အမြင့် | - ၁၇၇ ပေ |
| တွေ့ရှိသည့်နေရာ | - သန္တထိသစ်တောတန်း၊ မလေယက်တာ၊ ကီရာလာ၊ အိန္ဒိယနိုင်ငံ။ |
| သစ်တောအမျိုးအစား | - တစ်ပိုင်းတစ်စ အမြဲစိမ်းတော (Semi - Evergreen) |
| မှတ်တမ်းတင်သည့်နေ့ | - မသိရှိ |
| စတင်တွေ့ရှိသူ | - မသိရှိ |
| သက်တမ်း | - ၅၀၀ နှစ် (ခန့်မှန်း) |
| မှတ်ချက် | - ယခုကျွန်းပင်ကြီး၏ သက်တမ်းကို နှစ်ပေါင်း ၅၀၀ ဟု ခန့်မှန်းထားသဖြင့် ဟုမ္မလင်း-၁၊ ဟုမ္မလင်း -၂ နှင့် ဗန်းမောက်မှ ကျွန်းပင်ကြီးတို့၏ သက်တမ်းကို အနည်းဆုံး နှစ်ပေါင်း ၅၀၀ ရှိနိုင်သည်ဟု ခန့်မှန်းပါက လွန်မည်မဟုတ်ပါ။ |

**ဆဋ္ဌမအကြီးဆုံး ရောမကျွန်းပင်ကြီး**

| | |
|---|---|
| အမည် | - သစ်လှ |
| ရင်စို့လုံးပတ် | - ၂၄ ပေ၊ ၆ လက်မ |
| အမြင့် | - ၁၈၈ ပေ (ယခုဖော်ပြထားသည့် ကျွန်းပင်ကြီး ခုနစ်ပင်အနက် အမြင့်ဆုံးအပင်ဖြစ်သည်) |
| တွေ့ရှိသည့်နေရာ | - အကွက်အမှတ် (၉၀) ဘော်ကြိုးဝိုင်း ပြင်ဦးလွင်မြို့နယ် မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံ။ |
| သစ်တောအမျိုးအစား | - အထက်ရွက်ပြတ်ရောနှောသော တောခြောက် (Upper Dry Mixed-Deciduous Forest) |
| မှတ်တမ်းတင်သည့်နေ့ | - ၁၉၉၆ ခုနှစ် မေလ။ |
| စတင်တွေ့ရှိသူ | - ဦးစိုးလွင် (တောအုပ်ကြီး) နှင့် ဦးမိုးဝင်း (တောခေါင်း) |
| သက်တမ်း | - မသိရှိ |
| မှတ်ချက် | - ဤကျွန်းပင်ကြီးအား ၂၀၁၇ ခုနှစ် စက်တင်ဘာလက တိုင်းတာခဲ့ရာ - ရင်စို့လုံးပတ် ၂၅ ပေ - ၂ လက်မ နှင့် အမြင့် ၁၈၅ ပေ ရှိကြောင်း သိရသည်။ ထို့ကြောင့် ၂၁ နှစ်အတွင်း လုံးပတ် ရှစ်လက်မ တိုးလာခြင်းဖြစ်သည်။ ဗန်းမောက်မြို့နယ်မှ ကျွန်းပင်ကြီးနှင့် နှိုင်းယှဉ်လျှင် ကြီးထွားနှုန်း နှစ်ဆခန့်ရှိသဖြင့် ယခုအပင်သည် ဗန်းမောက်မှ ကျွန်းပင်ထက် သက်တမ်းအတော်ငယ်မည်ဟု ခန့်မှန်းနိုင်ပါသည်။ လုံးပတ်အနေဖြင့်လည်း ၂၂ လက်မ ငယ်နေပါသည်။ |

**သတ္တမအကြီးဆုံး ရောမကျွန်းပင်ကြီး**

| | |
|---|---|
| အမည် | - ကာနီမာရီကျွန်းပင်ကြီး |
| ရင်စို့လုံးပတ် | - ၂၃ ပေ၊ ၃ လက်မ |
| အမြင့် | - ၁၃၁ ပေ |
| တွေ့ရှိသည့်နေရာ | - Parabikulam, Kerla၊ အိန္ဒိယနိုင်ငံ။ |
| သစ်တောအမျိုးအစား | - ရွက်ပြတ်ရောနှောသော တောစို |
| မှတ်တမ်းတင်သည့်နေ့ | - မသိရှိ |
| သက်တမ်း | - ၄၆၅ နှစ် (ခန့်မှန်း) |

ဗန်းမောက်မှ ကျွန်းပင်ကြီးသည် အနှစ် ၂၀ အတွင်း လုံးပတ် လေးလက်မသာတိုးသဖြင့် တစ်နှစ်လျှင်ကြီးထွားနှုန်း သုည ဒသမ ၂ လက်မသာ ရှိပါသည်။ တစ်နည်းအားဖြင့် လုံးပတ် တစ်လက်မတိုးရန် အချိန် ငါးနှစ်ကြာသည်။ ထို့ကြောင့် လုံးပတ် ၂၇ ပေ - ၅ လက်မရှိသည့် ဟုမ္မလင်း - ၁ ကျွန်းပင်ကြီးသည် ထိုင်းနိုင်ငံမှ ကမ္ဘာ့အကြီးဆုံးကျွန်းပင်ကြီး၏ အရွယ် (လုံးပတ် ၃၃ ပေ - ၂ လက်မ)သို့ရောက်ရှိရန် နှစ်ပေါင်း ၃၄၅ နှစ်ခန့် ကြာနိုင်ပါသည်။

သစ်ပင်များ အသက်ကြီးရင့်လာသည်နှင့်အမျှ ကြီးထွားနှုန်း အလွန့်အလွန် နှေးသွားလေ့ရှိသောကြောင့် ယခု ခန့်မှန်းသည့်ကာလထက်ပင် ပို၍ကြာနိုင်ပါသည်။ ယခုခန့်မှန်းမှုတွင် ပြင်ဦးလွင်မှ ကျွန်းပင်ကြီး၏ ကြီးထွားနှုန်းကို အခြေမခံဘဲ ဗန်းမောက်မှ ကျွန်းပင်ကြီး၏ ကြီးထွားနှုန်းကို အခြေခံထားခြင်းမှာ - (၁) ဗန်းမောက်ကျွန်းပင်ကြီးက ပြင်ဦးလွင်ကျွန်းပင်ကြီးထက် အရွယ်အစားပို၍ကြီးခြင်း (၂) ဟုမ္မလင်း - ၁ နှင့် ဗန်းမောက်ကျွန်းပင်ကြီးတို့၏ ပေါက်ရောက်ရာဒေသနီးခြင်း၊ သစ်တောအမျိုးအစား တူညီနေခြင်းတို့ကြောင့် ဖြစ်ပါသည်။



**မြန်မာနိုင်ငံမှ ရင်စို့လုံးပတ် ၂၇ ပေ - ၅ လက်မရှိသော ဟုမ္မလင်း-၁ ကမ္ဘာ့ဒုတိယအကြီးဆုံးကျွန်းပင်ကြီးကို တွေ့ရစဉ်။**

ယခုဖော်ပြခဲ့သော ကမ္ဘာတစ်ဝန်းရှိ အကြီးဆုံးကျွန်းပင်ကြီး ခုနစ်ပင်အနက် မြန်မာ့ကျွန်းပင်ကြီး လေးပင်သည် မြန်မာနိုင်ငံတော်၏ တန်ဖိုးဖြတ်၍မရသော ဂုဏ်ယူဖွယ်အမွေအနှစ်များတွင် ပါဝင်နေခြင်းကြောင့် စာရေးသူတို့နိုင်ငံသားအားလုံး ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်။ ။

*(စာကြွင်း - သိလိုသည်များကို ပြောပြပေးသော သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်၊ အချက်အလက်များ ရှာဖွေပေးကြသော ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင်၊ သစ်တောသုတေသနဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာရာဇာမင်းနှင့် ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းမောင်မောင်တို့အား ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။ - စာရေးသူ)*

**‘ ကမ္ဘာတစ်ဝန်းရှိ အကြီးဆုံးကျွန်းပင်ကြီး ခုနစ်ပင်အနက် မြန်မာ့ကျွန်းပင်ကြီး လေးပင်သည် မြန်မာနိုင်ငံတော်၏ တန်ဖိုးဖြတ်၍မရသော ဂုဏ်ယူဖွယ် အမွေအနှစ်များတွင် ပါဝင်နေခြင်းကြောင့် စာရေးသူတို့ နိုင်ငံသားအားလုံး ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ် ’**

မိတ်ဆက်ခြင်း
MYANMAR
Digital News
Presented by NPE



နောက်ဆုံးရသတင်းများကို ကလစ်တစ်ချက်တည်းဖြင့်ရယူလိုက်ပါ
မြန်မာ့အလင်း ကြေးမုံ GLOBAL NEW LIGHT OF MYANMAR
အက်ပ် (အပလီကေးရှင်း) ကို ယနေ့ ပဲ ကူးယူလိုက်ပါ
GET IT ON Google play
Available on the App Store
ကန့်သတ်ထားသော အချိန်အတွင်း အခမဲ့ ရယူပါ
သို့မဟုတ် နောက်ဆုံးရသတင်းများနှင့် ကြားဖြတ်သတင်းများကို
www.mdn.gov.mm
တွင်ကြည့်ရှုနိုင်ပါသည်

Yangon University of Distance Education
YUDE
KMD Institute

ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ ပူးပေါင်းဖွင့်လှစ်သည့် သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ပူးပေါင်း၍ အောက်ဖော်ပြပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

- Diploma in Business Information System
- Diploma in Network Communication
- Diploma in Web Development

၁။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။
၂။ သင်တန်းကာလ(၉)လဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ ပေးအပ်ချီးမြှင့်သော ဒီပလိုမာ အောင်လက်မှတ် ရရှိပါမည်။
၃။ Diploma in Network Communication သင်တန်းအတွက် Microsoft မှစစ်ဆေးသော 70-410 စာမေးပွဲဖြေဆိုနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပါသည်။
၄။ လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ထားပါသည်။
၅။ ကျောင်းသား / သူဟောင်းများ၊ အစိုးရဝန်ထမ်းများ၊ ဝန်ထမ်းသား/သမီးများအတွက် Discount နှင့် ပညာသင်ထောက်ပံ့ကြေးများ ရရှိနိုင်ပါသည်။

**သင်တန်းဖွင့်လှစ်မည့်နေရာ ။ ။ အဆောင်(၈)၊ သထုံလမ်း၊ရန်ကုန်အဝေးသင်တက္ကသိုလ်၊**
**သင်တန်းဖွင့်လှစ်မည့်နေ့ရက်။ ။ နိုဝင်ဘာလ (၂၉)ရက်၊ ၂၀၁၇ ခုနှစ်။**

ဆက်သွယ်ရန်ဖုန်း
၀၉-၂၆၂၆၀၀၃၀၁၊ ၉၆၆၁၄၈၂၅၂၊ ၀၁-၅၀၁၂၄၃၊၃၉၁၂၈၆၊ ၃၉၁၂၈၇၊ ၃၈၄၂၆၈၊ ၅၀၂၂၁၁၊ ၅၀၂၂၃၃၊ ၅၄၁၃၂၈၊ ၂၂၀၅၅၅

သင်တန်းကြေးများ၊ Computer နှင့် Mobile ပစ္စည်းများကို အရစ်ကျစနစ်ဖြင့်ပေးသွင်းနိုင်ပါသည်။

GMC
GRAND MYAKANTHAR CONDOMINIUM



- စုပေါင်းပိုင်မြေဥပဒေအရ ရာသက်ပန် အခန်းပိုင်ဆိုင်မှုနှင့် အဆောက်အဦ၏ Quality 100% အပြည့်အဝ အာမခံပါသည်။
- ဝယ်ယူမည့် ဈေးနှုန်းနှင့် လုံးဝတန်သည့် အခန်းတွင်းပြင်ဆင်မှု
- AYA Bank နှင့် ချိတ်ဆက်၍(၁၀)နှစ် အရစ်ကျ ငွေပေးချေမှုပုံစံ
- တစ်ခန်းCar Parking (၂)စီးနှုန်းဖြင့် Infinity Swimming Pool, Gym Hall,Dry Sauna, Wet Sauna, Jacuzzi, Minimart & Coffee Shop စသည့် Facility အပြည့်အစုံနှင့် 24 Hours ရေ၊ မီး၊ လုံခြုံရေး အစီအမံများ ပါဝင်သည်။
- သွားလာရလွယ်ကူသော အချက်အချာနေရာတွင် တည်ရှိပြီး မိမိတို့ သားသမီးများ ပညာရေးအတွက် စိတ်အေးစေသော ISM (International School of Myanmar) ကျောင်း အနီးတွင် တည်ရှိပါသည်။
- မကြာမီ 100% တည်ဆောက်ပြီးစီးတော့မည့် Grand Myakanthar Condominium သို့ လူကြီးမင်းတို့ ကိုယ်တိုင်ကြွရောက်လေ့လာရွေးချယ်ဝယ်ယူနိုင်ပါကြောင်း နွေးထွေးစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။

အမှတ်(W23)၊ မြကန်သာလမ်း၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။




Develop By
တကောင်းဘွားကုမ္ပဏီလီမိတက်
TA GAUNG BWAR CO.,LTD.
No (204), Bogyoke Aung San Road, Botahtaung Township, Yangon.
Hot Line : 09 830 2000, 09 830 2888, 09 830 3888
Email:tagaungbwarcompany@gmail.com , Facebook:Ta Gaung Bwar Construction

## စတုဘုမ္မိကနိကာယဆရာတော်ကြီးများအား ပူဇော်ပွဲနှင့် တရားစခန်းဖွင့်ပွဲ

သယ်န်းကျွန်းမြို့နယ်၊ ပြည်သာယာလမ်း၊ ဇ/မြောက်ရပ်ကွက်၊ စတုဘုမ္မိကမဂ္ဂင်ရိပ်သာဆရာတော် ဘဒ္ဒန္တကုမာရ သာသနဓဇမဟာစရိယ၊ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယနှင့် တပည့်သာဝကများစုပေါင်း၍ စတုဘုမ္မိကနိကာယနှစ်ပတ်လည် သံဃာ့စုံညီအစည်းအဝေးသို့ ကြွရောက်တော်မူကြသော ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ဆရာတော်ကြီးအပါး(၁၁၀)တို့အား ပူဇော်ပွဲနှင့် (၇)ရက်တရားစခန်း ဖွင့်ပွဲကို ဒီဇင်ဘာလ(၁)ရက်(သောကြာနေ့)၊ ညနေ ၃း၃၀နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ လှူဒါန်းပူဇော်ကြမည့် အလှူရှင်များနှင့် ယောဂီများ အချိန်မီကြွရောက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ ဆက်သွယ်ရန် ဖုန်း-၀၁-၅၇၁၉၂၉၊ ၀၉-၄၂၀၁၃၉၇၄၆၊ ၀၉-၄၂၀၂၃၉၈၀ တို့နှင့် ဆက်သွယ်နိုင်ပါသည်။

**စတုဘုမ္မိကသာသနာပြန့်ပွားရေးအကျိုးဆောင်အဖွဲ့၊ ပြည်သာယာ**

သုံးရာသီ ခရီးသွားဝန်ဆောင်မှု
Nov-17,24
AirCom: Express
420144148, 421153797

Modern Myanmar
ပုဂံ၊ ပုပ္ပါး (Hotel ငြိမ်း) (သောကြာ) 85000
ချောင်းသာ (နှစ်ည) Guest (ငြိမ်း) 33000
Hotel 40000
ငွေဆောင် (Hotel+ကား) 45000
မြဝတီ၊ မဲဆောက် (Hotel ငြိမ်း) (သောကြာ) 100000
ကားစီးလုံးငှား Package စီစဉ်ပေးသည်။
09-450047016, 09-253540004

မိုးမြင့်ကြယ်
ကျိုက်ထီးရိုး (နေ့စဉ်/ငြိမ်း) 33000
ချောင်းသာ (Guest - ငြိမ်း) 35000
(နေ့စဉ်) (Hotel - ငြိမ်း) 40000
ငွေဆောင် (Guest - ငြိမ်း) 35000
(နေ့စဉ်) (Hotel - ငြိမ်း) 50000
X'mas & New Year
အတွက် ချောင်းသာ / ငွေဆောင်
Hotel Guest အခန်းစီစဉ်ပေးသည်။
09-5093704, 09-450012971
01-549380

စည်းစိမ်မင်း 09-444450446, 09-444450558
09-250144709 (အိမ်အရောက်လက်မှတ်ပို့)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်စမ်း (၄)ရက်။ 50000 လွိုင်ကော်ပါ(၅)ရက်။ 65000
ပုဂံ(စွယ်တော်လေးဆူ)၊ ပြည့်ငါးပြည့်၊ ပုပ္ပါး၊ ပခုက္ကူ (၃)ရက်။ 37000
ပြင်ဦးလွင်(ပန်းပွဲတော်)၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ (၄)ရက်။ 50000
ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲ (၅)ရက်။ 65000
ဘားအံ၊ မြဝတီ၊ မဲဆောက် (၃)ရက်။ (Hotel တည်း စရိတ်ငြိမ်း) 75000
ကျိုက်ထီးရိုး၊ ကျိုက်ပိရဟန္တာ၊ မဲလံ၊ စိမ်းလုံတင်၊ ၁၅မိုင်ဘုရား။ 20000
ဆံတော်၊ အံတော်၊ နံတော်ဘုရား၊ သံတွဲဈေး၊ ငပလီကမ်းခြေ (၃)ရက်။ 60000
ကျိုက်ထီးရိုး (နေ့စဉ်) 10000
Nov 24,25 Dec 1, 2,8,9,15,16,22,23 (သောကြာ/စနေ ထွက်သည်)
မော်လမြိုင်ဘုရားစုံ၊ ကျိုက္ကမီ၊ စက်စဲ 35000
ဘားအံဂူ(၅)ဂူဘုရားစုံ၊ ဆေးတစ်ပွင့်ဆရာတော် 35000
ပြည်၊ ထုံးဘို၊ အကောက်တောင် 25000
ဇလွန်ပြည်တော်ပြန် 15000
နေပြည်တော်ဘုရားစုံ 25000

ဟန်းဂု (HANGUK) ကိုရီးယားဘာသာစကားသင်တန်း
အထူးသင်တန်းကြေး (၁) သိန်းကျပ် (အပြတ်)EPS
စနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ပြီးလစာ
(၁၅) သိန်းနှင့်အထက် ရရှိနိုင်မည့် အခွင့်အလမ်း
www.facebook.com/HANGUK Korean Languages Center
09-784899914,09-784899915

AIR KBZ
ချင်းမိုင်
AIR KBZ Holidays
"Chiang Mai"
Package Tours
4D/3N
US$ 314
1st Nov 2017 to 6th Nov 2017
US$ 304
7th Oct 2017 to 31th Oct 2017
7th Nov 2017 to 30th Nov 2017
5D/4N
US$ 334
1st Nov 2017 to 6th Nov 2017
US$ 324
7th Oct 2017 to 31th Oct 2017
7th Nov 2017 to 30th Nov 2017
လေယာဉ်လက်မှတ်၊ Airport Taxes၊ ဟိုတယ်၊ အစားအသောက်၊
Transportation, Sightseeing Tours, Show များကြည့်ရှုမည့်အစီအစဉ်များပါဝင်ပါသည်။

NELC
Don't Worry, Just Speak!
Communicative English Classes
Intro
Level -1,2,3
Listening /Speaking -1 & 2
Grammar
IELTS Foundation
စသည့် English Language အတန်းများကို
NELC တွင်တက်ရောက်နိုင်ပါသည်။



မြေနီကုန်း - 526311, 523680 ဗိုလ်အောင်ကျော် - 01 256516 ~7 မန္တလေး - 09 91023900
နေပြည်တော် - 09 782009390 ပြင်ဦးလွင် - 09 400306019 လားရှိုး - 082 26611 တာချီလိတ် - 084 52572

အင်္ဂလိပ်စာဘာသာရပ်မှာ ..... အမှတ်များလိုသူများ အတွက်
ဂုဏ်ထူးဦးအောင်ခိုင်
2018 English Question 5 Sets
၂၀၁၈ တက္ကသိုလ်ဝင် အင်္ဂလိပ်စာ မေးခွန်း ၅ စုံ
၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919

9.75 %* p.a.
Fixed Deposit
For (90) Days
ဒီအထူး အတိုးနှုန်းနဲ့ အခုပဲ ငွေစုလိုက်ပါ။



အချိန်ကာလ သတ်မှတ်ထားပါသည်။
Email: info@yomabank.com | www.yomabank.com
*သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ အကျုံးဝင်ပါသည်။ 9.75% p.a.
ရိုးမဘဏ်
ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်

# THE CENTRAL

## WHERE THE FINEST MEETS



## LIVE, WORK & PLAY IN THE HEART OF YANGON

**At the corner of Kabar Aye Pagoda Road and Kanbe Road**

The Central is designed to be a world-class mixed-use development with Yangon's furst retail walking street, F&B complex, luxury residential units, complete clubhouse facilities, and Grade-A office space. It is a vision for a vibrant, sustainable and harmonious Yangon.

ကမ္ဘာအေးဘုရားလမ်းနှင့် ကန်ဘဲ့လမ်းထောင့်

The Central သည် ရန်ကုန်၏ပထမဆုံးသော ဈေးဝယ်လျှောက်လမ်း၊ စားသောက်ဆိုင်များ၊ အဆင့်မြင့်လူနေအိမ်များ၊ ပြီးပြည့်စုံသော Clubhouse ဝန်ဆောင်မှုများ၊ Grade-A ရုံးခန်းများ ပါရှိသည့် ကမ္ဘာ့အဆင့်မီ mixed-use development တစ်ခုဖြစ်လာပါမည်။ The Central သည် ရန်ကုန်မြို့၏ သက်ဝင်စိုလွင်ခြင်း၊ နိုင်မာတည်တံ့ခြင်းနှင့် စည်းလုံးခြင်းတို့၏ ရုပ်ပုံလွှာတစ်ခုဖြစ်ပါသည်။



New release 1 bedroom unit at below $200,000

Developed by

MARGA LANDMARK

**ENQUIRY HOTLINE**

+959 777 773 770

**PROJECT LOCATION**

Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar

www.thecentral.com.mm

**INFORMATION CENTER ADDRESS**

160 Meters from the Corner of Kabar Aye Pagoda Road and Kanbe Road (Across from MIC Office)

လေဆိုးတွေကိုဖျက်၊ လေကောင်းတွေကိုဆက်၊ အစာကြေလေသက်
သမားစဉ်ဆက် ဆေးစွမ်းထက်မြက် သုံးဆူးသူတိုင်းလွန်နှစ်သက်
စိန်ဘယက် လေကွဲဆေး နှင့် ဆက်
အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လေထိုးလေထိုး လေအောင့်၊ ဝမ်းဗောဝမ်းရောင် ရောဂါများ သုံးစွဲနိုင်ပါသည်။

များနာကိုက်ခဲတုပ်ကွေးပျောက်လို့နာမည်ကျော်
ဆေးစွမ်းထက်လို့နာမည်ကျော် ပြည်သူ့ကျန်းမာရေးအကျိုးမျှော်
စိန်ဘယက် ငန်းနီကျော်
အမျိုးသမီးများသွေးသားနှင့်ပတ်သက်၍ ကိုက်ခဲခြင်းကင်းပြီး သွေးသားစိုပြည် လုပစေပါသည်။

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်
လေငန်းဖမ်း၍ကိုယ်တစ်ခြမ်းသေခြင်း၊ ပါးရွဲ့ခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း ပြစ်လျှင်လိမ်းနိုင်ပါသည်။
Certificate TH09/3125
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက်

CROWN EDUCATION
YOUR DOOR TO THE FUTURE



ဆွစ်ဇာလန်နိုင်ငံ BHMS ကျောင်းတွင် လုပ်ငန်းခွင်လက်တွေ့ဖြင့်
" ဟိုတယ်နှင့် ခရီးသွားဘာသာရပ်ကို ပညာသင်ထောက်ပံ့ကြေးရယူပြီး သင်ယူလိုပါသလား"

- ဟိုတယ်နှင့်ခရီးသွားဘာသာရပ်ကို စိတ်ဝင်စားသော ကျောင်းသားကျောင်းသူများအတွက် ဆွစ်ဇာလန်နိုင်ငံတွင် ဆက်လက်သင်ယူနိုင်မည့် ဘွဲ့များ
- ဆွစ်ဇာလန်နိုင်ငံအပြင် အမေရိကန်နှင့်အခြားဥရောပနိုင်ငံများတွင်ပါ လက်တွေ့လုပ်ငန်းခွင်အတွေ့အကြုံရယူနိုင်မည့်အခွင့်အလမ်းများ
- ၂၀၁၈ခုနှစ်အတွက် ပေးအပ်မည့် အထူးပညာသင်ဆုများ
- နိုင်ငံခြားတက္ကသိုလ်များသို့ တက်ရောက်ရန် မြန်မာဆယ်တန်း သို့ iGCSE ဖြေဆိုအောင်မြင်ထားသူများအနေဖြင့် ကြိုတင်ပြင်ဆင်ထားရမည့် ပညာရေးလိုအပ်ချက်များ
- မြန်မာနိုင်ငံမှ ဘွဲ့တစ်ခုခု ရရှိထားသူများ၊ လုပ်ငန်းအတွေ့အကြုံ ရရှိထားသူများအတွက် ဆက်လက်လေ့လာနိုင်သည့် ပညာရေးလမ်းကြောင်းများကို ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ပါသည်။

နေ့ရက် - နိုဝင်ဘာ (၂၅)ရက်နေ့ အချိန် - (၁၀)နာရီ မှ (၁၂)နာရီ
နေရာ - CROWN Education Center
Please Call us : + 95 (1) 527 838,
+ 95 (9) 445566 701, 445566 702

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 1G/5999 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

**အိမ်ခြံမြေရောင်းမည်**

ကလောမြို့၊ (၃)ရပ်ကွက်
ကလောဘူတာအနီး
ဖုန်း-၀၉-၄၂၈၅၈၁၁၂၇
၀၉-၇၉၀၆၅၃၉၃၆
၀၉-၅၁၀၉၂၇၄

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ဥဿာမြို့သစ်၊ မာဇင်ရပ်ကွက်၊ မဟာစေတီဘုရားကြီးဝင်းရှိ ဆိုင်ခန်းအမှတ် (၅-ဂ/၅) အား အမည်ပေါက်ပိုင်ရှင် ဒေါ်မြမြတင်[၇/သနပ(နိုင်)၀၀၄၉၃၂]မှ ပြန်လည်ရောင်းချမည်ဖြစ်ပါသဖြင့် ၎င်းဆိုင်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ မဟာစေတီဂေါပကအဖွဲ့ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(မဟာစေတီဂေါပကအဖွဲ့ရုံး) ဖုန်း-၀၉-၅၃၀၂၀၈၄၊ ၀၉-၃၁၇၅၂၂၂၀**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မြင့်သွယ်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၁)**

မေးပါ
( Project,Space )
တွေးပါ
(Price,Payment )
ရွေးချယ်ပါ
စိတ်ကြိုက် ရွေးချယ် ဝယ်ယူနိုင်ရန်
၃၆ ခန်း ကျန်ရှိပါသည်။

ဗုဒ္ဓဟူးနေ့တိုင်း.... အခန်းတိုင်းအတွက်
SAVE 400 Lakh
Project ( ၆ ) ခု အခန်းပေါင်း (၄၀)



NGC 09 770 70 70 70, 09 977 122 202

GDC Modern Co.,Ltd.
Aluminium Window,Door product & Services

၁။ ပစ္စည်းအရည်အသွေးအာမခံ။
၂။ နောက်ဆုံးပေါ် ခေတ်မီစက်ကြီးများဖြင့် ထုတ်လုပ်မှု။
၃။ နှစ်(၄၀)ကျော်အတွေ့အကြုံရှိ စင်ကာပူကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှု။
၄။ Singapore BCA လက်မှတ်ရ ကျွမ်းကျင်ပညာရှင်များ၏ လက်ရာ
၅။ Design နှင့် Budge အပေါ်မူတည်ပြီး ရွေးချယ်နိုင်သော ပြတင်းတံခါး Series (၅)မျိုးနှင့် Tempered Door , Partition များ။
၆။ အခမဲ့ ဝန်ဆောင်မှုဖြင့် အိမ်တိုင်ရာရောက် တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ပေးခြင်း၊ Design ကူညီပုံဖော်ပေးခြင်း။











ဆက်သွယ်ရန်- အမှတ်(၂၁၂)၊ ရွှေဂုံတိုင်တာဝါ၊ အရှေ့ရွှေဂုံတိုင်လမ်းမ(MPT ရုံးချုပ်ရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-960188922, 09-964321988, 01-558228 Email: gdc.purchase@gmail.com

❖ လူကြီးမင်းတို့၏ လိုအပ်ချက်များကို အကောင်းဆုံးဝန်ဆောင်မှုတို့ဖြင့် ဖြေရှင်းပေးမည့် GDC
- အကောင်းဆုံးအရည်အသွေး၊ လေလွှင့်မှုအနည်းဆုံး System,
- ဘီးချော်မထွက်နိုင်ခြင်း၊ ရေမယိုစိမ့်စေခြင်းနှင့် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသောပုံစံ
- ထုတ်လုပ်တပ်ဆင်သူများ လွယ်ကူ အဆင်ပြေ၍ တွက်ခြေကိုက်စေမည့် Minimalist Design "E Series" Sliding Window Frame များကို အမြို့မြို့အနယ်နယ်သို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။

# ငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ်များ ထုတ်ဝေရောင်းချမှုနှင့်ပတ်သက်၍ နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်များ ရယူဆောင်ရွက်လျက်ရှိ



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၁**

ငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ်များ ထုတ်ဝေရောင်းချမှုနှင့်ပတ်သက်၍ ငွေတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများသည် ရင်းနှီးမြှုပ်နှံသူများနှင့် မကြာခဏတွေ့ဆုံပြီး အကြံပြုချက်များ ရယူခြင်း၊ နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်များ ရယူခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒသမနေ့တွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏ လိုငွေကို ဖြည့်ဆည်းနိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ကျပ် ၅၅၃ ဒသမ ၅၄၃ ဘီလီယံ ချေးယူခဲ့ရမှုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အထက်ပါအတိုင်း ရှင်းလင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

## မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် မဲခေါင်ဒေသတိုင်းရင်းဆေးများ ပြပွဲဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၂၁**

(၈)ကြိမ်မြောက် မဲခေါင်ဒေသတွင်းနိုင်ငံများ၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်၍ တိုင်းရင်းဆေးနှင့် ဆက်စပ်ပစ္စည်းများ ပြပွဲကြီးကို ယနေ့နံနက်ပိုင်းက တပ်မတော်ခန်းမ၌ ဖွင့်လှစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မဲခေါင်နိုင်ငံများမှ ကိုယ်စားလှယ်တို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

"ကျွန်မတို့ ဒီပြပွဲကြီးကို (၈) ကြိမ်မြောက် မဲခေါင်ဒေသတွင်း နိုင်ငံတွေရဲ့ အစည်းအဝေးကြီးနဲ့ ဆက်စပ်ပြသခဲ့တာဖြစ်ပါတယ်၊ တရုတ်နဲ့ ထိုင်းတို့ကတော့ ဒီအစည်းအဝေးကြီးကို တစ်လှည့်စီ ပြုလုပ်နေရာကနေ မြန်မာနိုင်ငံက ပထမဆုံးအနေနဲ့ အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခြင်းဖြစ်ပါတယ်၊ မဲခေါင်ဒေသတွင်း နိုင်ငံတွေအနေနဲ့ တိုင်းရင်းဆေးကို ဘယ်လိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ကြမလဲ ဆိုတာတွေနဲ့ပတ်သက်ပြီး ဆွေးနွေးကြပါတယ်၊ ပြပွဲမှာလည်း ပြည်တွင်းက တိုင်းရင်းဆေးဝါးထုတ်လုပ်တဲ့ ပြခန်းတွေအပြင် မဲခေါင်နိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နဲ့ **စာမျက်နှာ ၁၀ ကော်လံ ၄ သို့**



## မန္တလေး-ညောင်ဦး ရေလမ်းကြောင်း တိုင်းတာရေး Speed Boat နှစ်စင်း မန္တလေးဆိပ်ကမ်းသို့ ရောက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၁**

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မန္တလေးနှင့် ညောင်ဦးအကြား ကီလိုမီတာ ၂၀၀ အတွင်း ရေလမ်းကြောင်း စစ်ဆေးရေးနှင့် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် မန္တလေးဆိပ်ကမ်းသို့ Speed Boat နှစ်စင်း ရောက်ရှိကြောင်း သိရသည်။

"ရေလမ်းကြောင်း ကျပ်တည်းမှုတွေကို စစ်ဆေးဖို့နဲ့ ရေလမ်းကြောင်း တိုင်းတာရေးလုပ်ငန်းတွေမှာ အသုံးပြုသွားမှာပါ။ ဒ့ါအပြင် ဒီရေလမ်းကြောင်းမှာ ဘွိုင်တွေချတော့မယ်ဆိုတော့ ဒါတွေက တန်ဖိုးကြီးမားတဲ့အတွက် တစ်ခုခု ဖြုတ်အခိုးခံရတာမျိုး၊ ရေစီးနဲ့ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

## မြန်မာ့လက်ရွေးစင်အသင်း တိုက်စစ်မှူး အောင်သူ ထိုင်းကလပ်အသင်းသို့ ပြောင်းရွှေ့ကစားမည်

**နေပြည်တော် နိုဝင်ဘာ ၂၁**

ရတနာပုံအသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတိုက်စစ်မှူး အောင်သူသည် ထိုင်း League-1 ကလပ် Police Tero အသင်းသို့ လာမည့်ရာသီတွင် ပြောင်းရွှေ့ကစားမည်ဖြစ်ပြီး ယခုလကုန်ပိုင်းတွင် အပြီးသတ်စာချုပ် ချုပ်ဆိုမည်ဖြစ်သည်။

Police Tero အသင်းသည် ယခင် ဘီအီးစီတယ်ရိုဆာဆနာအသင်းကို အမည်ပြောင်းလဲထားခြင်းဖြစ်ပြီး ၂၀၁၈ ရာသီတွင် ထိုင်းလိဂ်၌ အောင်မြင်မှုရရန် ပြင်ဆင်လျက်ရှိပြီး **စာမျက်နှာ ၁၁ ကော်လံ ၄ သို့**






# ပြည်တွင်း၌ အဓိကစားသုံးနေသည့် ပဲဈေးများ မကြုံစဖူး ဈေးမြင့်တက်လာ



**မန္တလေး နိုဝင်ဘာ ၂၁**

ပြည်ပပို့ကုန်ပဲများ အနိမ့်ဈေးသို့ရောက်ရှိနေချိန်တွင် ပြည်တွင်း၌ အဓိကစားသုံးနေသည့်ပဲဈေးများ မကြုံစဖူး အမြင့်ဆုံးဈေးသို့ ရောက်ရှိလာကြောင်း မန္တလေး ပဲဈေးကွက်မှ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ အဓိကတင်ပို့ရောင်းချနေသည့် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းများမှာ လတ်တလောတွင် အိန္ဒိယနိုင်ငံမှ အဝယ်ရပ်နားထားသဖြင့် အနိမ့်ဆုံးဈေးသို့ရောက်ရှိနေချိန်တွင် ပြည်တွင်း၌ အများဆုံးစားသုံးနေကြသည့် ပဲကြီး၊ စားတော်ပဲ၊ ပဲနီပြား၊ ထောပတ်ပဲ၊ နိုင်လွန်ပဲနှင့် မြေထောက်ပဲများမှာ အမြင့်ဈေးအထိ ထိုးတက်လာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"မြန်မာ့ပဲဈေးကွက်က အတက်အကျ ပြောင်းပြန်ဖြစ်သွားတယ်၊ ပြည်တွင်းမှာ အဓိကစားသုံးနေတဲ့ ပဲဈေးတွေက ယခင်ဈေးထက် နှစ်ဆလောက် ခုန်တက်သွားကြတယ်၊ ပဲလောကမှာ တစ်ခါမှမရှိခဲ့ဖူးတဲ့ ဈေးနှုန်းတွေအထိ မြင့်တက်လာတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

ပဲစိုက်တောင်သူများအနေဖြင့် ပြည်ပပို့ကုန်ပဲများကိုသာ အဓိကထားစိုက်ပျိုးကြသည့်အပြင် ယခုနှစ်တွင် ပြည်တွင်းစားသုံးရန် စိုက်ပျိုးကြသည့်ပဲများမှာလည်း အထွက်နှုန်းနည်းပါးသဖြင့် ယခုကဲ့သို့ ဈေးများမြင့်တက်သွားခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မန္တလေးဈေးကွက်၌ ပဲဈေးနှုန်းများအနေဖြင့် ပဲကြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် နှစ်သိန်း၊ စားတော်ပဲမှာ ကျပ် ၁၆၀၀၀၀၊ ပဲနီပြား ကျပ် ၉၅၀၀၀၊ ထောပတ်ပဲမှာ ကျပ်တစ်သိန်း၊ နိုင်လွန်ပဲမှာ ကျပ်တစ်သိန်းနှင့် မြေတောက်ပဲမှာ ကျပ်တစ်သိန်းအထိ မြင့်တက်လာကြောင်း သိရသည်။

အဆိုပါ ပဲဈေးနှုန်းများသည် ၂၀၁၆ ခုနှစ်တွင် ပဲကြီး သုံးတင်းဝင် တစ်အိတ်လျှင် ကျပ်တစ်သိန်း၊ စားတော်ပဲမှာ ကျပ် ၁၂၀၀၀၀၊ ပဲနီပြား ကျပ် ၆၀၀၀၀၊ ထောပတ်ပဲမှာ ကျပ် ၅၀၀၀၀၊ နိုင်လွန်ပဲမှာ ကျပ် ၇၀၀၀၀ နှင့် မြေထောက်ပဲမှာ ကျပ် ၇၀၀၀၀ ဈေးသာရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပြည်ပပို့ကုန်ဖြစ်သည့် ပဲစင်းငုံကို စားသုံးခြင်းမရှိကြသည့်အပြင် မတ်ပဲနှင့် ပဲတီစိမ်းကိုလည်း စားသုံးမှုနည်းပါးကြသဖြင့် လတ်တလောတွင် ပြည်ပမှ အဝယ်ရပ်ထားသည့် ပဲအမျိုးအစားများကို ပြည်တွင်း၌ စားသုံးလာစေရန် ပဲစားပွဲတော်များ ကျင်းပပေးခြင်းသည်လည်း တောင်သူများအတွက် အကျိုးတရားဖြစ်စေနိုင်ကြောင်း ၎င်းကသုံးသပ်ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပထမဆုံး အမျိုးသမီးယာဉ်မောင်းတစ်ဦး YBPC ယာဉ်လိုင်းကုမ္ပဏီတွင် စတင်ခန့်အပ်မည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)တို့ပူးပေါင်း၍ YBS ယာဉ်လိုင်းများတွင် မောင်းနှင်ရန် အထူးယာဉ်မောင်းသင်တန်းများ ဆက်တိုက်ဖွင့်လှစ်လျက်ရှိရာ သင်တန်းအောင်မြင်ခဲ့သူ အမျိုးသမီးတစ်ဦးရှိခဲ့ပြီး ပထမဆုံးအမျိုးသမီးယာဉ်မောင်းအဖြစ် YBPC ယာဉ်လိုင်းကုမ္ပဏီတွင် စတင်ခန့်အပ်သွားမည်ဖြစ်ကြောင်း အဆိုပါယာဉ်လိုင်းကုမ္ပဏီမှ သိရသည်။

YBS ယာဉ်လိုင်းများရှိ ခရီးသည်တင်ယာဉ်များတွင် မောင်းနှင်ရန် ကျွမ်းကျင်ယာဉ်မောင်းများစွာလိုအပ်လျက်ရှိရာ အထူးယာဉ်မောင်းသင်တန်း အပတ်စဉ် (၁) မှ (၄)အထိ ဇူလိုင်လမှ နိုဝင်ဘာလဆန်းပိုင်းအထိ ဆက်တိုက်ဖွင့်လှစ်ခဲ့ရာ အပတ်စဉ် (၄) သင်တန်းတွင် တက်ရောက်အောင်မြင်ခဲ့သူ အမျိုးသမီးယာဉ်မောင်းတစ်ဦးအား အဆိုပါယာဉ်လိုင်းကုမ္ပဏီတွင် ပထမဦးဆုံး စတင်ခန့်အပ်သွားမည်ဟု သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA) အသိအမှတ်ပြု ယာဉ်မောင်းသင်တန်းမှ သင်တန်းဆင်းအောင်မြင်ခဲ့သူ ပထမဆုံး အမျိုးသမီးယာဉ်မောင်းဖြစ်ပြီး ယင်းသင်တန်းမှ အောင်မြင်သူယာဉ်မောင်းများကို YBS ယာဉ်လိုင်းများတွင် ခန့်အပ်သွားနိုင်ရေး ဆောင်ရွက်သွားမည်ဟု YRTA မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အပတ်စဉ် (၄)ကစပြီး အမျိုးသမီးယာဉ်မောင်း လေးဦး စတင်ပြီးတက်ရောက်ပါတယ်၊ အဲဒီ လေးဦးအနက် တစ်ဦးက သင်တန်းကို အောင်မြင်ခဲ့တဲ့အတွက် သူ့ကို YBPC ယာဉ်လိုင်းမှာ YRTA အသိအမှတ်ပြု ပထမဦးဆုံး အမျိုးသမီးယာဉ်မောင်းအဖြစ် ခန့်အပ်မှာပါ၊ ကျန်တဲ့ သုံးဦးကတော့ အပတ်စဉ် (၅) သင်တန်းမှာ ပြန်လည်ဖြေဆိုရမှာ ဖြစ်ပါတယ်၊ YRTA က အသိအမှတ်ပြုတဲ့ ယာဉ်မောင်းများသာ YBS ယာဉ်တွေမှာ မောင်းနှင်ခွင့်ပြုသွားမှာ ဖြစ်ပါတယ်၊ ပထမဦးဆုံး အမျိုးသမီးယာဉ်မောင်းကိုတော့ ကုမ္ပဏီကနေ မွမ်းမံသင်တန်းနဲ့ လေ့ကျင့်မှုတွေ ပြုလုပ်ပြီး ယာဉ်လိုင်းမှာ မောင်းနှင်ခွင့်ပြုမှာ ဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

YBS အထူးယာဉ်မောင်းသင်တန်း အပတ်စဉ် (၅) ကို ယခုလအတွင်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး လက်တွေ့လေ့ကျင့်သင်ကြားမှုများကို ပိုမိုသင်ကြားပေးသွားမည်ဟု သိရသည်။ သင်တန်းတက်ရောက်ရန် လာရောက်လျှောက်ထားသူများကို ခရီးသည်တင်ယာဉ်ကြီး မောင်းနှင်နိုင်မှု ရှိ မရှိ၊ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့အပါအဝင် ကနဦးစစ်ဆေးချက်များ အောင်မြင်မှသာ သင်တန်းသို့ တက်ရောက်ခွင့်ရခြင်းဖြစ်ပြီး ယာဉ်မောင်းလိုင်စင် အနိမ့်ဆုံး (ခ) လိုင်စင် သုံးနှစ်သက်တမ်းနှင့် အထက်ရှိသော ယာဉ်မောင်းများကိုသာ လက်ခံသည်ဟု သိရသည်။ ယင်းသို့ လာရောက်လျှောက်ထားမှုများတွင် အပတ်စဉ် (၄) သင်တန်း၌ အမျိုးသမီးယာဉ်မောင်း လေးဦး စတင်တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ သင်တန်းတွင် အောင်မြင်သူများကို သင်တန်းဆင်းအောင်လက်မှတ် ချီးမြှင့်ပေးမည်ဖြစ်ပြီး အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် နိုင်ငံတကာအသိအမှတ်ပြု ယာဉ်မောင်းသင်တန်းဆင်းလက်မှတ်ထုတ်ပေးမည်ဟု သိရသည်။ ယင်းအပြင် သင်တန်းအောင်မြင်သော ယာဉ်မောင်းများကို YBS ယာဉ်လိုင်းများတွင် မောင်းနှင်နိုင်ရန် ယာဉ်လိုင်းကုမ္ပဏီများက အလုပ်ခန့်အပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

**ဆုနှင်းလဲ့**



## ၂၀၁၇–၂၀၁၈ဘဏ္ဍာနှစ် ရေထွက်ပို့ကုန်မှ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ရရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိ

**ဖျာပုံ နိုဝင်ဘာ ၂၁**

"ငါးမှာ ငါးသလောက်"ဟူသည့်စကားနှင့်အညီ ငါးသလောက်ငါးကို ကြော်စားစား၊ ချက်စားစား၊ ပေါင်းပြီးစားစား မြန်မာတို့ ကြိုက်နှစ်သက်ကြသကဲ့သို့ မလေးရှား၊ အီရတ်၊ ဘင်္ဂလားဒေ့ရှ် ဆော်ဒီအာရေဗျနှင့် ယူအေအီး နိုင်ငံများကလည်း ကြိုက်နှစ်သက်ကြသဖြင့် ပြည်တွင်းစားသုံးသူဈေးကွက်နှင့် နိုင်ငံတကာဈေးကွက်များတွင် ရောင်းလိုအားထက် ဝယ်လိုအားမြင့်မားနေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ထုတ်ပြန်သည့်သတင်းမှတ်တမ်းများအရ သိရသည်။

မြန်မာ့ပင်လယ်ပြင် ငါးဖမ်းရာသီရောက်နေပြီး ငါးသလောက်ပေါများစွာ ဖမ်းဆီးရရှိနိုင်သည့် ဆောင်းရာသီလည်းဖြစ်၊ ရေထရက်များလည်းဖြစ်နေ၍ ငါးသလောက်များ အမိအရကောင်းနေသဖြင့် ဖျာပုံ စားသုံးသူငါးဈေးကွက်တွင် ငါးတစ်ကောင် ငါးဆယ်ကျပ်သားအောက် တစ်ပိဿာ ရှစ်ထောင်ကျပ်၊ ငါးတစ်ကောင် ငါးဆယ်ကျပ်သားအထက် တစ်ပိဿာ ကျပ်တစ်သောင်းနှင့် ငါးတစ်ကောင် တစ်ပိဿာမှအထက် တစ်ပိဿာ ကျပ် ၁၈၀၀၀ ဝန်းကျင် ရောင်းချလျက်ရှိကြောင်း သိရသည်။

ယခုရက်ပိုင်း ဖျာပုံငါးအဝယ်ဒိုင်များတွင် နေ့ညမရွေး ငါးဖမ်းစက်လှေများမှ ငါးများလာရောက်ရောင်းချနေကြသဖြင့် ငါးအဝယ်ဒိုင်များတွင် လုပ်သားများ၊ ဆိုက်ကားနင်းသူများနှင့် ဆိုင်ကယ်ကယ်ရီသမားများ ဝင်ငွေကောင်းနေကြောင်း သိရသည်။

ငါးအဝယ်ဒိုင်ပိုင်ရှင်တစ်ဦးက ယခု ရက်များအတွင်း ငါးသလောက်များ ပင်လယ်တွင် အမိအရကောင်းသဖြင့် ကုန်တက်များနေကြောင်း၊ ဖျာပုံစားသုံးသူဈေးကွက်အပြင် ညနေပိုင်းတွင် ကုန်တင်ကားများ၊ ရေယာဉ်များဖြင့် ရန်ကုန် ငါးအဝယ်ဒိုင်များသို့ ပိဿာချိန် နှစ်သောင်းခန့် တင်ပို့နေရကြောင်း ပြောသည်။

မြန်မာနိုင်ငံမှ ရေထွက်ပို့ကုန်တွင် ငါးသလောက်မှာ အဓိကဖြစ်သည့်အတွက် ငါးသလောက် ပိုမိုထုတ်လုပ်နိုင်ရန်၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လေးနှစ်စီမံကိန်းဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပညာရှင်များနှင့် တိုင်ပင်ဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးရာတွင် ရေထွက်ပစ္စည်းပို့ကုန်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၆၀၅ ရရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရကန်ဒေါ်လာသန်း ၆၅၀ လျာထားပြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ရရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိဘဏ္ဍာနှစ်၏ ခုနစ်လအတွင်း အမေရိကန်ဒေါ်လာ ၃၅၈ ဒသမ ၄၃၅ ရရှိထားပြီးဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# အခွန်ထမ်းကိုယ်တိုင်စည်းကြပ်နိုင်သည့်စနစ် ကျင့်သုံးဆောင်ရွက်မည်



**ရန်ကုန် နိုဝင်ဘာ ၂၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၂) တွင် ယခင်ကျင့်သုံးခဲ့သည့် အခွန်ရုံးက စည်းကြပ်သည့်စနစ်အစား အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်ကို ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများအသင်းချုပ် (UMFCCI) ၌ ပြုလုပ်ခဲ့သော အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ်အကြောင်း ရှင်းလင်းဆွေးနွေးပွဲမှ သိရသည်။

အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်ဆိုသည်မှာ အခွန်ထမ်းလုပ်ငန်းရှင်များအနေဖြင့် မိမိရရှိသည့် ဝင်ငွေ၊ မိမိအသုံးပြုခဲ့သည့် စရိတ်များအပေါ် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှန်မှန်ကန်ကန်ကြေညာလွှာတင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်က နှစ်အလိုက် ပြဋ္ဌာန်းသတ်မှတ်ပေးထားသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ နှုန်းထားများအတိုင်း အခွန်ထမ်းများကိုယ်တိုင် အခွန်စည်းကြပ်ရသည့်စနစ်ဖြစ်သည်။

"ယခင်က ကျင့်သုံးခဲ့တဲ့ OAS စနစ်မှာဆိုရင် ဝင်ငွေကြေညာလွှာ အချိန်မီတင်သွင်းဖို့ လိုအပ်သော်လည်း နှစ်ချုပ်စာရင်းတွေ၊ သတင်းအချက်အလက်တွေကို တင်ပြပြီးတော့မှ အခွန်ရုံးရဲ့ စိစစ်မှုကိုခံယူပြီးတော့ တောင်းခံလာတဲ့အခွန်ကို ပေးရတဲ့စနစ်ဖြစ်ပါတယ်၊ SAS စနစ်မှာတော့ ဝင်ငွေကြေညာလွှာမှာ ကိုယ့်ရဲ့ ဝင်ငွေ၊ ရငွေတွေနဲ့ပတ်သက်လို့ အချက်အလက်တွေကို မှန်မှန်ကန်ကန်နဲ့ ထည့်သွင်းပြီးပြီဆိုရင် ကျသင့်တဲ့အခွန်ကိုသာ ပေးဆောင်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီစနစ်က အခွန်ပေးဆောင်ရတဲ့အခါ လွယ်ကူတယ်၊ ညီညွတ်မျှတမှုရှိတဲ့အတွက်ကြောင့် အခွန်ထမ်းပြည်သူတွေကော နိုင်ငံအတွက်ပါ အင်မတန်ထိရောက်ကောင်းမွန်တဲ့ အခွန်စနစ်တစ်ရပ် ဖြစ်ပါတယ်"ဟု အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၂)မှ ညွှန်ကြားရေးမှူး ဦးထွန်းသန်းက ပြောသည်။

OAS စနစ်သည် အခွန်ရုံးကစည်းကြပ်သည့် အမိန့်နှင့် အခွန်ငွေတောင်းခံလွှာပါအတိုင်း ကျသင့်အခွန်ပေးဆောင်ရခြင်း၊ အခွန်ရုံးကစည်းကြပ်သည့်အခါ ကြေညာလွှာများထက် တိုးမြှင့်စည်းကြပ်ခြင်းခံရနိုင်သည့်အပြင် ထပ်မံပေးဆောင်ရန် အခွန်ငွေများ ပေါ်ပေါက်လာပါက ဒဏ်တပ်ရိုက်ခြင်းခံရနိုင်ခြင်း၊ နှစ်ချုပ်စာရင်းများတင်ပြခြင်း၊ ထွက်ဆိုချက်များပေးရန် အခွန်ရုံးသို့ ထပ်မံလာရောက်ရခြင်း၊ နှစ်ချုပ်စာရင်းများနှင့် လိုအပ်သည့် အထောက်အထားများကို အခွန်ရုံးသို့ ပြုစုတင်ပြရခြင်းများရှိခြင်းတို့ ဖြစ်သည်။

ပြောင်းလဲကျင့်သုံးသွားမည့် SAS စနစ်တွင်မူ အခွန်ထမ်းကိုယ်တိုင်ပြုစုတင်ပြသည့် ကြေညာလွှာပါအတိုင်း ကျသင့်အခွန်ကိုသာ ပေးသွင်းနိုင်ခြင်းဖြစ်သည်။ ယင်းသည် အခွန်ဌာနနှင့် အခွန်ထမ်းများအကြား ယုံကြည်မှုတည်ဆောက်နိုင်စေမည်ဖြစ်ပြီး စည်းကြပ်မှုဆောင်ရွက်ရသည့်အချိန်နှင့် ကုန်ကျစရိတ်များကို လျှော့ချနိုင်မည်ဖြစ်သည်။ မှန်ကန်သည့် ကြေညာလွှာဖြစ်ပါက အခွန်ရုံးသို့ ထပ်မံလာရောက်စရာမလိုသည့်အပြင် အခွန်ထမ်း၏ စည်းကြပ်မှုအပေါ် အခွန်ရုံးက စိစစ်ခြင်း၊ ပြင်ဆင်မှုများပြုလုပ်ပါက ယင်းပြင်ဆင်ချက်များအပေါ် မကျေနပ်က အယူခံခြင်းနှင့် ပြင်ဆင်ခွင့်ရှိခြင်းတို့ ဖြစ်သည်။ သို့သော်လည်း ဝင်ငွေခွန်လျှော့ပေါ့တင်ပြထားသည့် ကြေညာလွှာဖြစ်ပါက ဒဏ်တပ်ရိုက်ခံရမည်ဖြစ်ကြောင်း အဆိုပါ ရှင်းလင်းပွဲမှ သိရသည်။

"ကျွန်မတို့က SAS System ကို ကြိုက်ပါတယ်၊ ကိုယ်ကိုယ်တိုင် အခွန်စည်းကြပ်ရတယ်ဆိုတော့ အချိန်ကုန် လူပင်ပန်းသက်သာတယ်၊ မြန်တာပေါ့၊ အားသာချက်လေးတွေ ရှိသလို အခက်အခဲတွေလည်း ရှိပါတယ်၊ အခက်အခဲတွေက ကြိုတင်ဝင်ငွေခွန်ကို ဘဏ်အကောင့်ထဲက ဖြတ်တာရယ်၊ တင်ဒါတွေနဲ့ပတ်သက်ပြီး နိုင်ငံခြားကုမ္ပဏီတွေ နဲ့ အစိုးရကုမ္ပဏီတွေက ခေါ်တဲ့အခါ အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်နဲ့ ပတ်သက်တာရယ်ပေါ့"ဟု ရွှေစန္ဒာဝန်ဆောင်မှုကုမ္ပဏီမှ Account Manager ဒေါ်သီဂီကျော်က ပြောသည်။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် SAS စနစ်ဖြင့် အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်မှုကို ပြောင်းလဲဆောင်ရွက်နိုင်ရန် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်ကာ လုပ်ဆောင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁) တွင် ဆက်လက်ဆောင်ရွက်ခဲ့သည်။ လာမည့် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်တွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၂) တွင် အဆိုပါစနစ်ကို ပြောင်းလဲကျင့်သုံးသွားတော့မည်ဟု သိရသည်။

"ဒီစနစ်အောင်မြင်ဖို့ဆိုတာ ကျွန်တော်တို့ အခွန်ဌာနက ဝန်ထမ်းတွေတွင်မကဘူး၊ အခွန်ထမ်းပြည်သူတွေရဲ့ လိုက်ပါဆောင်ရွက်ရမယ့် အခန်းကဏ္ဍကလည်း အရေးကြီးပါတယ်။ ဒါကြောင့် ဒီ SAS စနစ်နဲ့ပတ်သက်ပြီး အခွန်ထမ်းပြည်သူတွေအနေနဲ့ လိုအပ်တဲ့ အချက်အလက်တွေ၊ အခက်အခဲတွေရှိရင် ကျွန်တော်တို့ဆီ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါတယ်၊ ကျွန်တော်တို့ဘက်ကလည်း အပြည့်အဝ ဝန်ဆောင်မှုပေးသွားမှာပါ"ဟု ညွှန်ကြားရေးမှူး ဦးထွန်းသန်းက ဆက်လက်ပြောသည်။

**သတင်း - ခင်ဇာလီ၊ ဓာတ်ပုံ - မီချိုဟန်**



# ခမီတိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**စစ်တွေ နိုဝင်ဘာ ၂၁**

ရခိုင်မျိုးနွယ်စုဝင် ခမီတိုင်းရင်းသားတို့၏ ဒုတိယအကြိမ်မြောက် ရိုးရာနှစ်သစ်ကူးပွဲတော်ကို ဘူးသီးတောင်မြို့နယ် လောင်းချောင်းကျေးရွာ၌ နိုဝင်ဘာ ၂၀ ရက် နံနက် ၇ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ခမီစာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ ဦးလေကျော်အောင်က ခမီတိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲတော်ကျင်းပရခြင်းမှာ မိမိတို့လူမျိုး၏ တစ်နှစ်တာကောက်ပဲသီးနှံ၊ ဆန်ရေစပါးများ သိမ်းဆည်းပြီးစီးသည့် အချိန်အခါသမယဖြစ်၍ ယခုလို ခမီနှစ်သစ်ကူးရိုးရာပွဲတော်ကို ပျော်ပွဲရွှင်ပွဲများအဖြစ် ရှေးဘိုးဘွားအစဉ်အဆက်များက ကျင်းပခြင်းဖြစ်ကြောင်း၊ ယနေ့ခေတ်ကာလတွင် မိမိတို့ ဘိုးဘွားများ၏ ရိုးရာဓလေ့အစဉ်အလာများ ပျောက်ကွယ်လုနီးပါးဖြစ်လာသည့်အတွက် မျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်ကို သိရှိနားလည်ပြီး စောင့်ထိန်းကာကွယ်စေရမည်မှာ မျိုးဆက်သစ်များ၏ တာဝန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ခမီရိုးရာယဉ်ကျေးမှုအဖွဲ့က ရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ထို့အပြင် တောင်ယာထွက်သီးနှံများ၊ နွားထိုးပွဲများ၊ စားပွဲသောက်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ ခမီတိုင်းရင်းသားတို့၏ ဒုတိယအကြိမ်မြောက် နှစ်သစ်ကူးရိုးရာပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အေးသာယာစာသင်တိုက်၌ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ရိုးရာသီချင်းများ၊ ရိုးရာအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ပုသိမ်မြို့အဝင်လမ်းအား မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်ရန် ၄၈ ပေချဲ့၍ နိုင်လွန်ကတ္တရာခင်းနေ

**ပုသိမ် နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီးတွင် ပြည်ထောင်စုစာရင်းဝင် အလျားလိုက်လမ်းမကြီးလေးလမ်းနှင့် ကန့်လန့်ဖြတ်လမ်းမကြီး ကိုးလမ်းအပါအဝင် လမ်းပေါင်း ၇၇ လမ်းရှိပြီး ထိုလမ်းများတိုးချဲ့ပြုပြင်တည်ဆောက်ရေးကို ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ခွဲဝေတာဝန်ယူဆောင်ရွက်လျက်ရှိသည်။

မြို့တော်ပုသိမ်နှင့် တိုက်ရိုက်ဆက်သွယ်သွားလာနိုင်ရန် ဖောက်လုပ်ထားသော အဝေးပြေးလမ်းမကြီးများထဲတွင် ပုသိမ်-မုံရွာကားလမ်းသည် အရှည် မိုင် ၄၅၀ ရှိပြီး ပုသိမ်-ရန်ကုန်အဝေးပြေးကားလမ်းမကြီးသည် ၁၁၃ မိုင် ၂ ဖာလုံရှိသည်။ ပုသိမ်-ရန်ကုန်ကားလမ်း၏ မိုင်အားလုံးကို ယခင်က ဆောက်လုပ်ရေးဝန်ကြီးဌာနက အိုရီယင်တယ်ဟိုက်ဝေးကုမ္ပဏီလီမိတက်သို့ B.O.T စနစ်ဖြင့် ချထားဆောင်ရွက်စေလျက်ရှိသည်။

သို့သော် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ ထိုလမ်းပိုင်းရှိ ပုသိမ်မြို့အဝင်မှ မြို့တွင်းမေတ္တာဦးတံတားအထိ ၂ မိုင် ၁ ဖာလုံကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ကုမ္ပဏီထံမှ ပြန်လည်ရယူ၍ ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးပြီး တိုင်းဒေသကြီး၏မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရန် လမ်းချဲ့ခြင်း၊ မူလကတ္တရာလမ်းအား နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်စေလျက်ရှိသည်။

သို့ဖြစ်၍ ပုသိမ်ခရိုင် လမ်းဦးစီးဌာနသည် မြို့အဝင်ကားလမ်းကို ယခင် ၁၈ ပေအကျယ်မှ ၄၈ ပေအထိချဲ့ပြီး နိုင်လွန်ကတ္တရာခင်းခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျန်ရှိသည့် ၁ မိုင် ၁ ဖာလုံကို နိုင်လွန်ကတ္တရာလမ်းအဖြစ်ခင်း၍ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဟု သိရသည်။

**ခရမ်းစိုးမြင့်**





## မိုင်းပန်မြို့နယ်၌ ဘိန်းခင်းများကို ဌာနဆိုင်ရာများပူးပေါင်း၍ ဖျက်ဆီး

**မိုင်းပန် နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းပန်မြို့နယ် နားမွန်ကျေးရွာအုပ်စုအတွင်းတွင် စိုက်ပျိုးထားသော ဘိန်းခင်းများကို နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သောအဖွဲ့များက နိုဝင်ဘာ ၁၀ ရက်မှ ၂၀ ရက်အထိ ၁၀ ရက်ကြာ ကွင်းဆင်းသွားရောက်၍ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နယ်မြေခံ တပ်ရင်းတပ်ဖွဲ့မှ ဗိုလ်မှူးတင်လင်းနိုင် ဦးစီးသော တပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးဇော်မင်းဦး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပန်တဝိ ပြည်သူ့စစ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ဘိန်းစိုက်ခင်းများကို သွားရောက်ဖျက်ဆီးခဲ့ကြောင်းနှင့် စုစုပေါင်း ဘိန်းခင်း ၁၅၄ ဒသမ ၅ ဧက ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မင်းဘူး(စကု)မြို့နယ် နယ်မြေမီးသတ်စခန်း တိုးချဲ့တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**မင်းဘူး နိုဝင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၂၈ ဒသမ ၉၉ သန်းဖြင့် မင်းဘူး(စကု)မြို့နယ် ထောက်ရှာပင်/ကမ်းနီရေနံမြေဧရိယာအတွင်းရှိ ရွှေတပင်မြို့ကွက်သစ်တွင် (၄၅×၃၉×၃၅)ပေ သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံ နယ်မြေမီးသတ်စခန်း တိုးချဲ့တည်ဆောက်နေမှုကို နိုဝင်ဘာ၂၀ ရက်က မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်၊ မင်းဘူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နယ်မြေမီးသတ်စခန်းတစ်ခု၏ ဖွဲ့စည်းပုံအတိုင်း မီးသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ်တစ်စီးနှင့် တပ်ဖွဲ့ဝင်ကိုးဦးတို့အတွက် သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံဆောက်လုပ်မည်ဖြစ်ကြောင်း၊ နယ်မြေစခန်းတိုးချဲ့ဖွင့်လှစ်ခြင်းဖြင့် ရေနံမြေဒေသတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယခင်ထက်ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းက ပြောသည်။

**ဖိုးပြည့်(မင်းဘူး)**






## (၂၈)ကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၂၁**

ကယားပြည်နယ် လွိုင်ကော်မြို့တွင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ (၂၈)ကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် နှစ်ပတ်လည်နေ့အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက လွိုင်ကော်မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လွိုင်ကော်မူလတန်းကြိုကျောင်း၊ မဂ်လာမူလတန်းကြိုကျောင်းနှင့် ရွှေတောင်မူလတန်းကြိုကျောင်းမှ ကလေးငယ်များက တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြရာ တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်အဆင့် မူကြိုကျောင်းပေါင်းစုံ ဆေးရောင်ခြယ်၊ စိတ်ကူးယဉ်ပန်းချီနှင့် လက်ချောင်းပန်းချီ ပြိုင်ပွဲတွင် ဆုရရှိသော ကလေးငယ်များအား ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မြစ်ကြီးနားမြို့တွင်းလမ်း(၂၀) ဖောက်လုပ်ပြီးစီး

**မြစ်ကြီးနား နိုဝင်ဘာ ၂၁**

အစိုးရသစ်လက်ထက်တွင် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူ့ငွေ တစ်ဝက်စီကျခံ၍ မြို့တွင်းလမ်း စုစုပေါင်း ၂၀ လမ်း ဖောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာနမှ သိရသည်။

မြစ်ကြီးနားမြို့တွင်းရှိ ရပ်ကွက် ၃၁ ရပ်ကွက်အနက်မှ အေးစေတီရပ်ကွက်၊ ရမ်ပူရပ်ကွက်၊ တပ်ကုန်းရပ်ကွက်၊ မြို့သစ်ကြီးရပ်ကွက်၊ မြေမြင့်ရပ်ကွက်၊ ဒူကထောင်ရပ်ကွက်၊ လယ်ကုန်းရပ်ကွက်၊ ခေမာသီရိရပ်ကွက်၊ ဂျန်မိုင်ကောင်းရပ်ကွက်၊ ဧရာရပ်ကွက်၊ ယုဇနရပ်ကွက်များအတွင်းရှိ လမ်း၂၀ ကို ဖောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်သည်။

"ရပ်ကွက်အနေအထား အလိုက်ပါ၊ လမ်းအသစ်ခင်းတာလည်းပါတယ်၊ လမ်းကြားတွေ ခင်းတာလည်းပါတယ်၊ လမ်းကို ထပ်တိုးချဲ့တာလည်းပါတယ်၊ အရင်တုန်းကတော့ ရပ်ကွက်တွေထဲမှာ လမ်းခင်းချင်ရင် ကျွန်တော်တို့က ကတ္တရာရယ်၊ စက်ယန္တရားရယ်၊ ကျွမ်းကျင်မှု နည်းပညာရယ်ပဲ ပေးခဲ့တယ်၊ ဥပမာ သိန်း ၁၀၀ ကုန်ကျမယ်ဆို စည်ပင်က သိန်း၅၀၊ ပြည်သူက သိန်း ၅၀ ပါ၊ တစ်ယောက်တစ်ဝက် ဆိုတော့ ပြည်သူတွေဘက်က အလွန်သက်သာသွားပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးယုန်ဖုကပြောသည်။

ယခုနှစ် ၂၀၁၇-၂၀၁၈ စည်ပင်သာယာရေးအဖွဲ့၏ ဘတ်ဂျက်ဖြင့် မြစ်ကြီးနားမြို့တွင်း ၂၃ လမ်းကို ခင်းကျင်းခဲ့ရာ လမ်း ၂၀ သာပြီးစီး၍ ကျန်သုံးလမ်းကို ယခုနှစ် ဒီဇင်ဘာလအတွင်း အပြီးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ၂၃ လမ်းမှာ ကတ္တရာခင်းလမ်းအမျိုးအစားများဖြစ်ပြီး စုစုပေါင်း လမ်းအရှည်မှာ ပေပေါင်း လေးသောင်းကျော်၍ ကုန်ကျငွေ သိန်းပေါင်းတစ်သောင်းကျော်ဖြင့် ခင်းခဲ့ခြင်းဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာန၏ မှတ်တမ်းများအရ သိရသည်။

**မင်းမင်းဦး**



## ရွှေကျင်မြို့၌ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး ဟောပြော

**ရွှေကျင် နိုဝင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက်က ရွှေကျင်မြို့နယ် တောင်ဘက်ကျေးရွာအုပ်စု ဆိပ်ကလေးကျေးရွာရှိ တောရဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်ခိုင်နှင့် ဒုတိယဦးစီးမှူး ဒေါ်ရယ်ရယ်ထွန်းဦးတို့က စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို တောင်သူများအား ရှင်းလင်းဟောပြောကြပြီး တောင်သူများက ရာသီဥတုနှင့် စိုက်ပျိုးရေးဆိုင်ရာ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြသည်။

စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲသို့ ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နေလင်း (ညောင်လေးပင်)**

## လယ်ဝေးမြို့နယ်အတွင်း မိုးစပါးစံကွက်ရိတ်သိမ်း

**လယ်ဝေး နိုဝင်ဘာ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်၌ ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက သက္ကယ်ချင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၈၁) ဦးပိုင်အမှတ်(၁၄၈) တောင်သူ ဦးထွန်းမွေး၏ မနောသုခစပါးစိုက်ခင်းတွင် စံကွက်ရိတ်သိမ်းရာ တစ်ဧက အစိုအထွက်နှုန်း ၇၁ ဒသမ ၅၉ တင်း ထွက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြေ/စစ်ကော်မတီ၏ သိမ်းဆည်းမြေ ပြန်လည်စိစစ်ရေးလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည်များပြန်လည်သုံးသပ်၊ မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေး

**ကော့သောင်း နိုဝင်ဘာ ၂၁**
တနင်္သာရီတိုင်းဒေသကြီး မြေ/စစ်ကော်မတီ၏ သိမ်းဆည်းမြေ ပြန်လည်စိစစ်ရေး လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည်များ ပြန်လည်သုံးသပ်ခြင်း၊ မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေထွန်း၊ Land Core Group မှ မြေယာဥပဒေကျွမ်းကျင်သူပညာရှင်များ၊ ကော့သောင်းခရိုင် သိမ်းဆည်းမြေ ပြန်လည်စိစစ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦး၊ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ် အုပ်ချုပ်ရေးမှူးများ၊ မြေယာကိစ္စများ ကိုင်တွယ်ဖြေရှင်းမှုများနှင့် သက်ဆိုင်သည့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူလယ်သမားကိုယ်စားလှယ်များနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ တက်ရောက်ခဲ့သည်။



အလုပ်ရုံဆွေးနွေးပွဲတွင် မြေယာဥပဒေ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် NGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် Land Core Group မှ ဦးမောင်မောင်ညွန့်၊ ဦးဇော်မင်းနှင့် ဦးရွှေသိန်းတို့က ဥပဒေအရမြေသိမ်းဆည်းခြင်းဆိုင်ရာမူဝါဒများ၊ နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ၏ မြေသိမ်းဆည်းခြင်းဆိုင်ရာ သမိုင်းအထောက်အထားများနှင့် စံနှုန်းများ၊ မြေသိမ်းဆည်းခြင်းဆိုင်ရာ လယ်ယာမြေဥပဒေ၏ စိန်ခေါ်မှုအပိုင်းများ၊ သိမ်းဆည်းမြေများ ပြန်လည်စိစစ်ရေးဆိုင်ရာ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ၊ အကျိုးသက်ရောက်မှုများ၊ မြေယာအမှုအခင်း ဖြေရှင်းဆောင်ရွက်မှုများနှင့် ထိရောက်မှုအပိုင်းများကို အသေးစိတ် ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အဆင့် မြေ/စစ်ကော်မတီဝင်များအနေဖြင့် မြေသိမ်းဆည်းခြင်း၊ လယ်ယာမြေနှင့် သိမ်းဆည်းမြေ ပြန်လည်စိစစ်ရေးဆိုင်ရာ မူဝါဒ၊ ဥပဒေ လုပ်ထုံးလုပ်နည်းများ ပိုမိုအားကောင်းလာစေရန် မြေယာအမှုအခင်းများ ဖြေရှင်းဆောင်ရွက်ရာတွင် စိန်ခေါ်မှုသဘောသဘာဝလုပ်ငန်းစဉ်များ ထိရောက်မှန်ကန်မှုရှိရေးနှင့် သင်ခန်းစာများ၊ မူဝါဒများ ပိုမိုဖွံ့ဖြိုးလာစေမည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ပိုမိုထိရောက်စေရေး စုပေါင်းဆွေးနွေးဖော်ထုတ်ကြခြင်းဖြစ်သည်။ ခရိုင်အတွင်း မြေယာအမှုအခင်းဖြေရှင်းဆောင်ရွက်ချက်များ၊ ပိုမိုထိရောက်သည့်မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်းများ အားကောင်းလာရေးနှင့် တိုင်းဒေသကြီးနှင့် ခရိုင်အတွင်း ရှေ့ဆက်ဆောင်ရွက်မည့် မြေယာအမှုအခင်းဖြေရှင်းမှုလုပ်ငန်းစဉ်များ ထိရောက်မှုရှိစေရေး လက်ရှိခရိုင်အတွင်း ဖြစ်ပေါ်လျက်ရှိသည့် မြေယာအမှုများကို ရွေးချယ်ကာ လက်တွေ့သင်ခန်းစာများအဖြစ် တက်ရောက်လာသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများအနေဖြင့် နိုဝင်ဘာ ၂၃ ရက်အထိ သုံးရက်ကြာ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



**စမ်းချောင်းမြို့နယ်ရှိ အထက(၃)စမ်းချောင်းတွင် ဂျပန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးကို နိုဝင်ဘာ ၂၀ ရက် နံနက်က စတင် ထိုးနှံပေးစဉ်။** ချောစုစု

# မျက်စိရောဂါများ အခမဲ့ကုသရန် နယ်ဝေးမှလူနာများ ဖုန်းဆက်၍ စာရင်းပေးသွင်းနိုင်

**မြစ်ကြီးနား နိုဝင်ဘာ ၂၁**
မြစ်ကြီးနားမြို့ တောင်တန်းသာသနာပြု သီတဂူစက္ခုဒါနဆေးရုံတော်မှ မျက်စိနှင့်ပတ်သက်သည့် ရောဂါများကို ကုသလိုပါက နယ်ဝေးမှလူနာများ ဖုန်းဆက်၍ အမည်စာရင်းပေးသွင်းနိုင်ပြီး လေးရက်ကြာ အခမဲ့ကုသမှုပေးမည်ဖြစ်ကြောင်း အဆိုပါဆေးရုံ၏ စီမံအုပ်ချုပ်ရေးမှူးအဖွဲ့ထံမှ သိရသည်။

အဆိုပါဆေးရုံတွင် မျက်စိပြသလိုသည့် လူနာ၏ အမည်၊ အသက်၊ အဘအမည်၊ နေရပ်လိပ်စာတို့ကို မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်ရှိ အံတော်ရှင်ဝင်းအတွင်း၌ တောင်တန်းသာသနာပြု သီတဂူစက္ခုဒါနဆေးရုံ၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိတစ်ကြိမ် စာရင်းလက်ခံပေးမည်ဖြစ်ပြီး နယ်ဝေးမှလူနာများမှာ ဖုန်း ၀၇၄-၂၅၂၉၅၀၀ နှင့် ၀၇၄-၂၅၂၉၅၀၅ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

"နယ်ဝေးက လူဆိုရင်တော့ လူနာစာရင်းကို ဖုန်းဆက်ပြီး ပေးလို့ရတယ်၊ လူနာအရေအတွက် တစ်နေ့ကို ၃၅၀ လောက်ပဲ ကြည့်ပေးမှာပါ၊ ကုသမှုတွေက မျက်စဉ်းခတ်ဆေးနဲ့ ရတဲ့သူကိုဆေးပေးပြီး ပြန်လွှတ်တာမျိုး၊ မျက်မှန်ပါဝါ တိုင်းပေးတာမျိုးပါ၊ မျက်မှန်တော့ မပေးဘူး၊ ခွဲစိတ်ရမယ့်လူနာကတော့ အိမ်ကဘာမှ ယူလာစရာမလိုဘူး၊ ထမင်း၊ စောင်၊ အိပ်ရာခင်းအားလုံး အခမဲ့ စီစဉ်ပေးထားပါတယ်"ဟု အဆိုပါဆေးရုံ၏ စီမံအုပ်ချုပ်ရေးမှူးအဖွဲ့မှ အတွင်းရေးမှူး ဦးမြင့်ဝေက ပြောသည်။

မျက်စိအထူးကု ဆရာဝန်ကြီး ပါမောက္ခ(ငြိမ်း) ဒေါက်တာ ဦးမြအောင် ဦးစီးသည့်အဖွဲ့များက ဒီဇင်ဘာ ၄ ရက်မှ ၇ ရက်အထိ လူမျိုးမရွေး၊ ဘာသာမရွေး အခမဲ့ ကုသပေးမည်ဖြစ်ပြီး မျက်စိခွဲစိတ်ရမည့် လူနာသည် ထိုဆေးရုံတွင် နှစ်ညအိပ် တက်ရောက်ကုသရမည်ဖြစ်သည်။

မြစ်ကြီးနားမြို့တွင် ယခုကဲ့သို့ လာရောက်ကုသမှုပေးခြင်းသည် (၈)ကြိမ်မြောက်ဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် လူနာစုစုပေါင်း ၁၇၀၀ ကျော် ကြည့်ရှုကုသပေးခဲ့ရာ ခွဲစိတ်ရသည့်လူနာ ၃၀၀ ကျော်ရှိ၍ သီတဂူဆရာတော်ဘုရားကြီးမှ စက်၊ ပစ္စည်းနှင့် ဆရာဝန်များ အခမဲ့ကုသပေးခြင်းဖြစ်ပြီး မြစ်ကြီးနားမြို့ပေါ်မှ အလှူရှင်များက နေထိုင်စားသောက်စရိတ်များကို ပံ့ပိုးကူညီခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး**

# ကျောင်းသား ကျောင်းသူများကို အသိပညာပေးဟောပြောမှုများ ဆောင်ရွက်

**နမ့်စန်(တ) နိုဝင်ဘာ ၂၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက ပန်လင်းဆိုင်ကျေးရွာ လွယ်ငင်းကြီး အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းစောမြက ပိုးသတ်ဆေးအန္တရာယ်နှင့် စနစ်တကျသုံးစွဲနည်း၊ ကြွက်အန္တရာယ်နှင့် စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတများကို ဟောပြောခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာအောင်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးတို့ကို ဟောပြောခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင်များကို ပြသပေးခဲ့သည်။

ထို့နောက် ပြန်/ဆက်ဝန်ထမ်းများက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ရွေ့လျား စာကြည့်တိုက်စနစ်ဖြင့် သုတ/ရသ စာအုပ်များကို အခမဲ့ငှားရမ်းပေးခဲ့ပြီး စာဖတ်ဝိုင်းများပြုလုပ်၍ စာအုပ်စာပေများ လေ့လာခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

# ရွှေဘိုမြို့ မြို့မစည်ပင်သာယာဈေးကြီးအတွင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ရွှေဘို နိုဝင်ဘာ ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ မြို့မစည်ပင်သာယာဈေးကြီး အတွင်း နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက မီးဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ရွှေဘိုခရိုင် မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဦးအေးမြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ပညာပေးလက်ကမ်းစာစောင်များပေးဝေပြီး ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးမှုတွင် ရွှေဘိုမြို့နယ် စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဦးသန်းဦး၊ ဈေးအရာရှိ ဒေါ်ဖြူဖြူအောင်၊ ဈေးတာဝန်ခံ ဦးရဲထက်နှင့် ဝန်ထမ်းများက မြို့မစည်ပင်သာယာဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို လိုက်လံပြသခဲ့ရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးမြင့်က ဈေးကြီးအတွင်း ဆိုင်ခန်းများတွင် အသုံးပြုသော အမိုးအကာများထိစပ်နေမှု၊ ဆိုလာမီးအသုံးပြုနေသောဆိုင်ခန်းများ၊ မီးလောင်လွယ်သည့် ပစ္စည်းများထားရှိနေမှုများနှင့် မီးအာမခံထားရှိမှု ရှိ၊ မရှိများကို လိုက်လံကြည့်ရှုစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဈေးအရာရှိ ဒေါ်ဖြူဖြူအောင်က မြို့မစည်ပင်သာယာဈေးကြီးသည် ဆိုင်ခန်းပေါင်း ၁၅၉၁ ခန်းရှိကြောင်း၊ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ဈေးကြီးအတွင်း ရေဂါလန် ၁၅၀၀၀ ဆံ့ ရေစင်ကြီး တစ်ခု၊ ရေဂါလန် ၁၀၀၀၀ ဆံ့ မြေအောက်ရေကန် သုံးခုနှင့် မြေပေါ်ရေကန် နှစ်ခုရှိကြောင်း၊ အသင့်သုံး အပေါ့စားမီးသတ်စက် နှစ်လုံး၊ ရေစုပ်စက် တစ်လုံး အရန်သင့်ထားရှိကြောင်းနှင့် မီးသတ်ဆေးဘူးကြီး နှစ်ဘူး၊ မီးသတ်ဆေးဘူးအသေး အလုံး ၂၀ ထားရှိဆောင်ရွက်ထားကြောင်း သိရသည်။

**ဘိုစိုး(ရွှေဘို)**

စာအုပ်စာပေ လူ့မိတ်ဆွေ ›› စာပေမြင့်မှ လူမျိုးတင့်မည်

ဤအစည်းအဝေးမှ သိသာထင်ရှားသည့် တိုးတက်မှုများကို မိမိတို့ ရရှိခဲ့ကြပါကြောင်း၊ ပြီးခဲ့သည့်နှစ် မွန်ဂိုလီးယားနိုင်ငံတွင်ကျင်းပသည့် (၁၁) ကြိမ်မြောက် အေဆမ်အစည်းအဝေးတွင် ချမှတ်ခဲ့သည့် မျက်မှောက်အေဆမ်ချိတ်ဆက်မှုကို မိမိတို့ ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

အေဆမ်၏ ရည်မှန်းချက်နှင့်အညီ အေဆမ်မိတ်ဖက်နိုင်ငံများက အေဆမ်နိုင်ငံများအတွင်း ချိတ်ဆက်မှုအဓိပ္ပာယ် သတ်မှတ်ရေးဆိုင်ရာ သဘောတူညီချက်၊ လုပ်ငန်းနယ်ပယ်၊ လုပ်ငန်းသတ်မှတ်ကာလနှင့် အေဆမ်ချိတ်ဆက်မှု လုပ်ငန်းများနှင့်ပတ်သက်၍ သဘောတူညီချက်ရရှိခဲ့ပါကြောင်း၊ အာရှနှင့်ဥရောပကြား ချိတ်ဆက်မှုမြှင့်တင်ပေးရန် ရည်ရွယ်ချက်အရ ချိတ်ဆက်မှု၏ အဓိပ္ပာယ်သတ်မှတ်ပေးရေးမှာ မရှိမဖြစ် လိုအပ်ချက်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် မိတ်ဖက်ဆက်ဆံမှုကို ခိုင်မြဲအောင် ဆောင်ရွက်ကြပါစို့ဟူသည့် အစည်းအဝေး၏ ဆောင်ပုဒ်နှင့်အညီ ဆွေးနွေးမှုများကို အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်




(၁၃) ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှုတ်ခွန်းဆက်စကားပြောကြားစဉ် သတင်းစဉ်




(၁၃) ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။ သတင်းစဉ်

# အခြားနိုင်ငံများနည်းတူ ဖင်လန်နိုင်ငံကလည်း မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ ပါဝင်ကူညီလိုပါတယ်

H.E.Mr. Timo Juhani Soini (ဖင်လန်နိုင်ငံခြားရေးဝန်ကြီး)



ဖင်လန်နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Timo Juhani Soini အား မြန်မာနိုင်ငံတွင် ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ မြန်မာနှင့်ဖင်လန်နိုင်ငံတို့ကြား စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် တွေ့ဆုံမေးမြန်းစဉ်

(၁၃) ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာသော ဖင်လန်နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Timo Juhani Soini အား မြန်မာနိုင်ငံတွင် ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ မြန်မာ့ဒီမိုက ရေစီအသွင်ကူးပြောင်းရေး၊ မြန်မာနှင့်ဖင်လန်နိုင်ငံကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအပေါ် တွေ့ဆုံမေးမြန်းထားသည်-

**မေး ။ မြန်မာနဲ့ ဖင်လန်နိုင်ငံကြားဆက်ဆံရေးနဲ့ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးမှာ အဓိကဦးစားပေးမှုလုပ်ငန်းတွေက ဘာတွေဖြစ်မလဲဆိုတာ သိလိုပါတယ်။**

ဖြေ ။ ပထမဆုံးအနေနဲ့ မြန်မာနိုင်ငံက ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းနဲ့ ပတ်သက်ပြီး အထူးကောင်းမွန်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်လို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ အဓိက ပူးပေါင်းဆောင်ရွက်လိုတဲ့ကဏ္ဍတွေထဲက အကြီးမားဆုံးကိစ္စတစ်ခုကတော့ ပညာရေးကဏ္ဍပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ သစ်တောထွက်ပစ္စည်းတွေကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် ပဋိပက္ခကင်းစင်ပြီး အေးအေးချမ်းချမ်းရှိဖို့ ကျွန်တော်တို့ မြင်တွေ့ချင်ပါတယ်။ ဒါကြောင့်မို့ လုံခြုံရေးကိစ္စကို အလေးထားဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အဲဒီလုပ်ငန်းစဉ်မှာ ဖင်လန်နိုင်ငံအနေနဲ့လည်း နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေနဲ့ အခြားနိုင်ငံများနည်းတူ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ကူညီဆောင်ရွက်နိုင်ပါတယ်။

**မေး ။ ဖင်လန်နိုင်ငံအနေနဲ့ ဖင်လန်အရပ်ဘက်အဖွဲ့အစည်းနဲ့ အဆင့်မြင့်ပညာရေး အင်စတီကျူးရှင်းတွေကနေတစ်ဆင့် ၂၀၁၆ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိ ယူရို ၃၄ သန်း ပံ့ပိုးကူညီပေးမယ့် အစီအစဉ်ရှိတယ်လို့ သိရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ မြန်မာနိုင်ငံဟာ ဖင်လန်နိုင်ငံက ပေးအပ်တဲ့ ဖွံ့ဖြိုးရေး အကူအညီ ရရှိနေတဲ့ဦးစားပေးနိုင်ငံဖြစ်ပါတယ်။ အစိုးရဘက်က တာဝန်ရှိပုဂ္ဂိုလ်တွေ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတွေ၊ ကုမ္ပဏီများကို မြန်မာနိုင်ငံရှိကုမ္ပဏီတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့နဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ ကျွန်တော်တို့ တိုက်တွန်းခဲ့ပါတယ်။ ဖင်လန်နိုင်ငံအနေနဲ့ မြန်မာအစိုးရရဲ့ဆောင်ရွက်မှုတွေ အထမြောက်အောင် ပံ့ပိုးကူညီပေးဖို့ ရည်မှန်းချက်ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံမှာ သဘာဝအရင်းအမြစ်တွေ အလျှံအပယ်ရှိနေလို့ဖြစ်ပါတယ်။

## မေတ္တာစေတနာ

စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဖော်ဆောင်နိုင်တဲ့အခွင့်အလမ်းတွေရှိနေပါတယ်။ တစ်ချိန်တည်းမှာပဲပေးအပ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုအကူအညီတွေဟာ အမျိုးသမီးတွေဆီရောက်ရှိဖို့လည်း လိုအပ်ပါတယ်။ အမျိုးသမီးတွေဟာ လူ့အဖွဲ့အစည်းမှာ အပြည့်အဝပါဝင် သင့်တယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ မိသားစုတွေကို အကူအညီပေးမှုအပါအဝင်အမျိုးမျိုးသော ကြိုတင်ပြင်ဆင်မှုတွေက အမျိုးသမီးတွေအတွက် အလွန်အရေးကြီးပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုအကူအညီပေးခြင်းဟာ မြန်မာနိုင်ငံအပေါ် ဖင်လန်ပြည်သူတွေရဲ့ မေတ္တာစေတနာ ဖြစ်ပါတယ်။

**မေး ။ မြန်မာနိုင်ငံက လက်ရှိအချိန်မှာ စီးပွားရေးပတ်ဝန်းကျင်ကောင်းတွေ ဖော်ဆောင်ဖို့ကြိုးပမ်းနေပြီး ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာရေးကိုလည်း လုပ်ဆောင်နေပါတယ်။ ဒါပေမယ့် ဖင်လန်နဲ့ မြန်မာနိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုက နည်းပါးနေဆဲဖြစ်ပါတယ်။ ဖင်လန်နိုင်ငံကပေးအပ်တဲ့ ပုဂ္ဂလိကကဏ္ဍငွေကြေးပံ့ပိုးကူညီမှုကို မြန်မာနိုင်ငံက ဘယ်လိုအသုံးပြုရမလဲဆိုတာ သိလိုပါတယ်။**

ဖြေ ။ ဖင်လန်နိုင်ငံက ပုဂ္ဂလိကကုမ္ပဏီတွေ စနစ်ကျတဲ့အတွက် တရားဥပဒေစိုးမိုးမှုရှိပြီး ဘေးကင်းလုံခြုံတဲ့အပြင် ရေရှည်ရင်းနှီးမြှုပ်နှံနိုင်တဲ့နိုင်ငံတွေမှာသာ လာရောက် ရင်းနှီးမြှုပ်နှံလိုပါတယ်။ ဖင်လန်နိုင်ငံမှာ သစ်လုပ်ငန်းက တွင်တွင်ကျယ်ကျယ်ရှိနေသလို မြန်မာနိုင်ငံမှာလည်း ရှိနေပါတယ်။ မြန်မာနိုင်ငံမှာ စွမ်းအင်၊ အင်ဂျင်နီယာ၊ နည်းပညာကွန်ရက်စတာတွေ အပါအဝင် မိုဘိုင်းလ်ဖုန်းကဏ္ဍမှာလည်း အလျင်အမြန်ကို တိုးတက်နေပါတယ်။ အဓိကလိုအပ်ချက်ကတော့ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် စီးပွားရေးပတ်ဝန်းကျင် ကောင်းနဲ့ ခိုင်မာတဲ့ တရားဥပဒေစိုးမိုးမှုရှိရမှာ ဖြစ်ပါတယ်။ အဲဒီအခြေအနေရောက်သွားရင် မြန်မာနိုင်ငံရဲ့ စီးပွားရေး တိုးတက်မှုနှုန်းက တစ်ဟုန်ထိုး တိုးတက်လာမှာဖြစ်ပါတယ်။

**မေး ။ ဖင်လန်နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှုအားလုံးရဲ့အခြေခံဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အလေးထားပြီး ၂၀၁၂ ခုနှစ်မှာ မြန်မာနိုင်ငံနဲ့ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု စတင်လုပ်ဆောင်ခဲ့ပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အမြင်နဲ့ တိုင်းရင်းသားအရေးကိစ္စတွေနဲ့ပတ်သက်ပြီး ဖင်လန်နိုင်ငံကပေးအပ်မယ့် အကူအညီနဲ့ ပူးပေါင်းဆောင်ရွက်မှုကို သိလိုပါတယ်။**

ဖြေ ။ အခုမနက် ကျွန်တော်ကြားသိရတာက မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးစု ၁၃၀ ကျော်ရှိပြီး လက်ရှိ ပဋိပက္ခအခြေအနေဟာ နှစ် ၆၀ ကျော်ရှိခဲ့ပြီလို့ သိရပါတယ်။ မြန်မာနိုင်ငံမှာ အကြမ်းဖက်သမားတွေရဲ့တိုက်ခိုက်မှုတွေနဲ့အတူ မတည်ငြိမ်မှုလည်း ရှိနေတယ်လို့သိရပါတယ်။ တိုင်းရင်းသားတွေနဲ့ပတ်သက်တဲ့ ပဋိပက္ခအခြေအနေဟာ တကယ့်ကို စိန်ခေါ်မှုကြီးဖြစ်နေပါတယ်။ အခြားနိုင်ငံတွေနည်းတူ ဖင်လန်နိုင်ငံကလည်း မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ ပါဝင်ကူညီလိုတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒီပဋိပက္ခတွေဟာ နှစ်ရှည်လများ အမြစ်တွယ်ခဲ့ပြီလို့ ကျွန်တော်သိရပါတယ်။ ဒီလိုနားလည်ထားတာနဲ့အညီ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ် အဆင့်ဆင့်မှာ ဖင်လန်နိုင်ငံအနေနဲ့ ပါဝင်ကူညီပံ့ပိုးမှာဖြစ်ပါတယ်။

## ထဲထဲဝင်ဝင် ပြန်လည်ရောက်ရှိ

ထို့အတူ ကုလသမဂ္ဂအတွင်း ရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ကိုလည်း ဒီလုပ်ငန်းစဉ်မှာ ဆက်လက်ပါဝင်လုပ်ဆောင်ဖို့ တိုက်တွန်းချင်ပါတယ်။ ဒီမနက် ကျင်းပတဲ့အစည်းအဝေးမှာ ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂေလ်ဘရီရယ်လ်ပြောခဲ့သလို မြန်မာနိုင်ငံဟာ ပြီးခဲ့တဲ့ ရာစုနှစ်ကာလက ဥရောပတိုက်မှာသတင်းဆိုးနဲ့ကျော်ကြားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်လို့ သိရပါတယ်။ အခုတော့ ဒီလို အသံတွေ လုံးဝမကြားရတော့ပါဘူး။ မြန်မာနိုင်ငံဟာ နိုင်ငံတကာ အသိုင်းအဝိုင်းထဲကို ထဲထဲဝင်ဝင် ပြန်လည်ရောက်ရှိလာပါပြီ။ ကျွန်တော်တို့အနေနဲ့ ကောင်းမွန်တဲ့အနာဂတ်ကို ဆက်ပြီးဖော်ဆောင်ချင်ရင်ဖြစ်ပြီးခဲ့တဲ့ အဆိုးတရားတွေကို ခွင့်လွှတ်နိုင်ဖို့ လိုအပ်ပါတယ်။

**မေး ။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်အပေါ် ဝန်ကြီးရဲ့အမြင်နဲ့သုံးသပ်ချက်ကို သိလိုပါတယ်။**

ဖြေ ။ မြန်မာနိုင်ငံက မှန်ကန်တဲ့လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ ကျွန်တော်သိရှိတွေ့ကြုံခဲ့ဖူးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့တော့ အလွန် ကွဲပြားနေပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကတော့ တစ်နှစ်ခွဲအတွင်း ရလာလိမ့်မယ်လို့ မျှော်လင့်လို့ မရပါဘူး။ ဇွဲရှိရှိနဲ့ ဆက်လက်လျှောက်လှမ်းနေရမှာပဲ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ ဖင်လန်နိုင်ငံဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့တဲ့အချိန်ကတည်းက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို စတင်ခဲ့တာဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်အပြီးမှာ ဖင်လန်နိုင်ငံဟာ အင်မတန်ဆင်းရဲတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပါတယ်။ သို့သော်လည်း မရှိမဖြစ် လိုအပ်တဲ့လုပ်ငန်းတွေကို ဦးစားပေးဖော်ဆောင်ခဲ့ပါတယ်။ ကလေးတိုင်းကျောင်းတက်နိုင်ရေး၊ ပြည်သူတွေ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးနဲ့ အမျိုးသမီးနဲ့ ကလေးတွေ တန်းတူအခွင့်အရေးရရှိရေးဟာ အထူးလိုအပ်ပါတယ်။ တစ်ဆင့် ချင်းချဉ်းကပ်မှုနည်းလမ်း၊ ယုံကြည်မှု တည်ဆောက်မှု၊ ဒီမိုကရေစီကို လေ့လာသင်ကြားမှုနဲ့ တာဝန်ယူမှုကို သိရှိနားလည်အောင် လုပ်ဆောင်မှု စတဲ့အချက်တွေနဲ့ စိတ်ရှည်လက်ရှည် လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

## များစွာ အကျိုးဖြစ်ထွန်း

ဒီနေ့အချိန်မှာ ဆိုရှယ်မီဒီယာတွေ လွှမ်းမိုးတဲ့ကာလဖြစ်ပါတယ်။ ပြည်သူတွေဟာ ကိုယ်သိချင်တာကို လွယ်လင့်တကူ ရှာဖွေနိုင်ကြပါတယ်။ ဒါကြောင့်မို့ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ဆက်စပ်နေတဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲသွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုမြန်မာနိုင်ငံမှာ ကျင်းပနေတဲ့ အာဆမ်ကဲ့သို့သော အစည်းအဝေးမျိုးတွေက မြန်မာနိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။

နောက်ထပ်ပြောချင်တာက ရောမမြို့ကို တစ်ရက်တည်းနဲ့ တည်ဆောက်လို့မရနိုင်သလို ခက်ခဲတဲ့ဖြစ် စဉ်တွေဟာလည်း တစ်ရက်တည်းနဲ့ အကောင်အထည်ဖော်လို့ မရနိုင်ပါဘူး။ ဒါကြောင့်မို့ ဖြည်းဖြည်းမှန်မှန်နဲ့ စိတ်ရှည်ရှည်လုပ်ဆောင်သွားဖို့ အရေးကြီးပါတယ်။

**မေး ။ ဖင်လန်ပြည်ပကုန်သွယ်ရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဟာ အခုနှစ် ဖေဖော်ဝါရီလမှာ ပို့ကုန်နဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဖို့ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်မို့ ဖင်လန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ အခြားကဏ္ဍတွေမှာ ပံ့ပိုးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှု ထပ်မံတိုးမြှင့်ဖို့ရှိပါသလားဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ဖင်လန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံအကြောင်း ပိုပြီး သိအောင်နဲ့ မြန်မာတို့နဲ့ ထဲထဲဝင်ဝင်ရှိအောင် ကြိုးပမ်းနေပါတယ်။ မြန်မာနိုင်ငံဟာ စီးပွားရေးနဲ့ပတ်သက် တဲ့အခွင့်အလမ်းတွေ များစွာ ရှိနေတယ်ဆိုတာ ကျွန်တော်တို့ သိရှိထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်တဲ့အချိန်မှာ ကျွန်တော်တို့ ကုမ္ပဏီတွေကို မြှင့်တင်ဖို့လိုအပ်သလို မြန်မာနိုင်ငံမှာ အခြေတကျဖြစ်အောင် လုပ်ဆောင်ပေးဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံဟာ လုံခြုံစိတ်ချရတဲ့အခြေအနေရှိပြီဆိုရင် လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ သူတို့ကို တိုက်တွန်းထားပါတယ်။ မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့သီတင်းပတ်အနည်းငယ်အတွင်းကပဲ ကျွန်တော်တို့သံရုံးကို ဖွင့်လှစ်ခဲ့ပါတယ်။ မနက်ဖြန် ရန်ကုန်မှာ သံရုံးဖွင့်ပွဲကျင်း ပမှာဖြစ်ပါတယ်။ ဒီသံရုံးဖွင့်လှစ်လိုက်ခြင်းဟာ ဖင်လန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ကူညီပံ့ပိုးမယ်ဆိုတဲ့ ကတိကဝတ်ကိုပြသလိုက်ခြင်းပဲ ဖြစ်ပါတယ်။

**မေး ။ ဝန်ကြီးအနေနဲ့ မြန်မာအစိုးရနဲ့ မြန်မာပြည်သူတွေအပေါ် ဘယ်လိုသတင်း စကားများပါးချင်ပါသလဲ။**

ဖြေ ။ ကျွန်တော်ပြောကြားချင်တဲ့ သတင်းစကားကတော့ မြန်မာအစိုးရနဲ့ပြည်သူတွေ ရှေ့ဆက်လှမ်းရမယ့် ခရီးစဉ်အတွက် စိတ်ဓာတ်မကျပါနဲ့။ ဇွဲလုံ့လဝီရိယရှိပါ၊ အပြုသဘောစိတ်ထားကိုဆောင်ပါ။ ငြိမ်းချမ်းရေးဟာ မြန်မာ နိုင်ငံသားတွေရရှိနိုင်တဲ့၊ အလွန်တန်ဖိုးကြီးတဲ့အရာဖြစ်ပါတယ်။ ကိုယ့်ပတ်ဝန်းကျင်အပေါ် မေတ္တာထားမှုနဲ့ ပျော်ရွှင်မှုတွေ ပိုမိုရလာမှာဖြစ်ပါတယ်။

ဘာသာပြန်-ကျော်သဲအိမ်၊ ကျော်ထိုက်စိုး

# ဒီအစည်းအဝေးဟာ တကယ့်ကိုပဲ အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုတွေ လုပ်ဆောင်နိုင်ခဲ့ပါတယ်။

# အစည်းအဝေးကြီး အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ခဲ့ခြင်းအတွက် အလွန်ကို ဂုဏ်ယူမိပါတယ်။

(၁၃)ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

H.E. Saleumxay Kommasith
**နိုင်ငံခြားရေးဝန်ကြီး**
**နိုင်ငံခြားရေးဝန်ကြီးဌာန**
**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ**



(၁၃) ကြိမ်မြောက်အာရှ-ဥရောပနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဟာ တကယ့်ကိုပဲ အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံက တာဝန်ယူခေါင်းဆောင်ပြီး ကျင်းပနိုင်ခဲ့ခြင်းကိုလည်း ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ခေါင်းဆောင်နိုင်မှုကို ကျေးဇူးတင်ပါတယ်။ ဒီအစည်းအဝေးဟာ တကယ့်ကိုပဲ အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုတွေ လုပ်ဆောင်နိုင်ခဲ့ပြီး အောင်အောင်မြင်မြင်နဲ့ပြီးဆုံးခဲ့ပါတယ်။

ဒီအစည်းအဝေးရဲ့ရလဒ်အပေါ်တကယ်ကိုပဲ ဝမ်းသာပီတိဖြစ်မိပါတယ်။ မြန်မာလူမျိုးတွေဟာလည်း တကယ့်ကိုပဲ ချစ်စရာကောင်းကြပါတယ်။ အလွန်ကိုပဲ ကြင်နာတတ်ပြီးတော့ အလွန်ကို ကူညီတတ်တဲ့လူတွေပဲ ဖြစ်ပါတယ်။ မမေ့နိုင်တဲ့ အပြုအမူလေးတွေနဲ့လည်း ကူညီကြပါတယ်။ မြန်မာလူမျိုးတွေဟာ ကျွန်တော်တို့နိုင်ငံက လူမျိုးတွေလိုပဲ အလွန်ကိုခင်မင်စရာကောင်းပါတယ်။

Mr.A H Mahmood Ali
**နိုင်ငံခြားရေးဝန်ကြီး**
**ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန**



(၁၃) ကြိမ်မြောက် အေဆမ်အစည်းအဝေးဟာ တကယ်ကို ပြည့်စုံကောင်းမွန်တဲ့ အစည်းအဝေးတစ်ခု ဖြစ်ပါတယ်။ တကယ်တမ်းပြောရမယ်ဆိုရင် အချိန်အကြာကြီးနေပြီးမှ ကျင်းပနိုင်ခဲ့သော်လည်း အောင်အောင်မြင်မြင်နဲ့ကျင်းပနိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။

ဒီမနက်လေးတင်ကမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ကို အစည်းအဝေး အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့ခြင်းအပေါ် ဂုဏ်ပြုချီးကျူး စကားပြောကြားခဲ့ပါသေးတယ်။

ကျွန်တော့်အနေနဲ့ အလွန်ကိုပဲကျေးဇူးတင်ဝမ်းမြောက်မိပါတယ်။ အခင်းအကျင်းနဲ့ စီစဉ်ပေးမှုများဟာ လည်း တကယ့်ကို ပြည့်စုံကောင်းမွန်လှပါတယ်။ နေပြည်တော်ကြီးဟာလည်း တကယ် သာယာလှပါတယ်။

**တွေ့ဆုံမေးမြန်း - တင်လင်းအောင်၊ ဇင်ဦး၊ ခင်စုစုလှိုင်၊ ကိုမင်း ဓာတ်ပုံ - ဇင်ဦး(မြန်မာ့အလင်း)**

# (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှ မီဒီယာအချို့၏ စကားသံများ

*(၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို နိုဝင်ဘာ ၂၀ မှ ၂၁ ရက်အထိ မြန်မာနိုင်ငံက အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့သည်။ အဆိုပါအစည်းအဝေးသို့ တက်ရောက်သတင်းရယူကြသည့် သတင်းစာဆရာအချို့ကို မြန်မာနိုင်ငံနှင့် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပေါ် သဘောထားအမြင်များအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ထုတ်နုတ်ဖော်ပြလိုက်ရပါသည်။*



Ms. Samreen Khan Ghauri



Mr. Alberto Masegosa



Mr.Bent Skjaerstad



Ms.Sharada Balasubramanian

Ms. Samreen Khan Ghauri
MultiMedia Journalist
**ပါကစ္စတန်နိုင်ငံ**

ဒီခရီးစဉ်ကတော့ ပထမဆုံးခရီးစဉ်ဖြစ်ပါတယ်၊ တည်းတဲ့ ဟိုတယ်၊ အစည်းအဝေးကျင်းပတဲ့ နေရာတွေလောက်ပဲ ရောက်ဖြစ်တာ များပါတယ်၊ အခြားနေရာတွေကို လေ့လာဖို့ အချိန်ပိုကလည်း နည်းပါတယ်၊ ဒါပေမယ့် အမျိုးသားပြတိုက်နဲ့ အခြားနေရာအချို့ကို လေ့လာခွင့်ရခဲ့ပါတယ်၊ ကျွန်မလေ့လာရသလောက် First impression ကတော့ မြန်မာနိုင်ငံက လှတယ်၊ လူမျိုးတွေကလည်း ချစ်စရာကောင်းတယ်၊ ဒီ (၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် ဂျာနယ်လစ်တွေကို ဒီထက်ပိုပြီး အခွင့်အရေးပေးသင့်တယ်လို့ မြင်တယ်၊ ကျွန်မတို့ ဂျာနယ်လစ်တွေ တကယ်သိချင်နေတာက မြန်မာနိုင်ငံမှာဖြစ်နေတဲ့ ပကတိအခြေအနေတွေပါ၊ အဲဒါတွေနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်တွေ ရချင်နေတာပါ၊ တစ်ကမ္ဘာလုံးကလည်း အဲဒီအဖြေကို ရှာဖွေနေကြတာပါ၊ ဒါပေမယ့် ဒီအစည်းအဝေးမှာ အဲဒါနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်ရတာ နည်းပါတယ်၊ ဒီနေ့ မီဒီယာတွေ့ဆုံပွဲမှာလည်း မေးခွန်းတွေ မေးဖို့ပေးတဲ့ အချိန်ကနည်းတယ်၊ ကျွန်မမှာ မေးခွန်းတွေရှိနေပေမယ့် မေးဖို့အခွင့်အရေးလည်း မရခဲ့ပါဘူး။

Ms.Sharada Balasubramanian
Independent Journalist (**အိန္ဒိယနိုင်ငံ**)

မြန်မာနိုင်ငံကို ပထမဆုံးလာရောက်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံက လှပတယ်၊ လူမျိုးတွေကလည်း ဖော်ရွေပါတယ်၊ (၁၁) ကြိမ်မြောက် အာရှ - ဥရောပဂျာနယ်လစ် Seminor ကိုလည်း တက်ရောက်ဖို့ ရောက်ရှိခဲ့တာ ဖြစ်ပါတယ်၊ အလုပ်ရုံဆွေးနွေးပွဲတွေလည်း တက်ရောက်ခွင့်ရခဲ့သလို မတူညီတဲ့ ကမ္ဘာ့နေရာတွေက ဂျာနယ်လစ်တွေ အများအပြားနဲ့လည်း တွေ့ဆုံ ခင်မင်ခွင့်ရခဲ့ပါတယ်၊ ကျွန်မအတွက် အခက်အခဲကို ပြောမယ်ဆိုရင်တော့ အင်္ဂလိပ်စကားမပြောတတ်တဲ့ အချို့လူတွေနဲ့ ဆက်ဆံရတာ အခက်အခဲရှိပါတယ်၊ ဒါက အဆင်မပြေပါဘူး။

Mr. Alberto Masegosa
Spain's International News Agency

ကျွန်တော့်အတွက်တော့ ဒါက မြန်မာနိုင်ငံကို ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်ပါတယ်၊ မြန်မာလူမျိုးတွေက ရိုးသားပြီး ခင်မင်နှစ်လိုဖွယ်ကောင်းကြတယ်၊ အခု အစည်းအဝေးနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင် ဒီလို အစည်းအဝေးတစ်ခုကို ကျင်းပရတာ တကယ်တော့ မလွယ်ပါဘူး၊ တကယ်အားထုတ်ထားတာလည်း တွေ့ရပါတယ်၊ ဒီလို မလာခင်က ဗီဇာရဖို့ အခက်အခဲ အနည်းငယ်ရှိတာလွဲလို့ ကျန်တာ ကျွန်တော့်အတွက် အခက်အခဲမရှိပါဘူး။

Mr.Bent Skjaerstad
Foreign Affairs Correspondent
**(နော်ဝေနိုင်ငံ)**

ကျွန်တော့်အတွက်တော့ မြန်မာနိုင်ငံကိုရောက်တာအကြိမ်ပေါင်း မနည်းတော့ပါဘူး၊ ဒီတစ်ခါနဲ့ဆိုရင်ဆယ်ကြိမ်ထက် မနည်းတော့ဘူး၊ လာရောက်တဲ့အချိန်တိုင်းမှာ မြန်မာနိုင်ငံက အပြုသဘောဆောင်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို တစ်ကြိမ်ထက်တစ်ကြိမ် ပိုပိုပြီး တွေ့မြင်လာရပါတယ်၊ ဒါဟာ ကောင်းပါတယ်၊ ဒီလို (၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်တာ ဂုဏ်ယူစရာကောင်းပါတယ်။

**တွေ့ဆုံမေးမြန်း - သတင်းအဖွဲ့**



(၁၃)ကြိမ်မြောက် အာရှ-ဥရောပနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပရာ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) တွင် ပြည်တွင်း၊ ပြည်ပ မီဒီယာသမားများ ဤသို့ သတင်းရယူနေကြစဉ်။

# (၁၃)ကြိမ်မြောက် အေဆမ်အစည်းအဝေးသို့ တက်ရောက်သည့် အာရှ-ဥရောပမှ ကိုယ်စားလှယ်များ



Name - Mr. Imtiaz Ahmad
Position - Additional Secretary (ASIA PACIFIC)
Organization - Ministry of Foreign Affairs, Islamabad, Pakistan
Country - Pakistan



Name - Mr. Jonas Bering Liisberg
Position - State Secretary for Foreign Policy
Organization - Ministry of Foreign Affairs
Country - Denmark



Name - H.E. Igor V. Morgulov
Position - Deputy Foreign Minister
Organization - Ministry of Foreign Affairs
Country - Russian Federation



Name - Mr. Darius Skusevicius
Position - Vice - Minister
Organization - Ministry of Foreign Affairs
Country - Lithuania



Name - Dato Sri Reezal Merican Naina Merican
Position - Deputy Minister of Foreign Affairs, Malaysia
Organization - Ministry of Foreign Affairs,Malaysia
Country - Malaysia




Name - Mr. Vaclav Kolaja
Position - Deputy Minister of Foreign Affairs of the Czech Republic
Organization - Ministry of Foreign Affairs of the Czech Republic
Country - Czech Republic



Name - H.E. Lim Sungnam
Position - Vice Minister of Foreign Affairs
Organization - Ministry of Foreign Affairs of the Republic of Korea
Country - Republic of Korea



Name - Mrs. Federica Mogherini
Position - HR / VP
Organization - European Union
Country - European Union



Name - Mr. Loannis Amanatidis
Position - Deputy Minister for Foreign Affairs
Organization - Ministry of Foreign Affairs of the Hellenic Republic
Country - Greece



Name - Mr. Vice Skracic
Position - Assistant Minister
Organization - Ministry of Foreign and European Affairs
Country - Croatia



Name - Mr. Benedetto Della Vedova
Position - Undersecretary of State for Foreign Affairs and International Cooperation
Organization - Ministry of Foreign Affairs and International Cooperation
Country - Italy



Name - H.E. Jose Luis G. Montales
Position - Undersecretary
Organization - Ministry of Foreign Affairs
Country - Philippines



Name - Mr. Peter Christiaan Potman
Position - Director Asia and Oceania Department
Organization - Ministry of Foreign Affairs of the Netherlands
Country - Netherlands



Name - Mr. Marek Magierowski
Position - Undersecretary of State
Organization - Ministry of Foreign Affairs
Country - Poland



Name - H.E. Raushan Yesbulatova
Position - Ambassador Extraordinary and Plenipotentiary
Organization - Embassy of the Republic of Kazakhstan to the Kingdom of Thailand
Country - Kazakhstan



Name - Mr. Marios Kountourides
Position - Ambassador, Head of Asia and Oceania Department
Organization - Ministry of Foreign Affairs
Country - Cyprus



Name - H.E. Andrew Patrick
Position - Ambassador
Organization - The British Embassy, Yangon
Country - UK

(၁၃)ကြိမ်မြောက် အေဆမ်အစည်းအဝေး အချပ်ပိုစာမျက်နှာများကို ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပါသည်။